www.burmeseclassic.com

# လျှို့ဝှက်ကျမ်းစာ

www.burmeseclassic.com

www.burmeseclassic.com



## နိဒါန်း(၁)

အပြင်တွင် ပူကျဲကျဲဖြစ်နေသော နေရောင်များကို လှမ်းကြည့်ကာ သူ စိတ်မသက်မသာ ဖြစ်သွားရသည်။ သူ့ရင်ထဲတွင် ပူပြင်းနေသော နေက ဆယ်စင်းမကရသည့်အလား.....။ မျက်စိရှေ့တွင် သေချာမြင်နေရပါလျက် မယုံမကြည်နိုင်ဖြစ်ခဲ့ရသော ဖိတ်စာတစ်စောင်အတွက် မနက်ကတည်းက အားလုံးနှင့် သဟဇာတမဖြစ်ခဲ့ရသည်။ ဖိတ်စာကြီးတစ်စောင်လုံး မြင်နေပါလျက်နှင့် ဘယ်သူက လာပေးတာလဲ၊ ဘယ်အချိန်က လာပေးတာလဲ၊ ဘာလို့ လက်ခံထားလိုက်တာလဲ၊ ဒါဟာ တကယ့်အဖြစ်အပျက်လား စသဖြင့် မမေးသင့်သော sily questions များနှင့် သူ ခေတ္တခဏ ရှုးသွပ် သွားခဲ့ရသည်။ ရုံးခန်းလေးထဲမှ သူ့အလုပ်သမားများကလည်း သူ့ကို ဂရုဏာသက်စွာ နားလည်တာရော၊ မပြောရဲတာရောကြောင့် အားလုံး မျက်စိမျက်နှာပျက်ကာ ကိုယ့်အလုပ်ကိုယ် ကြိုးလုပ်နေခဲ့ကြ

www.burmeseclassic.com



သည်။ ထိုအခါမှ သူ့ဘာသာသူ အသိဝင်ကာ ခေတ္တရူးသွပ်မှုကို လျှော့ချနိုင်အောင် ကြိုးစားပြီး သူ့ဘာသာသူ ပြန်ဆောက်တည်ကာ အဓိကကျသော တရားခံကို သူ ဆက်သွယ်လိုက်သည်။

ငါးနှစ်တာမျှ အလွတ်ရကာ နှိပ်ခဲ့ဖူးသော တယ်လီဖုန်းနံပါတ်များသည် ခုချိန်မှာ သူ့အတွက် သူစိမ်းဆန်နေသလို.....။ တွေ့ချင်သူနှင့် တိုက်ရိုက်တွေ့ရသော်လည်း လိုချင်သောအဖြေ မရခဲ့....။ သူ အချိန်ကို စောင့်ရပေဦးမည်။

BURMESE CLASSIC

နေက ခေါင်းပေါ်တည့်တည့်လောက်ရောက်ကာ ပူပြင်းလာချိန်ကျမှ မျှော်လင့်နေသော သူက ရောက်လာခဲ့သည်။ ကာလတစ်ခုအထိ ချစ်မြတ်နိုးစွာ ကြည့်ခဲ့ဖူးသော မျက်နှာလေးသည် စိမ်းငွေ့သန်းနေသယောင် ထင်ရသည်။ သူ ဘယ်ကဘယ်လို စ,မေးရမှန်း မသိသလို သူမကလည်း ဘယ်က စကားစရမှန်း မသိ၍လား၊ အပြစ်ရှိ၍လား မသိ။ ငြိမ်သက်စွာ မျက်လွှာချထားသည်။

ချစ်သူနှစ်ဦး ကွဲကွာမှုသည် ဤမျှတော့ အဓိပ္ပါယ်မမဲ့ကောင်းပေ။ ခေါင်းငုံ့ကာချထားသော မျက်လွှာအောက်တွင် မျက်ရည်တစ်ချို့ ရှိနေသင့်ခဲ့သည်ဟု သူထင်သည်။ သို့သော်.....ရှိနေ,မနေ သူ မသေချာသလို ရှိနေခဲ့ လျှင်ကော ဘာအတွက် အသုံးဝင်တော့မှာလဲဟု သူ တွေးနေမိသည်။

သက်ပြင်းပူပူတစ်ခုကို သိသိသာသာ မှုတ်ထုတ်လိုက်သောအခါ သူမ မျက်လွှာပင့်ကြည့်သည်။ သူမ၏မျက်ဝန်းများသည် ပြစ်မှုတစ်စုံတစ်ရာ ကျူးလွန်ထားခဲ့မိ၍ စိုးရိမ်ထိတ်လန့်နေသော မျက်ဝန်းများလား.....။ သူ အဓိပ္ပါယ်မဖော်တတ်ပါ။

အယောင်ယောင်အမှားမှားနှင့် စားပွဲပေါ်က ဖိတ်စာကို သူမရှေ့ တိုးပေးလိုက်သည်။ သူမကလည်း သူမကိုယ်တိုင်ပို့ခဲ့သော ဖိတ်စာကို



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါဖူးမှ မတွေ့ဖူးသောအရာတစ်ခုကို တွေ့ရသလို စူးစူးစိုက်စိုက်ကြည့်နေသည်။ စကားလုံးတစ်လုံးမှ မပါဝင်သေးသော ကွဲကွာခြင်းနာရီသည် သူမအတွက်တော့ မည်သို့ရှိမည် မသိ။ သူ့အတွက်တော့ တစ္ဆေတစ်ကောင်ပမာ.....။ ထို့ကြောင့် စကားလုံးတစ်ချို့ကို သူ ကြိုးစားပြောကြည့်သည်။

"ဒီ...ဒီဖိတ်စာက"

ဆက်စရာစကား မရှိတော့သလို ရပ်တန့်သွား၏။ သေလိုက်စမ်းပါလား.....။ တကယ့်တကယ်ဆို ကိုယ်က အပြစ်ရှိသူ မဟုတ်ဘူးလေ။ ဒါက 'ဘယ်လိုဖြစ်တာလဲ'ဟု ရဲရဲဝံ့ဝံ့ မေးပစ်လိုက်ရမှာ.....။ သူမ စကားလုံးတချို့ကို ရွေးချယ်နေသလို ဆွံ့အနေသေးသည်။ ပြီးမှ.....

"မေမေတို့ စီစဉ်တာပါ"

"ယု သဘောမပါဘူးပေါ့"

"ယု ငြင်းလို့မရဘူး မောင်"

သူ ပြုံးလိုက်သည်။ ပြင်မရသောအရာများသည် နောင်ဘယ်ကာလများထိ တည်မြဲနေဦးမှာလဲ။ သူ့ကို ယုက ခုထိ 'မောင်'တဲ့။ လာမည့် တနင်္ဂနွေနေ့တွင် အခြားယောကျ်ားတစ်ယောက်နှင့် လက်ထပ်တော့မည့် သူက ခုထိ သူ့ကို 'မောင်'လို့ ခေါ်နိုင်သေးလား။ နောက်ထပ် ဘယ်နှနာရီ ဘယ်နှရက် ခေါ်နိုင်ဦးမှာလဲ၊ ပြီးတော့.....သူမ လက်ထပ်မည့်သူကိုကော 'ယု'က ဘယ်လိုခေါ်ဦးမှာလဲ။ နှုတ်ကျိုးနေကျအတိုင်း 'မောင်'ပဲ ဖြစ်နေဦးမှာလား.....။

အတွေးနှင့်အတူ သူ ယောင်ယောင်လေး ပြုံးလိုက်မိသည်။

ဒါသည်ပင် ဒီနေ့အတွက် သူ၏ ပထမဆုံး အောင်မြင်မှုတစ်ခု ဖြစ်သည်။

"သူ့မှာ ကိုယ့်ထက်သာတာ အများကြီးဆိုတာ ကိုယ်သိတယ်"

"အဲဒါ.....ယု"

www.burmeseclassic.com

www.burmeseclassic.com



ယု စကားမဆက်နိုင်။ စောစောတည်းက သူမျှော်လင့်နေသော မျက်ရည်စများကို ခုမှ'ယု'မျက်ဝန်းမှာ တွေ့လိုက်ရသည်။ ဘုရားသခင်....။ ယု သူ့ကို တကယ်ချစ်ခဲ့တာလား.....။

"ဒါပေမဲ့ ကိုယ်မေးချင်တာက....."

ယု ပါးပြင်ပေါ်တွင် သူ အင်မတန်ကြောက်ရွံ့စိုးထိတ်ခဲ့ရဖူးသော မျက်ရည်များ စီးဆင်းလာသည်။ မငိုပါနဲ့ ချစ်သူရယ်။ တကယ်ဆိုရင် တို့တွေ ကွဲကွာမှုဟာ ဒီထက် ပိုလေးနက်သင့်ခဲ့ပါတယ်။ သူ ရင်ထဲက စကားလုံးတွေကို ဖျောက်ကာ မေးခွန်းကို ဆက်လိုက်သည်။

"ယု ရင်ထဲမှာ ကိုယ်နဲ့ အဲဒီလူ ဘယ်သူကသာလဲ၊ ဒါပဲသိချင်ပါတယ်"

ယု ရှိုက်ကြီးတငင်ငိုချေပြီ.....။ အမှန်တကယ်က သူမဘာတွေ စီစဉ်နေကတည်းက သူမ ထိုကဲ့သို့ ရှိုက်ကြီးတငင် ငိုပြခဲ့ဖို့ကောင်းသည်။ ဒါမှမဟုတ် သူ့ဆီ လာငိုပြခဲ့ဖို့ ကောင်းသည်။ ထိုသို့ဖြစ်ခဲ့လျှင်ကော..... ခုချိန်မှာ ဖြေသာမည်တဲ့လား။ သိပ်တော့ မသေချာပါ။ သေချာတာကတော့ လူများသည် ရှုသွပ်မှု၏နောက်ကွယ်မှ ကြိုးကို ဘယ်သူမှ ထိန်းမရနိုင်သေးခြင်းပင်.....။

ယု၏မျက်ရည်သည်ပင် အဖြေလား.....။

ဒါဆို သူ ဘယ်လို အဓိပ္ပါယ်ကောက်လိုက်ရမှာလဲ.....။

မသေချာသော ထင်ယောင်ထင်မှား အဓိပ္ပါယ်များကို စိတ်ဖြေသာရာအတွက်သော်လည်းကောင်း၊ စိတ်နာစရာအတွက်သော်လည်းကောင်း၊ သူ မကောက်ယူချင်ပါ။

"ယု"

ယုက မော့ကြည့်၏။ မျက်ရည်များ စိုစွတ်နေသော မျက်ဝန်းများသည် သူ့အတွက် တစ်စုံတစ်ရာသော မျှော်လင့်ချက်လား.....။



www.burmeseclassic.com

www.burmeseclassic.com



"ခု.....အချိန်ရသေးတယ်"

"ရှင်.....ဘာကိုဆိုလိုတာလဲ မောင်"

သူမက ထိတ်ထိတ်ပျာပျာ မေးသည်။ သူ ဆိုလိုချင်တာကို အားလုံးမဟုတ်တောင် တစ်စွန်းတစ်စတော့ ရိပ်မိသွားပုံရသည်။

"ခုချိန်မှာ ပြင်လို့ရသေးတယ် ယု၊ ကိုယ့်အတွက် စွန့်လွှတ်ရဲလား"

ယုက သူ့ကို တအံ့တသြငေးကြည့်ကာ ခေါင်းကို အသာခါ၏။

"ယုတို့ မိုက်လို့မရဘူး မောင်"

"ကိုယ် မိုက်ခိုင်းနေတာ မဟုတ်ဘူး ယု၊ ယုကို ရွေးချယ်ခိုင်းနေတာ....."

"ဟင့်အင်း.....ယု ဘာမှမလုပ်ရဲဘူး"

ယုက ပြောရင်း မျက်ရည်များ ပြန်ကျလာသည်။

တကယ်တော့ ဒီအချိန်ကျမှ အားလုံးကို အရှက်တကွဲ အကျိုးနည်းစေသော လုပ်ရပ်များကို သူကိုယ်တိုင်လည်း မတောင်းဆိုချင်ပါ။ အားလုံးသည် လွန်ခဲ့ပြီပဲ။ နောက်ဆုံးဟု သူသတ်မှတ်ထားသော ဆေးတစ်ခွက်ကပင် ရက်လွန်ဆေးတစ်ခွက် ဖြစ်သွားခဲ့ပြီ၊ သူတို့သည် ကံကြမ္မာကိုသော်လည်းကောင်း၊ စားပွဲပေါ်က ဖိတ်စာလေးကိုသော်လည်းကောင်း ပြင်ခွင့်မရှိကြတော့တာ သေချာသွားသည်။

"ဒါဆို ယု သွားလို့ရပြီ"

"ရှင်"

ယုက သူ့ကိုမော့ကြည့်၏။

"ယု ပြန်လို့ရပြီလို့"

အခြေအနေကို နားလည်သွားဟန်နှင့် ယု ထိုင်ရာမှထသည်။ ပြီး....ပိုက်ဆံအိတ်သေးသေးလေးထဲမှ သူ ပေးခဲ့ဖူးသော လက်စွပ်ကလေး


www.burmeseclassic.com

www.burmeseclassic.com



ကို ထုတ်ပေးသည်။ ထိုအခါကျမှ ယုလက်ကို သတိထားကြည့်လိုက်မိ၏။ ယု လက်တွင် တစ်ချိန်က သူပေးခဲ့သော နီလာလက်စွပ်ကလေး မရှိတော့ဘဲ ဝင်းလက်တောက်ပနေသော စိန်လက်စွပ်တစ်ကွင်းက နေရာယူထားသည်။ လက်ထပ်လက်စွပ်လည်း ဖြစ်နေနိုင်သည်ပဲ.....။

သူ အလုပ်ကိစ္စနှင့် ခရီးထွက်ခဲ့သော ရက်သတ္တပတ်သည် ထိုအပြောင်းအလဲများအတွက် လုံလောက်သော အချိန်လား။ ဒါမှမဟုတ် အရင် အရင်ကတည်းက သူပင် မသိလိုက်ရဘဲ ပြောင်းလဲသွားခဲ့တာလား....။

လက်စွပ်ကို သူ အသာလှမ်းယူလိုက်သည်။

မသိမသာလည်း ပြုံးလိုက်မိသလား မသိ။ ကိုယ့်ကိုယ်ကို အောင်နိုင်သွားသော အပြုံးမဟုတ်သေးတာတော့ သေချာသည်။ အံ့ဩွဲ့ထဲဖြစ်သလို ပစ်သွင်းလိုက်တာကိုတော့ ယု မြင်သွားမှာ သေချာပါသည်။

ယု၏ ခြေသံဖျော့ဖျော့များ ဝေးလွင့်ပျောက်ဆုံးသွားတော့သည်။

တစ်ရုံးလုံးလည်း အပ်ကျသံမျှပင် မကြားရလောက်အောင် တိတ်ဆိတ်နေကြသည်။

သီချင်းတစ်ပုဒ်ပြီးဆုံးသွားတိုင်း လောကသည် ဒီလိုပဲရှိတတ်သလား.....။ ဒီလိုပဲ တိတ်ဆိတ်နေတတ်သလား.....။ ဒီလိုပဲ ပုံစံမပျက်ကွဲကြေနေတတ်သလား.....။ လူတို့၏ထုံးစံအတိုင်း ပြီးဆုံးသွားခဲ့ပြီဖြစ်သော အရာတစ်ခုကို မယုံနိုင်လောက်အောင် သူ ငေးကြည့်နေမိသည်။ ကံကြမ္မာသည် ပျော့ညံ့လွန်းတာကတော့ သေချာသည်။

တိတ်ဆိတ်ခြင်းကို သည်းမခံနိုင်တော့သည့်အဆုံး သူ ကားသော့ကိုဆွဲကာ ထိုင်ရာမှ ထလိုက်သည်။ ကားဒရိုင်ဘာလေးက သော့လှမ်းတောင်းသော်လည်း သူ မပေးမိ။

"ငါဘာသာ ငါမောင်းမယ်"

"ကျွန်တော်..."



www.burmeseclassic.com

www.burmeseclassic.com



"မင်း နေခဲ့။ နေရီ..."

နေရီ ရောက်လာသည်။ နေရီသည် သူ့ညီမဝမ်းကွဲလည်း ဖြစ် သည်။

"ငါ မပြန်လာရင် ညနေ နှင် ရုံးခန်းပိတ်ခဲ့....."

"ဟုတ်....."

ဟုတ်ဟုသာဆိုသော်လည်း နေရီက သူ့ကို စိတ်မချသလို ကြည့်တာကို မြင်လိုက်ရသည်။ အားလုံး၏ သနားစရာ သတ္တဝါတစ်ကောင် လို ဝိုင်းကရုဏာသက်နေသောအကြည့်များကို သူ မခံနိုင်တော့ပါ။ အားလုံးကို လစ်လျူရှုကာ သူ ထွက်ခဲ့လိုက်သည်။ အပြင်တွင် နေက အစွမ်းကုန် ပူပြင်းနေဆဲ.....။

"'ရင်ထဲက..... 'နွေ'ကို ငြိမ်းသတ်ဖို့.....
ငါတို့.....တစ်ခုခုလုပ်မှဖြစ်မယ်။
ခက်တာက.....
အဲဒီတစ်ခုဟာ.....ဘာမှန်း ခုထိ မသိသေးတာပါဲ'"

●●●



www.burmeseclassic.com

www.burmeseclassic.com



# နိဒါန်း(၂)

တေးသွား၏ ညှို့ငင်ခေါ်ဆောင်ရာနောက် စီးမျောလိုက်ပါနေမိဆဲမှာပဲ တယ်လီဖုန်းသံက ဝင်လာသဖြင့် သူမ စိတ်တိုသွားရသည်။ ကက်ဆက်ကိုလှမ်းပိတ်လိုက်ရင်း တယ်လီဖုန်းကိုလည်း ကောက်ကိုင်လိုက်သည်။

"ဟဲလို"

"..........."

"ဟာ.....ကိုကိုလား"

သူမ အသံကမြူးသွားသည်။ မကျေမနပ်သံလည်း မဟုတ်တော့။ စောစောက စီးမျောသွားသော Kitaro ၏ ဂီတကိုလည်း မေ့သွားသည်။ ကိုကိုသည် သူမ၏ ဂီတဖြစ်၏။ ဖုန်းကိုပြန်ချပြီး သူမ အပြင်ထွက်ရန် ပြင်ဆင်နေရင်း စဉ်းစားမိသည်။ တကယ့်တကယ်က ဒီနေ့ ကိုကိုနှင့် သူမ တွေ့ဖို့မရှိ။ ခုကျကာမှ 'ခုချက်ချင်းထွက်လာခဲ့ပါ' ဆိုတော့ သူမ



www.burmeseclassic.com

www.burmeseclassic.com



နားမလည်နိုင်တာ မဆန်း။ တစ်ခါတစ်ခါတော့လည်း ကိုကိုသည် နားလည်ရခက်တတ်သည်။ နေ့လည်တစ်နေ့လည်လုံး ပျောက်နေပြီး ညကျမှ အိမ်ရှေ့မှာ တစ်ညလုံး လာထိုင်နေတတ်တာမျိုး.....။ တစ်ခါ တစ်လေကျ အပြင်မှာတွေ့လို့ရပါလျက် တစ်နေ့လည်လုံး အိမ်မှ ဖုန်းတစ်လုံးနှင့် စကားပြောနေတတ်တာမျိုး သူ ခံစားရသလို သူလုပ်တတ်သောသူ ဖြစ်သည်။

ခုလည်း ကြည့်လေ.....။

အလင်းငွေ့ငွေ့တွေကို သူမ ရှူရှိုက်ပစ်လိုက်ပြီး အိမ်မှ ပေါ့ပါးစွာ ထွက်လာခဲ့လိုက်သည်။

ရန်ကင်းစင်တာ၏ Cafe' Aromaသည် အလယ်ထပ် ဝင်ဝင်ချင်းမှာမို့ ကိုကို့ကို သိပ်ရှာရမှာမဟုတ်။ သူမက လူကြားသူကြားထဲ သိပ်မသွားတတ်တာ အဲဒီလိုဆိုင်တွေထဲကို တစ်ယောက်တည်း ပင်မလာတတ်တာ ကိုကို မသိတာမှ မဟုတ်ဘဲ.....။

ငှားလာသောကားက သူမကို ရန်ကင်းစင်တာတည့်တည့်တွင် ချပေး၏။

သူမ Cafe' Aroma ရှိရာကို လှမ်းမျှော်ကြည့်လိုက်တော့ ကိုကို့ကို အဆင်သင့် တွေ့ရ၏။

"ကိုကို"

ကိုကိုက သူမကို မထူးပါ။ ထိုင်ခုံဆွဲပေးကာ အသာဝင် ထိုင်နိုင်း၏။

ကိုကို့ကြည့်ရတာ သိပ်တော့ ပုံမှန်မဟုတ်သလို.....။ ဘာတွေများ အဆန်းထွင်နေပြန်သလဲဟု တွေးမိကာ.....

"ကိုကို ဘာတွေဖြစ်နေတာလဲ"

ကိုကိုက ခေါင်းကိုသာ အသာခါ၏။ ပြီး.....သူမကို သူမသောက်



www.burmeseclassic.com

www.burmeseclassic.com



နေကျ ကပါချီနိုကော်ဖီတစ်ခွက် မှာပေး၏။ ခုချိန်မှာ သူမ ကပါချီနို မသောက်ချင်ပါ။ သို့သော် မငြင်းမိ။

"ဒီနေ့ မအားဘူးဆို"

"အင်း..."

"ဒါဆို ဘာလို့လှမ်းခေါ်တာလဲ"

"ကိစ္စရှိလို့"

"ကိစ္စရှိလို့ ဟုတ်လား"

သူမ တအံ့တသြ သံယောင်လိုက်ဖြစ်၏။ ကိုကို့မှာ ဘာအရေးတကြီးကိစ္စတွေများရှိလို့ မအားတဲ့ကြားက သူမကို လှမ်းခေါ်ရတာလဲ....။ ခေါ်ပြီး တော့ကော သူမ ဘာတတ်နိုင်မှာမို့လဲ.....။ ဒါမှမဟုတ် သူမ တတ်နိုင်သော အရာမို့လို့လား.....။ သူမ အတွေးများနှင့် ချာချာလည်သွားသည်။ ကိုကို့ထံမှ ဘာစကားမှ ထွက်မလာသေး.....။

ထိုစဉ်.....

"ကိုမောင်"

ကောင်မလေးတစ်ယောက် အနားရောက်လာကာ ကိုကို့ကို ချွဲချွဲနွဲ့နွဲ့ကလေး ခေါ်လိုက်ခြင်းဖြစ်သည်။

"ဟာ.....စိမ့်"

ကိုကို့မျက်နှာ အတော်ဖြူရော်အေးစိမ့်သွားတာကို သူမ သတိထားလိုက်မိသည်။ ဘာတွေလဲ....။ ဘာဖြစ်တာလဲ....။ ဘာဖြစ်လို့လဲ....။

"ကိုမောင် ဈေးလာဝယ်တာလား"

"ဟင့်အင်း.....ဒီမှာ ချိန်းထားတာတွေရှိလို့"

ချိန်းထားတာတွေ.....ဟုဆိုကာ သူမဘက် ညွှန်ပြ၏။ အဖွဲ့ကြီးဘက် ကြည့်... က တခြားလူတွေကိုပဲ စောင့်နေကြသလို.....။

"ဟုတ်လား၊ စိမ့်က လိုတာလေးတွေ လာဝယ်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဪ.....အင်း ဟုတ်လား"

"ဒီမှာ ဘော်ဒါတွေပါလို့ ခရီးဆက်လိုက်ဦးမယ် ကိုမောင်၊ ညကျ မှ ဖုန်းဆက်လိုက်တော့မယ် bye....."

bye.....ဟုဆိုကာ fly kiss ပင် ပေးသွားလိုက်သေးသည်။ မြတ်စွာဘုရား.....။ ဒါ ဒီခေတ်ကောင်မလေးတွေရဲ့စတိုင်လ်လား.....။ သူမလည်း ဒီခေတ်ကောင်မလေးပါပဲ.....။ ဘာတွေကွာနေမှန်း မသိတာ ကတော့ သေချာသည်။

"ကိုကို"

"အင်း...,..အဲ"

ထူးထူးဆန်းဆန်း ကိုကိုက အင်း.....အဲ ဖြစ်ကာ ကြောင်အနေ ၏။

"အဲဒါ ဘယ်သူလဲ"

"သူလား..."

'သူလား' ဟုဆိုကာ စကားကိုရပ်ထား၏။ ပြီးမှ.....စိတ်မသက် မသာဟန်ဖြင့်.....

"သူ့နာမည်က 'စိမ့်' တဲ့"

"အင်းလေ...ဒါကကြားနေရတာပဲ၊ ဘယ်ကလဲ မေးတာ၊ ကိုကို့ကို 'ကိုမောင်' လို့ ဘာလို့ခေါ်တာလဲ"

ကိုကို ခေါင်းကို လက်နှစ်ဖက်နှင့် ထိုးဖွလိုက်သည်။ ဒါက ကိုကို၏ 'စိတ်ရှုပ်ပြီ' ဆိုသော သင်္ကေတ.....။

"ကို အဲဒါပြောမလို့ ခေါ်တာ"

"ဘယ်လို"

"ကို သူ့အကြောင်းပြောမလို့ ခေါ်တာ၊ အဲဒါ တိုက်တိုက်ဆိုင်ဆိုင် ကွာ၊ သူနဲ့မှ လာတိုးနေတယ်"



www.burmeseclassic.com

www.burmeseclassic.com



သူမ ဘာကိုမှ နားမလည်နိုင်တော့.....။

ဘာမှ ဆက်မတွေးတော့ဘဲ ကိုကို့စကားအဆက်ကိုသာ စောင့်နေလိုက်သည်။

"အဲဒီ 'စိမ့်'ဆိုတာ ကိုကိုနဲ့ လက်ထပ်ရတော့မယ့်သူ....."

"ဘာ"

သူမအသံက ကျယ်လောင်သွားရမည့်အစား အံ့ဆိုင်း အားပျော့သွားရသည်။ မဖြစ်နိုင်တာဘဲ.....။ ကိုကို့ချစ်သူက သူမလေ.....။ သူမသာ ကိုကို လက်ထပ်ရမယ့်သူ ဖြစ်ရမှာပေါ့.....။

"ဟုတ်တယ်၊ စိမ့်ကလေးနဲ့ ကိုကိုက ငယ်ငယ်လေးတည်းက မိဘချင်း သဘောတူထားခဲ့တာ၊ စိမ့်တို့က နိုင်ငံခြားမှာ သွားနေနေတာလေ၊ ဒီတော့ ကိုက ကိစ္စပြီးပြီ ထင်ခဲ့တာ.....၊ ခုမှ စိမ့်က ကိုယ့်ကို မခွဲနိုင်လို့ဆိုပြီး ပြန်လာတာ....."

"ဘုရားရေ.....ဒါဆို ကိုကိုတို့ချင်းလည်း ချစ်ခဲ့ကြတယ်ပေါ့"

"အရင်က ချစ်ခဲ့ကြဖူးတယ်"

သူမနှင့် ချစ်တာကိုလည်း တစ်ချိန်ကျ 'အရင်က ချစ်ခဲ့ကြဖူးတယ်' လို့ ပြောလို့ ရနိုင်သည်ပဲ။ သူမကကော ကိုကို့ကို မခွဲနိုင်ဘူးလို့ ပြောခွင့်မရှိဘူးလား.....။ ရင်ထဲက ဆို့တက်လာမှုများက မျက်ရည်ပင် ဖြစ်ခွင့်မပေးတော့။ မျက်ရည်ကျပြပြီးလည်း ကိုယ့်အရှုံးကိုယ် သက်သေမထူချင်ပါဘူး။

ဘာကိုမှ ထပ်မေးစရာမလိုလောက်အောင် ရှင်းလင်းသွားခဲ့ပြီမို့ သူမ တွေတွေလေး ငြိမ်သက်နေမိသည်။ မျက်ရည်တစ်စက်မကျသည်က လွဲလျှင် တစ်လောကလုံးက မီးဟုန်းဟုန်းတောက်လို့.....။ ဒီမီးတောက်တွေကို ငြိမ်းသတ်နိုင်မည့် မေတ္တာတရားကလည်း မရှိတော့။ ဘယ်အထိ တောက်လောင်နေမလဲ သူမ မသိနိုင်။

"ချစ်"

www.burmeseclassic.com

www.burmeseclassic.com



သူမ မျက်ဝန်းများကိုဝင့်ကြည့်ကာ ပြုံးလိုက်မိသည်။ ဘာဖြစ်လို့များ ခုထိ 'ချစ်'လို့ခေါ်နေနိုင်သေးတာလဲဟု သူမ ကလေးဆန်စွာ မမေးချင်တော့ပါ။ အတတ်နိုင်ဆုံးကတော့ ဟန်ညှိငြိမ်အောင် ဆောက်တည်ရပေမည်။

"ပြောလေ"

"ကိုကို့ကို ခွင့်လွှတ်ပါ"

တောင်းပန်တိုးလျှိုးသံကပင် ခုထိ ယုံချင်စရာကောင်းနေသေးသည်။ ဘယ်မှာ တည်ငြိမ်နိုင်သေးလို့လဲ.....။ ကိုယ့်ဘာသာကိုယ် ဆဲရေးပစ်လိုက်ရင်း မျက်စိကို စုံမှိတ်ကာ ခေါင်းခါပြလိုက်သည်။

"မလိုပါဘူး၊ မလိုအပ်ပါဘူး၊ ဘာမှ မလိုအပ်တော့ဘူး"

"ဘာကိုဆိုလိုတာလဲ ချစ်"

ကျေးဇူးပြုပြီး အဲဒီ'ချစ်'ဆိုတဲ့ လက်နက်ကို မသုံးပါနဲ့တော့.....။ ဒီတိုက်ပွဲမှာ ကိုယ်က စစ်ရှုံးသူပါဟု ရင်ထဲက တိုးတိုးကလေး ပြောနေမိသည်။ နှုတ်ကတော့.....

"ခွင့်လွှတ်နိုင်းစရာ မလိုဘူးလို့ ဆိုလိုတာပါ"

"ပြောသာပြောရတာ ခွင့်လွှတ်နိုင်စရာ အကြောင်းမရှိတာ ကိုကို သိပါတယ်၊ ဒါပေမဲ့....."

သူမ လက်ကာပြလိုက်သဖြင့် ကိုကို့စကားများ ရပ်သွားရသည်။

"ရတယ်၊ ဘာမှ ရှင်းပြစရာမလိုအောင် နားလည်သွားပြီမို့ ဘာမှ ဆက်မပြောပါနဲ့တော့"

"ကိုကို ချစ်ကို ချစ်ခဲ့တာကတော့ တကယ်ပါ"

ကလေးဆန်စွာ 'စိမ့်ကို မေ့တာပဲရှိတယ် မဟုတ်လား'ဟု ခနဲ့စကားကိုပင် မဆိုဖြစ်နိုင်တော့လောက်အောင် သူမ ပြန်လည်ပျော်ဝင်နိုင်သွားမိတာမို့ ကိုယ့်ဘာသာကိုယ်ပဲ မကျေမနပ်ဖြစ်ရတော့သည်။

"ရပြီလေ၊ ကိုကို ပြန်လို့ရပြီ"



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကိုယ်ကို စိတ်မချနိုင်စွာ သူမ ကိုကိုကို အရင်နှင်လိုက်ရ သည်။ ကိုကိုက မယုံနိုင်သလိုကြည့်ကာ.....

"ကားမပါဘူး မဟုတ်လား၊ ပြန်ပို့ပါ့မယ်"

"ရတယ်...ကိစ္စမရှိဘူး၊ အိမ်ကို ဖုန်းလှမ်းဆက်ပြီး ကားမှာလိုက် မယ်"

"ဖြစ်ရဲ့လား ချစ်"

"ဖြစ်တယ်"

နောက်ဆုံးအနေနှင့် ပုံအောပေးနေသော ဂရုစိုက်မှုအတက် သူမ အသက်ပင် ရဲရဲမရှူနိုင်လောက်အောင်၊ သတိလက်လွတ်ဖြစ် မသွားအောင်၊ ကိုယ့်ကိုယ်ကို ဆောက်တည်နေရ၏။ ကျောခိုင်းသွားသော နောက်ဆုံးမြင်ကွင်းသည် သူမအတွက်တော့ အနိဋ္ဌာရုံပင်.....။ အပြင်တွင် တော့ နေများ ကျဲကျဲတောက် ပူပြင်းတောက်လောင်နေလေသည်။

"ကံကြမ္မာရေ.....
ကြိုးဝိုင်းထဲမှာသာဆို.....
မင်းကို အလဲထိုးတယ်.....။
ခုတော့....."

❋❋❋



www.burmeseclassic.com

www.burmeseclassic.com



## (၁)

ကားထဲတွင် မျိုးကျော့မြိုင်၏ 'ကားတိုက်မိခြင်း'ဆိုသော သီချင်းက ဆူညံစွာ ထွက်ပေါ်နေသည်။ 'ဘာထူးလဲ'။ ကျွန်တော်လည်း ဒီနေ့ ကားတိုက်ခံလိုက်ရတာပဲပေါ့။ မသိလို့ မရှောင်လိုက်နိုင်ပေမယ့် သိခဲ့ရင်ကော ရှောင်နိုင်မှာလားလို့ ကျွန်တော့်ဘာသာ ကျွန်တော် မေးခွန်းထုတ်နေမိသည်။ ကျနေ၏ ခပ်ဖျော့ဖျော့ မာန်ကျသွားသော နေရောင်ခြည်သည် ခုတော့လည်း မခို့တရို့နှင့် ဟန်ရေးပြကာ ထွက်ခွာစပြုနေပြီ.....။ ရုံးက ထွက်လာကတည်းက တောက်လျှောက်မောင်းနေလိုက်တာ လှိုင်သာယာလည်းကျော်သွားပြီ၊ Toll gate ကိုလည်း ကျော်ပြီးသွားပြီ။ မရောက်ဖူးသော လမ်းပင်မရှိတော့ဟု ကိုယ့်ဘာသာကိုယ် ထင်နေမိသည်။ ကားပ်ရှိနှင့် လီဗာကို တစ်လှည့်စီနင်းနေရသော ခြေထောက်များပင် ညောင်းချိလာသလိုလို.....။



www.burmeseclassic.com

www.burmeseclassic.com



"ယု"

'ယု'သည် ကျွန်တော့်အတွက် ခုချိန်မှာ အန္တရာယ်သေးသေးလေး ဖြစ်သည်။ တစ်ချက်လေးအာရုံမှားသည်နှင့် 'ယု'က ကျွန်တော့်ကို အတိတ်ကို ပြန်ပြန်သယ်သွားတတ်၍ ဖြစ်သည်။

"ဒုန်း.....ကျွိ"

တိုက်ပြီ.....။ မသေချာသလို ကားပေါ်က ကက်ဆက်ကို လှမ်းပိတ်လိုက်မိသေး၏။ 'ကားတိုက်မိခြင်း'သီချင်းကဖြင့် ပြီးသွားတာ ကြာပြီ။ တိုက်မိတာမှ ကြီးကြီးကျယ်ကျယ်ကို တိုက်မိခြင်းဖြစ်သည်။ စတီယာရင်နှင့် ဆောင့်မိသောရင်ဘတ်မှ အောင့်လာသည်။ တစ်ဖက်ကားကို လှမ်းကြည့်တော့.....

"မြတ်စွာဘုရား"

စတီယာရင်ပေါ်မှောက်နေသော ကောင်မလေးတစ်ယောက်.....။ အကုသိုလ်ကတော့ မနက်တည်းက ကျွန်တော့်ထံ တစ်ခွေလုံးတစ်မျိုးလုံး မချလာတာ ဖြစ်နိုင်သည်။ ဒါ အကုန်တောင် မဟုတ်လောက်သေး.....။

ကပျာကယာ ကားပေါ်မှဆင်းကာ တစ်ဖက်ကားသို့ ပြေးရ၏။ တိုက်မိသော ကားနှစ်စင်းလုံးခေါင်းများ ကြေမွနေကြသည်။ မှန်ကတော့ ဘာမှမဖြစ်။ ကျွန်တော်ပဲ စိတ်ကူးနှင့်မို့ မှားလား၊ သူပဲမှားလား ကျွန်တော်မသိ။ လူခြေကလည်းပြတ်၊ ပုလိပ်ကလည်း မရှိတာမို့ တော်တော့သည်။ ဆိုက္ကားတစ်စင်းကတော့ ကျွန်တော့်ကို စောင့်ကြည့်သလိုနှင့် ရပ်ကြည့်နေ၏။

"ဟော့.....ဟော့"

တစ်ဖက်ကားနားရောက်၍ ခေါ်လိုက်တော့ ထင်မှတ်မထားပါဘဲ ကောင်မလေးက ခေါင်းမော့လာသည်။

"မင်း ဘာမှ မဖြစ်ပါဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်ဘူး"

ကောင်မလေးက ရှုံ့မဲ့မဲ့လေး ဖြေ၏။ သူ့ပင် ရင်ဘတ်ထဲက အောင့်တောင့်တောင့်ဖြစ်နေလျှင် ကောင်မလေးလည်း ဒီလောက်တော့ ဖြစ်လောက်သည်။ သို့သော်.....သူက ဘာမှမဖြစ်ဘူးဆိုတော့ ဘာမှ မဖြစ်ဘူးပေါ့.....။

"ကားကတော့ ခေါင်းနှစ်ခုလုံး တော်တော်ထိထားတယ်"

"ရှင် မှားတာလား၊ ကျွန်မ မှားတာလား"

"ကျွန်တော်လည်းမသိဘူး"

"ကောင်းသားပဲ"

သူမ၏ 'ကောင်းသားပဲ'က ရွဲ့သံမပါပါ။ ပကတိ ရိုးစင်းသော အသံဖြစ်တာ သေချာသည်။

"ဒီတော့ မင်း ဘာဖြစ်ချင်လဲ"

တာဝန်အရ ကျွန်တော်ကမေးတော့ သူမက.....

"ဘာမှမဖြစ်ချင်ဘူး"

မသိလျှင်တော့ ဖြေပုံက ကိုင်ဆောင့်ချင်စရာလေး။ သို့သော် သူမအသံက စောစောကပြောခဲ့သလို ခနဲ့သံ ရွဲ့သံမပါ။ ပကတိအသံး စိတ်ပျက်အားလျော့နေပုံတော့ နည်းနည်းစွက်သည်။

"အတော်ပဲ၊ ကျွန်တော်လည်း စိတ်ညစ်လာတာ၊ ဘယ်သူမှား မှန်း မသိတဲ့တူတူ....."

ကျွန်တော်က စကားကိုဖြတ်ရပ်ကာ ကောင်မလေးကိုကြည့်တော့ ကောင်မလေးက ကျွန်တော့်ကို ပြန်မော့ကြည့်သည်။ ထို့ကြောင့် စကားကို ဆက်လိုက်၏။

"ခင်ဗျားလည်း ခင်ဗျားကား ခင်ဗျားပြင်၊ ကျွန်တော်လည်း ကျွန်တော့်ကား ကျွန်တော်ပြင်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းတယ်"

ပြတ်သားပါပေ့။ 'ကောင်းတယ်'ဟုဆိုကာ ချက်ချင်း ကားစက်ကို နှိုးကာ နောက်ဆုတ်၏။ ကျွန်တော်က 'ဟေ့'ဟုခေါ်သော်လည်း လှည့်မကြည့်တော့...,။

ထို့ကြောင့် ကားဆီပဲ ပြန်လှည့်လာခဲ့လိုက်သည်။ ကားဘေးမှာက ဆိုက္ကားဆရာ.....။

"အစ်ကို.....အစ်ကို ဘာပြောသွားလို့လဲ"

"ဘာမှမပြောပါဘူး"

"လျော်မသွားဘူးလား"

"ဟင့်အင်း"

"အင်း...လေ လျော်ရအောင်ကလည်း နှစ်ယောက်လုံး မှားတာကိုး"

အရေးထဲ ကိုရွှေမိကျောင်းသားက လျှာလာရှည်နေသည်မို့ ကျွန်တော် ကားကို စက်နှိုးကာ စောစောက ကောင်မလေး လမ်းစဉ်လိုက်ကာ ထွက်ခဲ့လိုက်တော့သည်။

သီဟာ၏ လက်ဖက်ရည်ဆိုင်ရောက်တော့ သီဟာ တအံ့တဩနှင့် ထွက်လာသည်။

"ဘာဖြစ်လာတာလဲ"

"အကုန်ဖြစ်လာတယ်"

"ဗုဒ္ဓေါ"

သီဟာ ဘုရားတ၏။ ပြီး.....ကားကို လှည့်ပတ်ကြည့်ရင်း ခေါင်းခါ၏။

"အတော်ပဲ၊ မင်းပဲ ကားကို အရောင်ပြောင်းချင်နေတာဆို၊ အကောင်းဘက်က တွေးစမ်းပါ၊ မင်း လျော်ကြေးရခဲ့ရဲ့လား"

"ဟင့်အင်း"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်...ဒါဆို မင်းတိုက်ခဲ့တာပေါ့"

"အဲလိုလည်း မဟုတ်ဘူး"

သီဟကို ဖြစ်ကြောင်းကုန်စင် ရှင်းပြရသေး၏။ ပြီး.....နောက်လူတွေကို သူပဲ တာဝန်ယူရှင်းပြပေးပါဟုလည်း မှာရသေး၏။ ကျွန်တော်က လူကောစိတ်ပါ တိုက်ပွဲကျနေခဲ့ပြီလေ.....။

သီဟက ဘုမသိဘမသိ တစ်နေကုန် ဘာမှမစားထားသော ကျွန်တော့်ကို ထုံးစံအတိုင်း လက်ဖက်ရည်မှာပေး၏။

"မုန့်ပါချခိုင်း၊ ငါ ဘာမှမစားရသေးဘူး"

"ညနေစာ မစားရသေးဘူးလား၊ စားလေ.....ငါ စီစဉ်လိုက်မယ်"

"ဟင့်အင်း...မုန့်ပဲချပါ"

"ရတယ်၊ ငါလည်း မစားရသေးဘူး"

မနက်စာရော ညစာရော မစားရသေးတာမို့ကော ခုလောက်ထိ ဖြစ်ဖို့မသင့်ဘူးဟု ကိုယ့်ကိုယ်ကို ဆုံးမမိ၍ကော သီဟ၏စကားကို ဆက်မငြင်းတော့။ ထမင်းကို စိတ်မပါ လက်မပါ ဝင်စားဖြစ်သွားသည်။

"မင်းက ဖြစ်တာလဲ၊ ထည့်စားပါကွ"

"စားပါတယ်"

"ရော့.....ထည့်၊ ဘာလဲ၊ ယု ချက်တဲ့ဟင်း မဟုတ်လို့လား၊ ယုတော့ မဟုတ်ဘူးပေါ့၊ ဒီဟင်းချက်တာ 'ဘု'တဲ့ ဟား ဟား.....ဟိုတက်နားက ဆိုင်က ဒေါ်ဘုမလေ"

သီဟက သူ့ဘာသာသူပြော သူ့ဘာသာသူရယ်၏။ ကျွန်တော် လိုက်မရယ်မိ။ 'ယု'ဟူသော နာမည်က ကျွန်တော့်အာရုံကြောများကို ဖျက်ဆီးပစ်လိုက်တာ ထမင်းပင် ဆက်ဝါး၍ မရတော့။

"ဟော့ကောင်"

"..........."

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် လူကြီးမင်း"

သီဟာ မျက်နှာရှေ့သို့ လက်လာကာမှ အသိဝင်ကာ.....

"ဘာလဲကွ၊ အလန့်တကြား"

"ဟင် ဖြစ်နေတာက မင်းလေ၊ ကြက်သေ,သေနေသလိုပဲ၊ လန့်ရ မှာက ငါကွ"

ကျွန်တော် ဘာမှပြန်မပြောတော့ဘဲ ထမင်းကို တက်တက်ကြွကြွ ဟန်နှင့် ဆက်စားရန်ပြင်လိုက်ရသည်။ သဘောက မေးခွန်းတွေကို တားဆီးလိုက်ခြင်းပင်။ သို့သော်.....မရပါ။ သီဟာ မေးခွန်းက ထွက်လာ၏။

"မင်း တစ်ခုခုမှားနေသလိုပဲ၊ ဘာဖြစ်တာလဲ"

"တစ်ခုခုမှားနေတယ် ဟုတ်လား၊ ဘယ်ကလာ၊ တစ်ခုမှမမှန်တာ"

ကျွန်တော့်စကားအဆုံးမှာ ကျွန်တော်က ဟက်ခနဲရယ်ရန် ကြိုးစားသော်လည်း သီဟာက မရယ်၊ ကျွန်တော့်ကိုသာ စူးစမ်းကြည့်နေ၏။ ယောက်ျားချင်းပင် ကျောချမ်းချင်လောက်သော သီဟာ၏အကြည့်စူးစူး ကို ကျွန်တော် မခံချင်တော့.....။ တမင်လုပ်နေမှန်းသိတော့ ပိုဆိုးသည်။

"အိုကေ"

ကျွန်တော် စစ်ပြေငြိမ်းလိုက်သည်။ တိုက်ပွဲကျမှာထက်စာလျှင် စောစောစီးစီး စစ်ပြေငြိမ်းလိုက်တာက ပိုပြီး အဆင်ပြေပါလိမ့်မည်။

"ဒါဆိုပြော"

သီဟာက ခုမှ ထမင်းကို ပြန်ဆက်စားကာ စိတ်ချလက်ချနှင့် ကျွန်တော့်စကားသံကို နားစွင့်ရင်း ထမင်း၏အရသာကို ခံနေသည်။ အင်း အရသာတော့ ပျက်တော့မှာပဲ။ မတတ်နိုင်ဘူးလေ။ ဒါ သူ့ ာင်းဆိုတာပဲ။ ကျွန်တော် အတင်းပြောတာမှ မဟုတ်တာ.....။

"ယု"

ကျွန်တော် စကားဆက်မရတော့ သီဟာက မျက်လုံးဝိုင်းကြည့်



www.burmeseclassic.com

www.burmeseclassic.com



သည်။ စိတ်မရှည်ဟန်.....။

"ယု လာမယ့်တနင်္ဂနွေနေ့မှာ လက်ထပ်တော့မယ်"

"ဟာ.....ဘာ ဘယ်လို"

သီဟာ ရုတ်တရက် အံ့ဩမည်လိုဖြစ်ပြီးမှ စကား၏ အသွားအလာကို သတိရကာ.....'ဘာ' 'ဘယ်လို'တွေပါ နှုတ်ဖျားမှ ခုန်ဆင်းလာခြင်းဖြစ်သည်။

"ဟုတ်တယ်၊ ငါ မဟုတ်တဲ့ တခြားလူတစ်ယောက်နဲ့ လက်ထပ်တော့မှာကို ဒီနေ့ ငါ ဖိတ်စာရမှ သိရတယ်"

"..........."

သီဟာမှာ တုံ့ပြန်စရာစကားလုံးပင် ရှားပါးသွားရသည်။ ကျွန်တော်ကပဲ ဆက်ရ၏။

"အဲဒါနဲ့ နေ့လည်ကတည်းက စိတ်တွေလေပြီး ကားလျှောက်မောင်းနေတာ သတိလက်လွတ်ပြီး ကားတိုက်တော့တာပဲ"

သီဟာ ဒီတစ်ခါတော့ စကားတစ်ခွန်း တုံ့ပြန်၏။

"မင်း ကံဇာတာစစ်ကြည့်လိုက်ဦး"တဲ့။

တကယ်ပဲ ကံဇာတာ စစ်ကြည့်သင့်နေပြီ ထင်ပါသည်။

"ငါ့ ကံဇာတာရဲ့ရှုသီဥတုက.....
မှုန်မှုန်မှိုင်းမှိုင်းနဲ့.....
ရင်ထဲက အပူရှောင်တွေ.....
သွန်းကြဲချပေးလိုက်ရရင်ကောင်းမလား....."

✸✸✸

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



# (၂)

"Crystal"

အသံများက အော်ကြီးဟစ်ကျယ်နှင့်၊ တော်သေးတာပေါ့။ ဒီနားမှာက Crystalဆို မသိသူမရှိလို့ တော်သေးသည်။ မဟုတ်လို့က လူကြော်ငြာပင် ထင်ရလောက်သည်။ အားလုံးက မိသားစုများနှင့်ပါ ရင်းနှီးပြီးသားမို့ Crystalရှိရာ အိပ်ခန်းထဲထိ တန်းဝင်လာကြသည်။

"ဒါက ဘာဇာတ်ခင်းနေတာလဲ"

"လှိုင်ထိပ်ခေါင်တင်ဇာတ်လေ"

"မဟုတ်ပါဘူး၊ ခေတ်သစ်မယ်ခုမျှော်ပါ"

သုံးယောက်တည်းမို့ တော်သေးသည်။ တစ်ယောက်တစ်ပေါက်နှင့်မို့ မေမေတို့မကြားခင် တံခါးကို ကပျာကယာ ထပိတ်ကာ လော့ခ်ချထားလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင် လော့ခ်ချထားတယ်"

"နှင် စိတ်ပြောင်းမသွားပါဘူးနော်"

"ချမ်းသာပေးပါဟာ၊ ပြည်ပျက်တတ်သတဲ့"

ပေါက်ပန်းဈေးစကားများ ခုန်ချလာပြန်သဖြင့် crystal အော်ပစ်လိုက်ရသည်။

"တော်ကြပါဟာ၊ စိတ်ညစ်ရတဲ့အထဲ"

ယမင်းဖြူက မျက်စလေးချီကာ.....

"သိတယ်လေ၊ စိတ်ညစ်တာကို သိတယ်လေ၊ ဒါကြောင့် လျှောက်ပြောနေတာ"

"ဒီလောက်က ပျင်းစရာကြီး"

Crystalက နှာခေါင်းလေးရှုံ့ကာပြောတာမို့ မြတ်ဆွေမော်က ရင်ဘတ်ကလေးဖိကာ မေး၏။

"ဒါဆို နှင့်ဒါဏ်ရာက တော်တော်ပြင်းတယ်ပေါ့၊ မှန်း.....ဘယ်နားထိတာလဲ"

"heart တည့်တည့်ပဲ"

Crystal စိတ်မရှည်သလို ပြောမိ၏။ ဒါကိုလည်း ယုံ့ပုံမပေါ်.....။ အားလုံးထဲမှာ အတော်ကလေးအေးသော နွေအေးက Crystal ကိုကြည့်ကာ စကားဝိုင်းကို တားလိုက်၏။

"နေပါဦး ဖြူနဲ့မော်ရဲ့၊ Crystal ကြည့်ရတာ တစ်ခုခုဖြစ်နေတာပါ"

"နှင်က ဘယ်လိုသိလဲ"

"Crystal ငိုထားတယ်"

နွေအေးစကားကြောင့် Crystalပင် အလန့်တကြားဖြစ်သွားရကာ မှန်ပြေးကြည့်မိ၏။ မျက်လုံးများက နီရဲမနေပါ။ နွေအေးက Crystal ကို



www.burmeseclassic.com

www.burmeseclassic.com



ဆွဲကာ ခုတင်ပေါ် အသာထိုင်စေ၏။

"ဘာမှ မသိသာပါဘူး"

"ဒါဆို နင်က ဘယ်လိုသိလဲ"

"သနပ်ခါးပေါ်က မျက်ရည်စီးကြောင်းလေ"

Crystal ပင် ရှက်ချင်သွားရသည်။ သို့သော်.....ခုမှ သိကြသူချင်းမှ မဟုတ်တာ။ လေးငါးနှစ်မက အတွဲညီခဲ့ကြသူတွေပဲ.....။

"Crystal နင် ဘာဖြစ်တာလဲ"

နွေအေးက ညင်သာစွာ မေး၏။

"ငါ....."

Crystal အဖြေရခက်နေသည်။ ကိုကိုက ထားသွားလို့ဟု ဖြေရမှာ ဘယ်လိုဖြေထွက်ပါ့မလဲ.....။ သိက္ခာအရရောက၊ မာနအရရော ထိခိုက်နေ သည်လေ.....။

"ပြောလေ Crystal"

ဖြူက စကားကို ထောက်ပေး၏။ အသွက်မ'မော်'က ငြိမ်လို့။ မျက်လုံးလေး ကလည်ကလည်နှင့်။

"ကိုကိုလေ"

"အင်း.....ပြော ကိုကိုမောင် ဘာဖြစ်လဲပြော"

"သူ.....ငါ့ကို ထားခဲ့ပြီ"

"ထားခဲ့ပြီ၊ သူက ဘယ်သွားလို့လဲ"

အရေးထဲ ဖြူက ဝေးနေသေးသည်။

"ကိုကိုနဲ့ ငါ ပြတ်သွားတာကိုပြောတာ၊ ကိုကို ငါ့ကိုထားသွားပြီ"

သုံးယောက်သား ကြက်သေ သေသွားကြသည်။ ဘယ်လိုမှ မျှော်လင့်မထားသော စကားမို့လား။

Crystalက အရင်တည်းက လိုတာမရလျှင်၊ စိတ်ကောက်ပြချင်



www.burmeseclassic.com

www.burmeseclassic.com



လျှင် ခုလို အခန်းအောင်းတတ်မြဲ။ ဒါကြောင့် အားလုံးထင်ထားတာက Crystal သင်တန်းကို မလာတာဟာ 'တောင်းပွဲ တိုက်ပွဲ' တစ်ခုဆင်နွှဲနေလို့.....။ ဒီလိုပဲ နားလည်ထားခဲ့တာ.....။

ခုတော့.....။

ဘယ်တုန်းကမှ ကြာရှည်တိတ်ဆိတ်မနေတတ်သောသူများ အသံတိတ်ကာ ဘာပြောရမှန်းမသိ ဖြစ်သွားကြသည်။ အတန်ကြာမှ မော်က သတိရကာ မေး၏။

"ဘာဖြစ်ကြတာလဲ၊ ရန်ဖြစ်ကြတာလား"

"ဟင့်အင်း၊ သူ တခြားတစ်ယောက်နဲ့ လက်ထပ်တော့မှာ"

"ဟင်...အိမ်က ပေးစားတာလား"

ဖြူက ထိုမေးခွန်းကို မျှော်လင့်ချက်နှင့် ဝင်မေးတာ ဖြစ်လောက်သည်။ သို့သော်.....သူ့မျှော်လင့်ချက်နှင့် ကိုက်မှမကိုက်ဘဲ.....။

"ဟင့်အင်း၊ အိမ်က ပေးစားတာထက် သူတို့က ငါ့အရင်တည်းက ကြိုက်ခဲ့ကြတာတဲ့"

"ဟင်.....ဒါနဲ့များ နင့်ကို"

မော်က ဒေါသသံနှင့်ဆိုပြီးမှ Crystal မျက်နှာကို ကြည့်ကာ စကားကို ရပ်သွားရ၏။ Crystal မျက်နှာက ပြုံးဆင်းချင်စ ပြုနေပြီ၊ သွေးမရှိလောက်အောင် ဖြူရော်ချင်နေသော နှုတ်ခမ်းက တုန်ခါလျက်.....။ သို့သော်.....သူငယ်ချင်းများ အစအဆုံးသိရန် Crystal ရှင်းပြလိုက်၏။

နွေအေးက.....

"ယောက်ျားတွေများ"ဟု မှတ်ချက်ချ၏။

မော်ကတော့.....

"ဒါ နင့်ကို သက်သက်မဲ့ အစားထိုးသွားတာ၊ မကောင်းလို့ပဲ့တော့ ကောင်း"ဟု ဆို၏။



www.burmeseclassic.com

www.burmeseclassic.com



ဖြူကတော့ ဘာမှ မှတ်ချက်မချဘဲ နှုတ်ခမ်းလေးကို တင်းတင်းလေးစေ့ထား၏။ အင်းလေ.....ဖြူက ပိုခံစားရမည်ပေါ့။ ကိုကိုမောင်ဆိုတာကို Cryatalနှင့်တွေ့အောင် ခေါ်ဆောင်လာသူက ယမင်းဖြူလေ.....။ ဒီကိစ္စတွေကို ယမင်းဖြူလည်း ဘာမှမသိခဲ့ရှာ။ ကိုကိုမောင်နှင့် ယမင်းဖြူက အင်္ဂလိပ်စာသင်တန်းတစ်ခုတွင် ခင်မင်ရင်းနှီးခဲ့ကြခြင်းဖြစ်သည်။ ယမင်းဖြူသိသော ကိုကိုမောင်က မိန်းကလေးတွေနှင့် ကင်းရှင်းသော ကိုကိုမောင်။ recommendation letter တစ်စောင်လောက်နီးနီး ယမင်းဖြူက သူ့သူငယ်ချင်း ကိုကိုမောင်ကို အမှတ်တွေ ပေးခဲ့ဖူးတာကိုး.....။

အတန်ကြာမှ ယမင်းဖြူက ခေါင်းခါကာ စကားတစ်ခွန်းကိုဆို၏။

"ငါ မှားသွားတာ"တဲ့။

"ဟင့်အင်း နင် မမှားပါဘူး ဖြူ နင်မှ ဘာမှမသိတာ၊ မှားတာက ကိုကိုမောင်"

နွေအေးက နာကျည်းဟန်နှင့် ဝင်ငြင်း၏။ ခက်တာက ခုထိ ကိုကို့ကို 'မှားတယ်'ဟု အပြစ်မတင်ချင်သေးသော Crystalပင်။

ထို့ကြောင့်.....

"ကိုကိုလည်း မမှားပါဘူး၊ မှားတာက ကံကြမ္မာပါ"

"တချို့ကံကြမ္မာက လူကလုပ်တာ Crystal"

မော်က အဓိပ္ပါယ်ရှိသော စကားကိုဆို၏။ မော့်စကားကို ငြင်းဖို့လည်း Crystal အားမရှိပါ။ မျက်ရည်မကျခြင်းကပင်လျှင် ရင်ထဲက အစိုင်အခဲကို ပိုပြီး မာကျောစေသည် မဟုတ်လား။ ထိုအစိုင်အခဲများက ဘယ်လောက်ပဲ မျှားပြား မာကျောပါစေ ကိုကိုသာ ပြန်လှည့်လာလိုက်က လှည့်လာသောခြေသံနှင့်ပင် ပိုကျသွားနိုင်လောက်သည်ကိုလည်း Crystal သိသည်။ သို့သော် ထိုအတွေးက မဖြစ်နိုင်သောအရာကို စိတ်ကူးယဉ်ခြင်း သက်သက်သာ ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



"နင် ဒီလိုမနေပါနဲ့"

ဖြူက ကန့်ကွက်စကားကို ဆို၏။ နွေအေးကလည်း ထောက်ခံ၏။

"ဟုတ်တယ်၊ နင် ဘာမှမဖြစ်သလို နေပြပေါ့၊ ဒါမှ မရှုံးမှာ....."

ရှုံးနေပြီးသားကို သိသိကြီးနှင့် အားပေးစကားဆိုသော သူငယ်ချင်းကို Crystal ကျေးဇူးတင်ပါသည်။

"ငါ နေချင်ပါတယ်၊ နေလို့မှ မရတာ"

"ဘာလို့မရရမှာလဲ၊ ထ ငါတို့နဲ့ အရင်ကလိုပဲ လျှောက်သွားမယ်၊ ထထ ပြင်ဆင်တော့"

"မသွားချင်ပါဘူးဟာ"

မော်က ဆွဲထူကာ ပြောသောစကားကို စိတ်မပါစွာငြင်းမိ၏။ Crystal အမှန်တော့ မငြင်းချင်ပါ။ သို့သော် အားကမရှိ ဖြစ်နေ၏။

"မသွားချင်လို့ မရဘူး၊ ထ,ရေချိုး၊ ဒါမှလန်းသွားမှာ၊ ပြီးရင် အပြင်မှာ နင်ကြိုက်တာ တစ်ခုခုသွားစားမယ်"

'နင်ကြိုက်တာ'တဲ့။ ခါတိုင်းဆို သူ့အကြိုက်ကလွဲလျှင် ဘယ်သူ့အကြိုက်မှ သိပ်ဦးစားမပေးချင်တတ်သော ဖြူ့စကားကြောင့် Crystal ထိုင်ရာမှ ထလိုက်ရသည်။ ပြီးမှ သတိရကာ.....

"နင်တို့ ဘာနဲ့လာကြတာလဲ"

"ဖြူ့အိမ်က ကားနဲ့"

"ခု ကားပါတယ်ပေါ့"

"ဟင့်အင်း.....ပြန်လွှတ်လိုက်ပြီ"

"ဟင်.....အဲဒါမှ ဒုက္ခ"

"ဘာ ဒုက္ခလဲ"

"ကားမှမရှိတာ"

Crystal စကားကြောင့် အားလုံးက တအံ့တဩဖြစ်သွားရကာ



www.burmeseclassic.com

www.burmeseclassic.com



မေး၏။

"ဘာဖြစ်တာလဲ၊ ကားပျက်တာလား"

"ဟင့်အင်း.....တိုက်ထားတာ"

"မြတ်စွာဘုရား.....တိုက်ထားတာ"

နွေအေးက 'ခင်ဘတ်လေးဖိကာ ဘုရားတ၏။ တကယ်ဆို Crystal က ကားမောင်း အတော်ကျွမ်းကျင်ကာ ကြမ်းကြမ်းရမ်းရမ်းလည်း မရှိသူဖြစ်၏။ ခုတော့ ဘာတွေဖြစ်ကုန်ပြီမှန်း မသိ.....။ ကားတိုက်မိခြင်း၏ တရားခံသည်လည်း ကိုကိုမောင်သာဖြစ်လိမ့်မည်ကို အားလုံးက တွေးမိပြီးသား.....။

Crystal ကတော့ ရေချိုးခန်းထဲ ဝင်ခဲ့ရင်း တွေးနေလိုက်သေးသည်။ ကိုကိုကြောင့် ကားတိုက်မိတာဆိုရင်တောင် သူ ကျေနပ်ပါသည် ဟု.....။

"'ခက်ဝဲခက်ရချည်ရဲ့
သူရူးတစ်ယောက်လို ပျော်ဝင်မှုနှန်းထားမြင့်မား.....
ငါ့အား ပြုစားထားသော မှော်ဆရာ.....
သင် တျန်းမာရေးကောင်းနေပါစေ....."

✱✱✱


www.burmeseclassic.com

www.burmeseclassic.com



(၃)

ခေါ်လာတုန်းကတော့ သီဟာနှင့်မိုးဇော်က ကျွန်တော် စိတ်ပြေလက်ပျောက်တဲ့။ ခုတော့လည်း ကျွန်တော့်ကိုမေ့ကာ သူတို့က တေးသွားအလိုက် ကခုန်နေကြသည်။ တကယ်ဆို ကိုယ်နှင့် သိပ်မရင်းနှီးသော သူတစ်ယောက်၏ညသ့်ခံပွဲကို ကျွန်တော်က ဘာမှ လိုက်စရာအကြောင်း မရှိ။ ခုဟာက အတင်းရော၊ အဓမ္မရော ခေါ်လာကြတာ.....။

"မင်းကို တစ်ယောက်တည်း မထားခဲ့ချင်ပါဘူး"

"ဟိုရောက်တော့ လူတွေစုံပြီး စိတ်ပြေလက်ပျောက်ပေါ့"

သူငယ်ချင်းတွေ စုံမှာကတော့ သေချာပါသည်။ သို့သော် ထို 'စိတ်ပြေလက်ပျောက်'ဟူသော ဝေါဟာရကို ကျွန်တော် သိပ်အယုံအကြည် မရှိပါ။ သူတို့၏ ဖြောင့်ချက်များထက် လေးနက်နေတာက ကျွန်တော့်မှာ ပြန်စရာ ကားမရှိ။ ကားက ဘော်ဒီရုံက ခုထိ မထွက်ရသေး.....။



www.burmeseclassic.com

www.burmeseclassic.com



ခရီးက လည်း အိမ်နှင့်အတော်ဝေးနေတာမို့ သူတို့ပြန်ပို့မှ ပြန်ရန် ဆုံးဖြတ်မိ ကာ လိုက်လာခဲ့ခြင်းဖြစ်သည်။

"လူကြီးမင်း"

"အင်း.....ဘာလဲ"

"နင် ခုထိ ဘာမှမစားရသေးဘူး၊ သွား.....ဟိုဖက်မှာ ကြိုက်တာ သွားယူစားလေ"

"မဆာသေးဘူး"

"ဆာရင်ပြောတာ၊ ငါက နင့်ကို ညှော်ခံအားမှာ မဟုတ်ဘူး"

မွေးနေ့ရှင် ကျွန်တော့်ရင်ထဲက သိပ်မရင်းနှီးဟု ခံယူထားသော သူငယ်ချင်းမလေးက ကျွန်တော့်ကို ဝတ္တရားအရ လာညှော်ခံသွားသေးသည်။ သူမက ကျွန်တော်လာတာကိုပင် အတော်လေး တအံ့တဩ ဖြစ် နေခဲ့သေးသည်။

လောလောဆယ်တော့ ဘာမှလုပ်စရာမရှိသည့်အတွက် ကျွန်တော့် ကို အကြောင်းပြုပြီး စိတ်ပြေရင်းလက်ပျောက်နေကြသော သီဟနှင့် မိုးဇော် ကိုပဲ လှမ်းကြည့် မေတ္တာပို့ နေလိုက်တော့သည်။

တကယ်တော့ ယုသည် ကျွန်တော့်အတွက် နတ်သမီးတစ်ပါး မဟုတ်ခဲ့ပါ။ ယုတွင် နွေးထွေးစွာကြည့်တတ်သော မျက်ဝန်းတစ်စုံသာ ပိုင်ဆိုင်ပါသည်။ တစ်ချိန်ကတော့ ထိုမျက်ဝန်းများထဲ နစ်မြုပ်ပျော်ဝင်ကာ ကျွန်တော် နွေးထွေးနေခဲ့ဖူးသည်။ ခုချိန်မှာတော့ ထိုမျက်ဝန်းများသည် ကျွန်တော်နှင့် ဘာမှမဆိုင်တော့.....။

မနေ့က ယု မင်္ဂလာဆောင်သည်။ ထို့ကြောင့် ဒီအချိန်တွင် ကျွန်တော် ယုအကြောင်း တွေးမနေသင့်။ စိတ်နှင့် သတိရတမ်းတခြင်း သည်လည်း မနောကံတော့ ထိုက်နိုင်သည် မဟုတ်လား.....။

ထို့ကြောင့် ကျွန်တော် ထိုင်ရာမှထကာ အစားအသောက်များ



www.burmeseclassic.com

www.burmeseclassic.com



ယူရန် ထွက်ခဲ့လိုက်သည်။ အစားအသောက်များကတော့ အလျှံပယ်.....။ ခက်တာက ဘာစားချင်မှန်း ကိုယ့်ဘာသာကိုယ် မသိ။ ထို့ကြောင့် မြင်မြင်ရာ နည်းနည်းစီ ကောက်ထည့်နေလိုက်သည်။ ယု ကြိုက်တတ်တာတွေကို မြင်ရတော့ မထည့်မိအောင် သတိထားရင်းပေါ့။ စားပွဲဆုံးမှ အအေးတစ်ပုလင်းပါ ဆွဲကာ လှည့်ထွက်လိုက်သည်။

"အင့်"

တိုက်မိပြန်ပြီ။ ခုနက စားပွဲရှိရာလာတုန်းကလည်း ဘယ်နှစ်ယောက်လောက် တိုက်မိမှန်းမသိ တိုက်ခဲ့သေးသည်၊ ခုလည်း တိုက်ပြန်ပြီ၊ ခုဟာက လက်ထဲက စားစရာတွေ ပြုတ်ကျကုန်သည့်အပြင် တစ်ဖက်လူ ယူလာသောအအေးခွက်ကလည်း ကျွန်တော့်ရင်ဘတ်ပေါ် အေးခနဲ...။

ကျွန်တော် စိတ်ညစ်ညူးစွာ တောင်းပန်ရသည်။

"ဆောရီးဗျာ"

"ရပါတယ်၊ ကိစ္စမရှိပါဘူး"

သေချာမော့ကြည့်လိုက်ပော့ ကောင်မလေး၏ အဖိုးတန်အင်္ကျီပေါ်မှာ ကျွန်တော့်ပန်းကန်က လွင့်ထွက်သွားသော အစားအသောက်များ၏ ဆီကွက်တစ်ချို့။ ကောင်မလေးက လက်ထဲက တစ်ရှူးစနှင့် တို့သုတ်ရင်း ဘာမှမဖြစ်သလို ပြော၏။

"ကျွန်တော်လည်း အမှတ်တမဲ့နဲ့....."

"ရတယ်၊ ကျွန်မကလည်း သိပ်အာရုံကပ်တာမဟုတ်ဘူး"

ပြောပြောဆိုဆို ခေါင်းမော့လာတော့မှ ကြည့်မိသည်၊ ဟိုတစ်နေ့က ကားချင်းတိုက်မိခဲ့သော ကောင်မလေး.....။ သူမကလည်း မှတ်မိပုံရသည်။ တစ်ချက်ပြုံးရင်း.....

"ဒီတစ်ခါလည်း ကိုယ့်အဝတ်ကိုယ် Laundry ပို့ဖြစ်တာပေါ့၊ မဟုတ်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်.....ဟုတ်တယ်"

"bye....."

ကောင်မလေးက လက်ကလေးပြနှုတ်ဆက်ကာ လူတွေကြားထဲ တိုးဝင်သွားသည်။ ပန်းကန်ထဲကျန်နေသော အစားအစာများနှင့်ပင် ကျွန်တော် ထိုင်နေရာသို့ ပြန်ခဲ့လိုက်၏။ ပန်းကန်ထဲကျန်နေသေးတာတောင် တော်တော်များနေသေးသည်။ သတိလက်လွတ် ဘယ်လောက်တောင် ကောက်ထည့်လာမှန်းမသိ.....။ အင်း.....တိုက်မိပေမလို့။ မဟုတ်လျှင် ဒီလောက်များတဲ့ အစားအစာတွေနှင့် ကျွန်တော် စိတ်ဒုက္ခရောက်နေရဦးမည်။

ခဏကြာတော့မှ သီဟနှင့်မိုးဇော် ကျွန်တော့်ကို အာရုံပြန်ရဟန်နှင့် ကျွန်တော့်နား ပြန်ရောက်လာသည်။

"ဟာ.....စားပြီလား"

"အင်း"

"ငါတို့လည်း စားမယ်၊ မိုးဇော် ငါ့အတွက်ပါ သွားယူပေးကွာ၊ ငါ လူကြီးမင်းကို စောင့်ရှောက်ထားလိုက်ဦးမယ်"

ခုမှ အတော်လေးဂရုစိုက်ချင်နေဟန်နှင့် အစားအသောက် သွားယူဖို့ပင် ကပ်နေပြန်သည်။ သို့သော် မိုးဇော်က မကျေမနပ်နှင့်ပင် ထထွက်သွားပေး၏။

"ဟင်.....မင်းအင်္ကျီက ဘာဖြစ်တာလဲ"

"အအေးခွက်မှောက်တာ"

"ကလေးကျနေတာပဲ"

သီဟက ရှုတ်ချစကားကိုဆို၏။

"သူများဝင်တိုက်လို့ကွ"

"သူများက ဝင်တိုက်တာလား၊ မင်းက တိုက်တာလား၊ တိုက်ရ



www.burmeseclassic.com

www.burmeseclassic.com



ပြန်ပြီ''

သီဟက မချိမချဉ်ရယ်ကာ မေး၏။

''အေး.....ခုလည်း ငါက ဝင်တိုက်တာလား၊ သူက ဝင်တိုက်တာ လား မသိဘူး''

''မင်းလည်းတိုက်၊ သူလည်းတိုက်ဆိုရင်တော့ သေချာပြီ၊ ဟိုက လည်း မင်းလိုပဲ insane တစ်ယောက်ဖြစ်မှာပဲ''

''ဖြစ်နိုင်ပါတယ်''

သီဟက ကျွန်တော့်စကားကြောင့် မျက်လုံးပြူးပြ၏။

''ငါကရွဲ့ပြောတာ၊ ဘယ်လိုဖြစ်လို့ မင်းက ဖြစ်နိုင်ပါတယ် ပြောရ တာလဲ''

''ဘာလို့ပြောတာလဲဆိုတော့ ဒီနေ့ လူချင်းတိုက်တာကလည်း ဟိုနေ့က ကားချင်းတိုက်ခဲ့တဲ့သူပဲ''

''ဟင်''

သီဟ အံ့သြသွား၏။ ပြီးမှ မှတ်ချက်တစ်ခုကို ချ၏။

''အင်း.....ဒါဆိုရင် အရင်ဘဝအဆက်ဆက်က တိုက်ပွဲတွေအတူ နွှဲခဲ့တဲ့ ရေစက်ထင်တယ်''

''အင်း.....ခုလိုပုံနဲ့တိုက်တာမျိုးဆိုရင်လည်း အရင်ဘဝထဲက ရန်သူပဲ''

''ကောင်းပါတယ်၊ နောက်မှ my beloved enemy တွေ ဘာ တွေ ဖြစ်မလာနဲ့''

''ဝေးသေး၊ ယုကလွဲရင်.....''

မိုးဇော်ပြန်ရောက်လာကာ စကားကို ဖြတ်ပြောလိုက်သဖြင့် ကျွန်တော့်စကား မဆုံးလိုက်။

''ယုနဲ့ကလွဲပြီးပြီလေ၊ မလွဲတာလေးတွေ ကြည့်စမ်းပါ''



www.burmeseclassic.com

www.burmeseclassic.com



.....ဟုဆိုကာ မွေးနေ့ပွဲတစ်ခုလုံးမှ ကောင်မလေးများကို လက်ဝှေ့ရမ်းပြ၏။

"တော်ပါ၊ မလှဲတာလေးတွေပေမယ့် မင်းပစ်ရင်တော့ လှဲတာပဲ"

"လှဲမှာပေါ့ကွ၊ ကျည်ကတ်လိုက် ရမ်းမွှေ့နေတာကိုး....."

"အင်းလေ၊ ချိန်ပစ်နိုင်စွမ်းမှ မရှိတာ"

"မင်းကရော ရှိလို့လား"

"ဒါကတော့ဟာ ဟိုကောင် လက်ဖြောင့်သမားတောင် ကျည်သင့်ရသေးတာပဲ"

သူတို့ဟာသူတို့ အချေအတင်ပြောရင်း နောက်ဆုံး ကျွန်တော့်ဘက်ပဲ ပြန်လှည့်လာသဖြင့် မသိချင်ယောင်ဆောင်နေလိုက်ရသည်။ ဝင်ပြောနေလျှင် ဇာတ်ကွက်က ဆုံးတော့မှာမဟုတ်။ ဒါတောင် မလွတ်သေးပါ။ ကျည်ဆံက တည့်တည့်ဝင်လာပြန်သည်။

"ဟိုကောင်.....လူကြီးမင်းဆိုတဲ့ကောင်"

"ဘာလဲ"

"ဂျင်းစိမ်းနဲ့ မိတ်သလင်ဆိုတာ ကြားဖူးလား"

"တခြားဟာပြောင်းပြောကွာ၊ ဒါကြီးက ကလီရှေးဖြစ်နေပြီ"

"အေး.....ဒါဆိုလည်းပြောမယ်၊ green ginger နဲ့ မင်သလိပ်"

"အင်း.....အဲဒါ ဘာဖြစ်လဲ"

"သူကြင်မှ ကိုယ်ကြင်ပေါ့"

"ငါက ဘာဖြစ်နေလို့လဲ"

စကားကို အနိုင်နှင့်ဖြတ်ရန် 'ခွ'စကားကို ဆိုလိုက်၏။

"ဘာဖြစ်နေတာလဲဆိုတာ မင်းဘာသာမင်း သိမှာပါ"

"ဘာမှမဖြစ်ဘူး"

"ဘာမှမဖြစ်ဘူးဆိုရင်လည်း မဖြစ်သလို နေနိုင်ရတယ်ကွ"



www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်သလိုဆိုတာ ဘယ်လိုမျိုးကိုပြောတာလဲ"

"ငါ့လို"

ငါ့လိုဟူသော သီဟ၏စကားအဆုံးတွင် စောစောကတိုက်မိခဲ့သော ကောင်မလေးကို ဟိုး.....တစ်ဖက်စားပွဲတွင် တစ်ယောက်တည်း တွေ့လိုက်ရသည်။ ရှုပ်ထွေးဆူညံနေသော မြင်ကွင်းကို ငေးကြည့်နေရင်း 'ဘာမှမဖြစ်သလို' ဆိုတာ ဒါမျိုးကိုပြောတာလား.....။ တွေးကြည့်ရုံနှင့်ပင် အတော်ပင်ပန်းနိုင်သည်။

ပြီးမှ အကြည့်ကို သီဟဘက် ပြန်ပို့ကာ.....

"အေး.....မနက်ဖြန်ကျရင် မင်းလို လက်ဖက်ရည်ဆိုင်ဖွင့်နိုင်အောင် ကြိုးစားကြည့်မယ်"

ဘာမှမဆိုင်သောစကားမို့ အကြည့်များနှင့် အသံတိတ် ဆဲမေးခြင်းကို ခံလိုက်ရ၏။ ကိစ္စမရှိပါ။ ရင်ထဲမှာ အပူကလွဲလျှင် ကျန်သောအရာများသည် အပရိကတက်ပင် သေးငယ်သေးသည်။

"ငါ့ကိုမွေးတုန်းက.....
ခံနိုင်ရည်အားတွေ.....နှလုံးသားအပိုတွေ.....
ဘာမှမဖြစ်သလို ဟန်ဆောင်တတ်မှုတွေ.....
အမေ ထည့်ပေးလိုက်ဖို့ မေ့သွားပုံရတယ်"

❋❋❋

www.burmeseclassic.com

www.burmeseclassic.com



(၄)

"ငါ အလုပ်တစ်ခုလုပ်ရရင် ကောင်းမှာပဲ"

Crystal စကားကြောင့် 'မော်'က မျက်လုံးအသာပင့်ကြည့်၏။ ဖြူကတော့ တခွိခွိရယ်ကာ.....နွေအေးက ပြုံးပြုံးလေးကြည့်နေသည်။

"အလုပ်လုပ်ချင်တယ်ပြောတာ ဘာအမှားပါလို့လဲ"

"မပါပါဘူး။ အံ့သြတာပါ"

ဖြူက ဖြေရှင်းချက်ပေး၏။

"ဘာ အံ့သြစရာရှိလဲ"

"နင် အရင်က အလုပ်မလုပ်ချင်ပါဘူး"

"အရင်က ငယ်သေးတာကိုး"

"ဟင်.....လွန်ခဲ့တဲ့နှစ်လနဲ့ ခုနဲ့ကြားမှာ time slip ကြီးဖြစ်သွားသေးလား? Are we too old? ဖြူ....."



www.burmeseclassic.com

www.burmeseclassic.com



မော်က ခပ်သောသောလေး ဝင်နှောက်၏။

"မနှောက်နဲ့ကွာ၊ ငါ အတည်ပြောတာ"

"ကဲ ကဲ.....အတည်ပြောတာဆို ပြောပါစေကွာ"

နွေအေးက လမ်းဖွင့်ပေး၏။ ဒီလိုကျတော့လည်း Crystal ဘာဆက်ပြောရမှန်း မသိပြန်။ နွေအေးကပင် မေး၏။

"နင်က ဘာလုပ်ချင်တာလဲ Crystal"

"မသိဘူး၊ တစ်ခုခုလုပ်ချင်တာပဲ သိတာ"

"မသိလို့ရမှာလား၊ နင် ကိုယ်ပိုင်အလုပ်တစ်ခု ဝါသနာပါတာ လုပ်မှာလား၊ ဒါမှမဟုတ် သူများဆီမှာ လခစား ဝင်လုပ်မှာလား"

"ဒါလည်း မသိသေးဘူး၊ ဘာလုပ်ရရင်ကောင်းမယ်လို့ နင်တို့ ထင်လဲ"

မြူးမျိုးက အစင်းလိုက် သူတို့ဆီ ပြန်လှည့်လာတာမို့ သုံးယောက်သား တစ်ယောက်မျက်နှာကို တစ်ယောက် မကြည့်ချင်ပါဘဲ ကြည့်မိကြသည်။

"ငါတို့အထင်ကတော့ နင် ဘာမှမလုပ်သေးတာ ကောင်းမယ်"

ဖြူက ထိုသို့ မှတ်ချက်ချ၏။

မော်ကတော့ အကြံပေး၏။

"ဘာလုပ်ချင်တယ်ဆိုတာက နင့်ဟာနင် စဉ်းစားရမှာ၊ ဒါမှ နင်တတ်တာ၊ နင်လုပ်ချင်တာနဲ့ အံဝင်မှာပေါ့"

ထိုအခါကျမှ Crystalက စဉ်းစားဟန်ဖြင့် ငြိမ်သွားပြီး အတန်ကြာမှ စကားကို ပြန်စ၏။

"ငါက သူငယ်ချင်းတွေနဲ့ အလုပ်တစ်ခု လုပ်ရရင်ကောင်းမလား လို့"

"ငါတို့နဲ့....."



www.burmeseclassic.com

www.burmeseclassic.com



နွေအေးက သူ့ကိုယ်သူ ညွှန်ပြကာ တအံ့တသြ မေး၏။

"အင်း"

"ငါတို့က ဘာတတ်လို့ လုပ်ကြမှာလဲ"

"ဒါလည်း စဉ်းစားရမှာပဲ၊ ဘာမှမတတ်ဘူးတော့ မဟုတ်ပါဘူး။ တစ်ယောက်တစ်မျိုးစီတော့ တတ်ကြတာပါပဲ"

"ကဲ.....ဒါဆိုရင်လည်း စဉ်းစားပါဦး၊ ဒေါ်Crystal ရယ်"

သူတို့ သင်တန်းမှအပြန် အအေးဆိုင်တစ်ခုတွင်ထိုင်ကာ စကားပြောနေကြခြင်း ဖြစ်သည်။ သူတို့ စဉ်းစားနေဆဲမှာပဲ မှာထားသော အသီးဖျော်ရည်များ လာချ၏။ အသီးသီး ကိုယ့်ခွက်ကိုယ်ဆွဲရင်း သောက်နေလိုက်ကြသည်။ စဉ်းစားခန်းဝင်နေ၍လား၊ အသီးဖျော်ရည်ထဲမှာပဲ အာရုံ ရောက်သွား၍လား မသိ။ မည်သူ့စကားသံမှ မကြားရ။ ဆိုင်ထဲမှ အသံတချို့ကိုသာ ကြားနေရသည်။

"ဟော့.....ငါမှာထားတဲ့ သခွားဖျော်ရည်ကော"

"ဟင်.....လာချပြီး၊ အာ.....မှားပြီထင်တယ်"

မှားပြီထင်တယ်ဟုဆိုသော အသံနှင့်အတူ ထိုအမှားက Crystal တို့ စားပွဲရှိရာသို့ ရောက်လာသည်။

"အစ်မ...အစ်မ သခွားမွှေးတစ်ခွက် မှားချလား"

"ချပါဘူး၊ ငါတို့မှာတာ သခွားမွှေးမှမပါတာ"

"အာ.....ဘယ်ရောက်သွား။ ဟာ....အစ်မသောက်နေတာ သခွားမွှေးပဲ"

"ဟုတ်ပါဘူး၊ ငါမှာတာ ထောပတ်"

Crystal ခပ်တည်တည်နှင့် ငြင်းပြီးမှ သတိဝင်လာကာ မျက်လုံးပြူးသွား၏။ ပါးစပ်ထဲက အရသာက ထောပတ်မှ မဟုတ်တာ။ ဖန်ခွက် အရောင်ကြည့်မိတော့ ခုမှ အရောင်က အတော်ကလေး လာပြနေသည်။

www.burmeseclassic.com



"ဟာ.....မှားကုန်ပြီ"

"နင်က ဘာလို့ လာချသေးလဲ"

"Crystal ရယ်၊ နင်ကရော ထောပတ်မုန့်၊ သခွားမုန့် မသိဘူးလား၊ သခွားဆိုတာ နင် အရသာတောင် မခံနိုင်တဲ့အရာလေ"

မော်စကားကြောင့် Crystal နည်းနည်းရှက်ချင်သွားသည်။ အာရုံတွေ လွတ်သွားတာကို ဝန်မခံချင်။

"ငါက အလုပ်ကိစ္စ စဉ်းစားနေတာကိုး....."

"သြော်.....အလုပ်ကိစ္စ အလုပ်ကိစ္စ"

အကြောင်းသိချင်းမို့ ဖြူက ရွှေ့ပြောင်ပြောသည်။ နွေအေးကတော့ စားပွဲထိုးလေးဘက်လှည့်ကာ.....

"မှားလည်း ဘာဖြစ်လဲ၊ ငါတို့ နှစ်ခွက်စာ ပေးဆိုပေးမယ်၊ သွား...။အသစ်ဖျော်ပေးလိုက်"

"အသစ်ဖျော်ပေးစရာကို မကျန်တော့လို့ပါ"

"ရော့.....ဒါဆို ဒါပေးလိုက်၊ နှစ်ဖွန်းပဲ ခပ်ရသေးတယ်"

ပြောပြောဆိုဆို စားပွဲထိုးလေး ပြောပြောနေသော စားပွဲရှိရာလှည့်လိုက်တော့.....

"ဟင်"

လူကြီးမင်းလည်း တအံ့တသြ....။ Crystal လည်း တအံ့တသြ။

"ဒီတစ်ခါတော့ ကျွန်မတစ်ယောက်တည်း မှားတာ"

"ရပါတယ်"

"ကျွန်မ အာရုံ နည်းနည်းလွတ်သွားတယ်"

"ရတယ် ရတယ်၊ ကိစ္စမရှိဘူး၊ ကျွန်တော် မသောက်တော့ဘူး"

ပြောပြောဆိုဆို ဆိုင်ထဲမှ ထထွက်သွားတော့၏။

"ဟင် ဘာဖြစ်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ၊ အအေးလေးတစ်ခွက်နဲ့"

ဖြူနှင့် မော်က မကျေမနပ်ဆို၏။ နွေအေးကသာ.....

"နှင်တို့ကလည်းဟာ ဟိုကပြောသွားတာ အေးအေးချမ်းချမ်းပါ၊ ကောက်ပြီးထွက်သွားတာမျိုး မဟုတ်ရှာပါဘူး"

"ကောက်သွားတာဆိုလည်း ယောက်ျား ဘယ်ဟုတ်တော့မလဲ"

အရေးထဲ မော်က စကားနိုင်လုနေသေးသည်။ နွေအေးက မော့် ကိုတားကာ.....

"တော်ပါတော့ မော်ရယ်၊ ကဲ.....Crystal"

"ဟင်"

"နှင်နဲ့ အဲဒီလူက သိလား"

"သိတယ်လို့ ထင်တာပဲ"

ဖြူက Crystal မျက်လုံးရှေ့မှာ လက်လာကာပြ၏။ အဓိပ္ပါယ်က 'အာရုံကပ်ရဲ့လား' ဟု.....။

"မဟုတ်ပါဘူးဟာ၊ ဆုံးအောင်နားထောင်ပါ"

"ဒါဆို နှင်က ဆုံးအောင်ပြောလေ"

"ငါနဲ့ ကားချင်းတိုက်တာ သူလေ"

"ဩော်"

"ပြီးတော့....."

"ပြီးတော့.....ဘာဖြစ်လဲ"

"ဟိုနေ့ညက ဟန်နီမွေးနေ့မှာ ငါ့ Gucci dress ကို ပေကျံသွား စေတာလည်း အဲဒီလူနဲ့ တိုက်တာပဲ"

"ခုဟာကတော့ တိုက်ကြတာမဟုတ်လို့ တော်သေးတယ်"

ယမင်းဖြူက သက်မလေးကို အသာချကာ ညည်း၏။ Crystal ကတော့ စကားကို ဆက်၏။


www.burmeseclassic.com

www.burmeseclassic.com



"ခုဟာကတော့ ငါ အာရုံမကပ်လို့ ငါမှားတာပါ၊ ဒါပေမဲ့ အားနာစရာမလိုပါဘူး၊ သူလည်း အာရုံသိပ်ကပ်တဲ့လူမှ မဟုတ်တာ"

အရေးထဲ မရွှေCrystalက ကြေးတိုက်နေသေးသည်။

"ဟိုကတော့ အလုပ်ရှုပ်နေလို့ အာရုံမကပ်တာ ဖြစ်မယ်၊ နင့်လို တော့ ရည်းစားပူမိနေတာ မဟုတ်လောက်ဘူး"

မော်ကတော့ ထိုသို့မှတ်ချက်ချ၏။

"ဒါကြောင့် ငါအလုပ် လုပ်ချင်တာပေါ့"

Crystal စကားကြောင့် သုံးယောက်သား တဟားဟား ထရယ် သည်။ ပြီး.....ဝေဖန်ကြ၏။

"ကြီးလိုက်တဲ့အကြံ"

"ဩော် ဟော်.....ရည်းစားပူမိလို့ အာရုံမကပ်တာထက်စာရင် အလုပ်ရှုပ်နေလို့ အာရုံမကပ်တာက လူကြားကောင်းတယ်ပေါ့"

"ဟုတ်ပ"

Crystalမျက်စောင်းတစ်ချက်ကို စိတ်မပါစွာထိုးရင်း သခွား ဖျော်ရည်ကိုပဲ စိတ်ပျက်လက်ပျက်ကြည့်မိသည်။ ဒီအတိုင်း အရှုံးပေး လို့တော့ မဖြစ်သေးပါဘူး.....။

"ဒါကလည်း နင်တို့ စိတ်ချမ်းသာအောင်လို့ပါ"

"ဘုရားရေ.....ငါတို့ စိတ်ချမ်းသာဖို့ ဟုတ်လား"

သုံးယောက်သား သံပြိုင်အော်ကြ၏။

"အင်းလေ.....နင်တို့ပဲ ငါ့ကြည့်ရတာ စိတ်မချမ်းသာဘူးဆို"

"အေးလေ.....ဒါက နင့်ကို မေ့လိုက်စေချင်တာလေ"

"ခုဟာက အလုပ် လုပ်မှာလေ"

"အလုပ်လုပ်တာထက် တရားအရင်ထိုင်ကြည့်ရင် မကောင်းဘူး လား"



www.burmeseclassic.com

www.burmeseclassic.com



ဘုရားတရားမြဲကာ အေးဆေးသော နွေအေးက အကြဲပေး၏။ သို့သော် ခုချိန်မှာ 'အရှိမေတ္တာယျပွင့်မည်ဆိုလျှင်တောင် တရားထူး မရ လောက်မှာ သေချာနေသော Crystal ဘာကိုမှ သိက္ခာကျခံ၍ ဝန်ခံ မနေချင်တော့.....။ ခုထက်ထိ နှုတ်မရသေးသော အဖြစ်အပျက်ဆူးများက နှုတ်ရသည့်တိုင် အကောင်းပကတိ မဖြစ်နိုင်တော့တာ သေချာနေခဲ့ပြီပဲ.....။

''ဘုရားဖွေ့ရောက်ခိုက်မှာတောင်.....
နိဗ္ဗာန်ကို အာရုံမပြုနိုင်သေးဘူး။
သံသရာမှာ ခုလို မနိုင်ပဲ ရှုံးရဦးမယ်ဆိုရင်တောင် .....
ဆုံခွင့် ရချင်ပါသေးတယ်''



www.burmeseclassic.com

www.burmeseclassic.com



(၅)

ခုရက်ပိုင်း ကားပြန်ရပြီးကတည်းက ရုံးမှာပြန်ထိုင်ကာ အလုပ်ပြန်လုပ်သည်။ ကျွန်တော်၏ လေလွင့်နေသောရက်များက တာဝန်ယူထားရသော ညီမတော်နေရီပင် ခု ပမ်းဖျား ဖျားကာ ရုံးမတက်နိုင်တာနှစ်ရက်ရှိပြီ။ ဒီတော့ အားလုံးက သူ့အလုပ်များချည်းသာ.....။ အလုပ်များရသည့်အထဲ ကျွန်တော် အနေအထားသစ်များအားလုံးကို တောင့်တသူပီပီကားကို အရောင်ပြောင်းလိုက်သည်။ ရုံးအနေအထားကို ပြင်သည်။ ဆေးရောင်ပြောင်းသည်။ လိုက်ကာအသစ်များ တပ်ခိုင်းသည်။ အရာအားလုံးသည် 'ယု'နှင့် ကင်းဝေးနေစေရမည်ဟူသော အတွေးနှင့်.....။ ထိုအရာအားလုံး သစ်လွင်ကာ 'ယု'နှင့် ကင်းဝေးသွားကြသော်လည်း မကင်းဝေးနိုင်သေးတာက ကျွန်တော်ကိုယ်တိုင် ဖြစ်ကျန်ခဲ့ရသည်။ ကျွန်တော်သာ 'အဟောင်း' ဖြစ်နေခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ချစ်သူကို မတမ်းတဘဲ နေနိုင်သောသူ ကမ္ဘာပေါ်တွင် ဘယ်နှယောက်လောက် ရှိနိုင်မည်လဲ.....။ ရှိခဲ့လျှင် ကျွန်တော့်ထံ အကြောင်းကြားပေးပါ။ ကျွန်တော် သူ့ထံမှ နည်းနာများ သင်ယူလိုပါသည်။

ညနေဆိုလျှင်တော့ ကျွန်တော်က ရောက်မသွားလျှင်တောင် သီဟာနှင့် မိုးဇော်က ကျွန်တော့်ထံ ရောက်လာတတ်မြဲ.....။

"မင်း လက်ဖက်ရည်ဆိုင် ဖွင့်ဖြစ်ပြီလား"

"အေး.....မနက်ဖြန်တော့ ဖြစ်မယ်ထင်တာပဲ"

"ကြိုးစားပေါ့ကွာ၊ ငါ့လို အောင်မြင်ဖို့ဆိုတာက ကံဇာတာကလည်း ကောင်းမှ....."

သို့နှင့် သူတို့တွေ ကျွန်တော်၏Tomorrow never come ပြဇာတ်ကြီးကို တွန်းရင်း,တိုက်ရင်း ကူ,ကနေကြရရှာသည်။

"လက်ဖက်ရည်ဆိုင်တစ်ဆိုင် ဖွင့်ဖို့ လက်ဖက်ရည်ဖျော်နည်းက အဓိကကျလား၊ နေရာထိုင်ခင်းက အရေးကြီးလား၊ ငွေရင်း,ငွေနှီးက ပို အရေးပါလား၊ အစားအသောက်စုံလင်ဖို့က အလိုအပ်ဆုံးလား....."

"အရေးကြီးဆုံးက အာရုံကပ်တဲ့စိတ်ပဲ လူကြီးမင်း"

ထိုဆွေးနွေးပွဲမှာလည်း ကျွန်တော် အရေးနိမ့်ပြန်ပါသည်။ မိုးဇော်ကတော့ ဘုန်းကြီးလူထွက်ထားတာ မကြာသေးသူပီပီ တရားစကားဆို၏။

"မင်း တရားစခန်း ဝင်ကြည့်ပါလား"

"မလုပ်ပါနဲ့ကွာ"

သီဟာက တား၏။

"ရိပ်သာတစ်ခုလုံး သူ့အလွမ်းတွေနဲ့ မှိုင်းညို့သွားမှာစိုးလို့ပြီးတော့.....သူ့ရင်ထဲက လှိုင်းတွေကပြင်းတော့ သူတော်စင်တွေ ဒုက္ခရောက်ကုန်ပါဦးမယ်"

"အဲဒါကို ပြင်ချင်တာလေ"



www.burmeseclassic.com

www.burmeseclassic.com



"ပြင်လို့ရမယ် ထင်လား"

"ဟ.....မရ ရှိမလား၊ တရားဓမ္မထက် အစွမ်းထက်တဲ့ဆေးဆိုတာ မရှိဘူး"

"အေးလေ၊ မင်းလူနာက မင်းဆေးကို အာရုံပြုပြီး မျိုချဦးမှကိုး"

သူတို့ပဲ အချီအချနှင့် စကားများကြတော့သည်။

တစ်ခါတစ်ခါတော့ ကျွန်တော်တွေးမိပါသည်။ သူတို့နှစ်ယောက်သာမရှိလျှင် ကျွန်တော် အတော်လေး ဒုက္ခရောက်နိုင်သည်ဟု.....။ တစ်ခါတရံ သူတို့နှစ်ယောက် ငြင်းခုန်ရန်ဖြစ်နေခြင်းကပင် ကျွန်တော့်အတွက် စိတ်သက်သာရာ ရစေသည်။

"ငါတို့ရုံးရှေ့မှာ ရှမ်းခေါက်ဆွဲဆိုင်တစ်ဆိုင် ဖွင့်ထားတယ်"

"ဟင်.....ဘယ်တုန်းကလဲ"

"မနက်ကမှ"

"ကောင်းလား"

'ရှမ်းစာ'ဆို အရမ်းကြိုက်သော သီဟက မေး၏။

"ဘယ်သိမလဲ"

"သိအောင်လုပ်ထားစမ်း၊ အာ.....ရတယ်၊ မနက်ဖြန်မှပဲ သိအောင် ငါ လာလုပ်လိုက်မယ်"

"အရေးထဲ မင်းက၊ ဒီမှာ စိတ်ရှုပ်ရတဲ့အထဲ....."

ဘာမှမဆိုင်သောစကားကို ဆိုသဖြင့် သူတို့ကြောင်သွားကြသည်။

"ရှမ်းခေါက်ဆွဲဆိုင်ဖွင့်တာနဲ့ မင်းစိတ်ရှုပ်တာနဲ့က ငါလာစားမယ့်စရိတ်နဲ့များ ပတ်သက်နေလား"

သီဟက ခပ်ရွဲ့ရွဲ့မေး၏။

"မဟုတ်ပါဘူးကွာ၊ ငါ လက်ဖက်ရည်ဆိုင်ဖွင့်မှာနဲ့ ပတ်သက်နေတာ....."



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်ရပြန်ပြီ၊ ဘာဆိုင်လို့တုန်း....."

"ငါက အဲဒီနေရာမှာ လက်ဖက်ရည်ဆိုင်ဖွင့်ဖို့ ကြံစည်နေတာ"

မိုးဇော်က တဟားဟား ထရယ်သည်။ သီဟကတော့ မှတ်ချက်တစ်ခုသာ ချ၏။

"တော်သေးတာပေါ့၊ မင်းကြံစည်နေတုန်း ဟိုက ရှမ်းခေါက်ဆွဲဆိုင်လာဖွင့်သွားလို့ မဟုတ်ရင် အဲဒီနေရာက တစ်သက်ငှားရမှာ မဟုတ်ဘူး"

သူတို့ စကားကောင်းနေကြဆဲ ဆိုင်ထဲသို့ ကောင်မလေးသုံးယောက် ဝင်လာသည်။

"လက်ဖက်ရည်ကျစိမ့် သုံးခွက်"

အချိန်က မှောင်စပျိုးနေပြီ၊ ဒီအချိန် မိန်းကလေးတွေ လက်ဖက်ရည်ဆိုင်ထိုင်တာလည်း သိပ်တော့မဆန်း။ ဆန်းတာက တိုက်ပွဲကျော်မိန်းကလေးပါနေခြင်းပင်.....။

"သီဟ"

"ဘာလဲ"

"ဟိုတစ်ခါ ပြောပါရောလား"

"ဘာလဲ၊ လက်ဖက်ရည်ဆိုင်ကိစ္စလား"

"မဟုတ်ဘူးလေ၊ ငါ ကားတိုက်ခံ့တာလေ၊ ငါနဲ့ တိုက်ပွဲရေစက် ပါတယ်ဆိုတာလေ....."

"အင်း"

"အဲဒါ ဟိုဘက်သုံးယောက်ထဲက အဖြူရောင်လေး....."

သီဟနှင့် မိုးဇော် ချာခနဲလှည့်သွားကြသည်။

"ဩော်.....ဒါလား"

ဘာမှ မထူးဆန်းတာမို့ နှစ်ယောက်လုံး ခေါင်းပြန်လှည့်လာ၏။

"အတော် ကရော်ကမယ်နိုင်တဲ့ရုပ်တော့ မပေါက်ရှာဘူး"



www.burmeseclassic.com

www.burmeseclassic.com



မိုးဇော်က မှင်သေသေနှင့် မှတ်ချက်တစ်ခုချ၏။ စကားမှမဆုံးသေး.....

"ခွမ်း"

ခွက်ကျကွဲသံကြားရသည်။ ကျွန်တော်ကတော့ သေသေချာချာသိနေသူလို ထိုစားပွဲသို့ပဲ တန်းကြည့်လိုက်သည်။ သေချာတာပေါ့.....။ မမြွေချောက လက်ဖက်ရည်ခွက်ကို တိုက်ချလိုက်ပြန်ပြီထင်သည်။

အပူလောင်မသွားတာဘဲ ကျေးဇူးတင်ရဦးမည်။ ကောင်မလေးကတော့ ခပ်တည်တည်ပင် လက်ဖက်ရည်တစ်ခွက်ထပ်မှာကာ စားပွဲထိုးလေးကိုပင် 'ဒီတစ်ခါ မတိုက်ကြေး'ဟု မှာလိုက်သေး၏။

"အာဂပဲ"

သီဟက ပြုံးစိစိနှင့် မှတ်ချက်ချ၏။ ကျွန်တော်ကတော့ ယုနှင့်ဘာမှမဆိုင်သော ကောင်မလေးကို အကြည့်လွှဲလိုက်သည်။

"မင်းတို့ချင်း သိတာပဲ၊ နှုတ်မဆက်ဘူးလား"

"ဘာလို့နှုတ်ဆက်ရမှာလဲ၊ သိရုံသိတဲ့ဟာကို....."

"အေးလေ.....သီဟကလည်း သူတို့ချင်းက collision partner သက်သက်ပဲဟာ"

မိုးဇော်၏ vocabulary အသစ်ကြောင့် ရယ်ကြရသေး၏။ သီဟကတော့.....

"မင်း partner ကြည့်ရတာ မင်းမပါလည်း တိုက်နေတာပဲ"

"သူလည်း ငါ့လိုပဲ အာရုံသိပ်မရဘူး"

"ဆွဲထည့်ပြန်ပြီ၊ သူ့ဟာသူ နမော်နမဲ့ ရုပ်တီးရုပ်ပြာဖြစ်နေမှာပေါ့"

"သူ့ပုံက အဲလိုမဟုတ်ရှာပါဘူး"

ယောက်ျားတွေတန်မဲ့ ကောင်တာကိုကွယ်ကာ ကျွန်တော်တို့



www.burmeseclassic.com

www.burmeseclassic.com



အတင်းပြောနေမိကြသည်။ သူမကတော့ ဘာမှသိပုံမပေါ်။ ထပ်ရောက်လာသော လက်ဖက်ရည်ခွက်ကို အသိမဲ့သူလို သောက်နေသည်။ ဟိုနေ့က လို မှားချပေးပြီး ရေနွေးချည်းတိုက်လည်း သောက်နေမှာတော့ သေချာသည်။ ကြည့်ရတာ ကျွန်တော့်လောက်တောင် အာရုံရပုံမပေါ်.....။

မိုးဇော်က သူတက်နေသော UFLမှ ကောင်မလေးများ ဘယ်လို လှကြောင်းကို တစ်ဖွဲ့တစ်နွဲ့ပြောနေ၏။ သူ့လက်ဖက်ရည် ရောင်းအားလောက်ပင် စိတ်ဝင်စားပုံမပေါ်သော သီဟာက အားနာပါးနာနှင့် တစ်ချက်တစ်ချက် ခေါင်းဝင်ညိတ်ပေး၏။ ကျွန်တော်ကတော့ 'ယု'ထံကို အာရုံလွှတ်သွားလိုက်၊ ကိုယ့်ကိုယ်ကို ထိန်းလိုက်၊ ပြန်စီးမျောသွားလိုက်၊ စိတ်ညစ်လိုက်နှင့် အတော်လေးကို အလုပ်ရှုပ်နေသည်။

"အဲဒီကောင်မလေးက ကျောင်းမှာတော့ တော်ကော်လှသိများတာကွ၊ သိလား၊ ဒါပေမဲ့ ငါနဲ့ကျ....."

"ဂလုံဂလွှမ်"

မိုးဇော်၏စကားက လမ်းခုလပ်မှာ ရပ်သွားသလို ကျွန်တော့်စိတ်ဝိညာဉ်ကလည်း စားပွဲဝိုင်းမှာ ပြန်ရောက်လာသည်။ သတိဝင်ဝင်ခြင်း ကောင်မလေးတော့ ဘာတိုက်ချလိုက်ပြန်ပြီလဲဟု လှမ်းအကြည့် သီဟာက မျက်နှာကို ဆွဲလှည့်၏။

"ဒီမှာ"

"ဘာလဲ"

"သူများ သွားမကြည့်နဲ့၊ ဒီတစ်ခါ တိုက်ချလိုက်တာက မင်း"

"ဟင် ဟုတ်လား၊ ဘာဆိုင်လို့လဲ"

"ရေနွေးကရားအလွတ်ကို မင်းလက်နဲ့ ရွှေ့ရွှေ့ဆော့ရင်း ပြုတ်ကျသွားတာလေ....."

"ဘာ.....ငါ ဆော့နေတယ် ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်အမေးကြောင့် သီဟ စိတ်ညစ်သွားသည်။ အင်မတန်မှ စိတ်ပျက်လက်ပျက်ဖြစ်နေသော အကြည့်နှင့်သာ ကြည့်နေတော့သည်။ ဘာစကားမှ ထွက်မလာတော့.....။ မိုးဇော်ကလည်း သူ့ကောင်မလေး အကြောင်းပင် မေ့သွားရကာ ကျွန်တော့်ကိုပဲ သနားစရာသတ္တဝါ တစ်ကောင်လို ကြည့်နေပြန်သည်။

တစ်ဖက်ဝိုင်းမှ ကောင်မလေးများက ဂလုံဂလွမ်သံကြီးကတည်းက ဝါးခနဲ ထရယ်ကာ ထွက်သွားကြပြီ။ ခက်တာက တွေးရင်းတွေးရင်း ကိုယ့်လက်က ဘာကိုလုပ်နေမိမှန်း မသိလိုက်သည့်အတွက် ကိုယ့်တာသာ ကိုယ် ကျွန်တော် မကျေနပ်ချင်.....။ တကယ်တော့ 'ယု'သည် ကျွန်တော့် အတွက်တော့ လောလောဆယ် တစ္ဆေတစ်ကောင်ပင်.....။ ကျွန်တော့်ကို အလစ်ဝင်ဝင်စီးတတ်သည်။ အိုးထဲမှာ ရေနွေးတွေရှိနေလို့ကတော့ အပူလောင်ပြီးလောက်နေပြီ.....။ တော်သေးတာပေါ့.....။

"ငါ့ကို အလစ်ဝင်ဝင်စီးတတ်တဲ့.....

တစ္ဆေမကလေးရေ.....

မင်းမျက်ဝန်းတွေရဲ့ နွေးထွေးရာ ရာသီဥတုတည်ငြိမ်မှာ.....

ဘာလို့.....ငါနေထိုင်ခွင့်မရခဲ့တာတဲ့လဲ....."

✹✹✹

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



(၆)

"ရှမ်းအသုတ် နှစ်ပွဲ၊ အရည် နှစ်ပွဲ၊ အကုန် ဝက်နဲ့....."

မြတ်ဆွေမော်က ကောင်တာမှ လှမ်းအော်၏။ ဒီနေ့ ကောင်တာမှာ တာဝန်ကျတာက 'မော်'။ အနောက်မှာ Crystal အဒေါ်ကို ကူရတာက 'ဖြူ'။ Crystal ကတော့ အအေးဖျော်ဖို့ တာဝန်ကျသည်။ နွေအေးက ဒီနေ့ဈေးဝယ်.....။

Crystalတို့ ဆိုင်တစ်ခုခုဖွင့်ဖို့ အကြံရဆဲ တောင်ကြီးမှ Crystal အဒေါ်က ရန်ကုန်ဆင်းလာသည်။ သူက ရှမ်းစာအားလုံး လုပ်တတ်သည်မို့ ဒီဆိုင်လေးကို ဖွင့်ဖြစ်သွားသည်။ ဆိုင်နာမည်ကတော့ တစ်ယောက် တစ်ပေါက်နှင့် ရန်ဖြစ်လုနီးနီး ဖြစ်နေသည်မို့ အဒေါ်ကပဲ အဆုံးအဖြတ် ပေးကာ.....'ဥယျာဉ်'ဟု ပေးခဲ့ကြသည်။

သူတို့ကတော့ အားလုံးအကူလောက်သာ လုပ်နိုင်ကြသည်ဟု



www.burmeseclassic.com

www.burmeseclassic.com



ဆိုသော်လည်း တာဝန်ကတော့ မသေးပါ။ အဓိကကျသော အစားအစာကို မချက်တတ်သည်ကလွဲလျှင်ပေါ့။ တစ်လှည့်စီ ဈေးဝယ်၊ ကောင်တာထိုင်၊ အအေးဖျော်၊ မီးဖိုချောင်ကူ. အချိန်ဇယားနှင့် ထား,ထားသည်။

"ရှမ်းခေါက်ဆွဲ ဆန်စေးနဲ့ တစ်ပွဲ"

မြတ်ဆွေမော်အသံ မဟုတ်ပါ။ ၄ယောကျ်ားသံ ဖြစ်၏။

"အဲ....."

Crystal နှင့်တိုက်ရိုက်နေကျ တိုက်ရိုက်ရေးသမားကို တွေ့လိုက်ရသောကြောင့် ဖြစ်သည်။ မှာသူက သူနှင့် ပါလာသောသူ၊ နောက်တစ်ယောက်လည်း ပါသေးသည်။ စုစုပေါင်း သုံးယောက်.....။

"ဘာစားမလဲ၊ ဟေ့ကောင်.....ကလေကချေ။ ဘာစားမလဲ မေးနေတယ်"

သူငယ်ချင်းကို ခေါ်ပုံက 'ကလေကချေ'တဲ့။ 'မော်' တစ်ယောက်တည်း ကြိတ်ရယ်မိသေးသည်။

"ရှမ်းထမင်းချဉ်"

"ဝက်သားချဉ်"

ကျန်နှစ်ယောက်၏မှာသံကြောင့် ပထမလူက 'သံပုရာရည်ပါသောက်ပါလား'ဟု ရွဲ့၏။ ဒါကို တစ်ယောက်ကရအောင် သံပုရာရည်မှာသေးသည်။

"သံပုရာတစ်ခွက်"

မော့်အသံကြောင့် Crystal သကြားစစ်နေရာမှ သံပုရာသီးထယူရသည်။

"အား"

Crystal အသံကြောင့် အားလုံးပြာသွားရသည်။ မော်က အထဲပြေးဝင်ရင်း.....



www.burmeseclassic.com

www.burmeseclassic.com



"ဘာ.....ဘာဖြစ်တာလဲ"

"မား.....မားထိတာ"

"ဖယ် ဖယ်.....ငါဖျော်လိုက်မယ်၊ သွား.....ရှေ့ကောင်တာက အံဆွဲထဲမှာ ပလက်စတာနဲ့ဆေးရှိတယ်၊ သွား....."

မော်က ပြောပြောဆိုဆို သံပုရာရည်ကို ဆက်ဖျော်၏။ ဖြူကတော့ နောက်မှ ထွက်လိုက်လာကာ အားပေးရှာသည်။

"အာရုံက လွတ်ပြန်ပြီလား"

"မဟုတ်ရပါဘူးဟာ"

"ဘာ မဟုတ်ရမှာလဲ၊ မဟုတ်ဘဲ မားထိမလား၊ ပေး.....ငါ ဆေးထည့်ပေးမယ်"

ပြောဆိုနေရင်းကပင် ဖြူက ဆေးထည့်ပေး၏။ ဒေါ်လေးက ခေါက်ဆွဲကို ကိုယ်တိုင်လာချပေးသည်။ ခဏနေတော့ မြတ်ဆွေမော် ထွက်လာ၏။

"ဆော်ရီးနော်၊ တစ်ယောက် မားထိသွားလို့ နည်းနည်းကြာသွားတယ်"

"ရတယ် ရပါတယ်၊ ကိစ္စမရှိဘူး၊ သူက မားမထိလည်း ခွက်လာချရင် ခလုတ်တိုက်မှာပဲ"

တစ်ယောက်သောလူ၏စကားကြောင့် မော် ခွီးခနဲ ထရယ်၏။ ဖြူကတော့ သိပ်နားမလည်ချင်သော်လည်း လှမ်းအကြည့်မှာ တွေ့လိုက်ရသော Crystal ၏ တိုက်ပွဲဖော်ကို တွေ့လိုက်ရတာမို့ မရယ်ဘဲ မနေနိုင်တော့သဖြင့် ရယ်မိတော့၏။ Crystal မှာသာ စိတ်ဆိုးရခက် မဆိုးရခက်.....။

"ရှင်ကျတော့ရော ဘာမှမဖြစ်လို့လား"

တိုက်နေကျ လူကိုကြည့်ကာ ပြောလိုက်တော့ ထိုသူက အူ



www.burmeseclassic.com

www.burmeseclassic.com



ကြောင်ကြောင်ပြန်ကြည့်ကာ.....

"အာ.....ခုနကပြောတာ ကျွန်တော်မဟုတ်ဘူး၊ ကျွန်တော်က နားလည်တယ်၊ အချင်းချင်းပဲ"

"ဘာ.....အချင်းချင်းလဲ"

"အာရုံမကပ်တဲ့ လူအချင်းချင်း"

Crystal ပြုံးမိ၏။

စောစောက ပြောသောလူက စားလက်စကိုရပ်ကာ စကားလှည့်ပြော၏။

"စိတ်မရှိပါနဲ့၊ နောက်တာပါ"

"ရပါတယ်"

ဖြူက တုံ့ပြန်၏။ ထိုလူကပင် စကားဆက်ပြန်သည်။

"ဒီကောင်က ဒီရွှေမှာ အလုပ်လုပ်တာ....."

"ဟုတ်လား"

"သူ့နာမည်က လူကြီးမင်းတဲ့"

"ဟင် တကယ်....."

"တကယ်ပါ၊ မယုံမရှိပါနဲ့၊ လူက Personality သိပ်မကောင်းတော့ နာမည်ကို အဲလိုမှည့်ရရှာတာ၊ ကျွန်တော်တို့လို မဟုတ်ဘူး၊ ကျွန်တော့်နာမည်က သီဟ၊ ဟိုနေ့က ခင်ဗျားတို့ လက်ဖက်ရည်ခွက်လာခွဲတဲ့ 'သီဟ' လက်ဖက်ရည်ဆိုင်က....."

"စားပွဲထိုးလား"

Crystal က မကျေမနပ်ဝင်မေးတော့ ရယ်၏။

"မဟုတ်ပါဘူး၊ ဖျော်ဆရာ"

"ဒီလောက်တော့ ယုံပေးလိုက်ပါမယ်"

အားလုံးရယ်မိကြ၏။



www.burmeseclassic.com

www.burmeseclassic.com





"သူက မိုးဇော်"

"ဟုတ်"

သူတို့သုံးယောက်လုံး မိတ်ဆက်ပေးပြီးသွားသော်လည်း Crystal တို့ဘက်က မလှုပ်.....။ Crystal ကတော့ နဂိုကတည်းက ဒါမျိုး မလုပ်တတ်တာ.....။ ဒါတိုင်းသွက်သော မော်ကလည်း သူ့တာဝန်မဟုတ်သလို.....။ ဖြူကတော့ ထုံးစံအတိုင်း ခပ်တည်တည်နှင့်။

"တွေ့ရတာ ဝမ်းသာပါတယ်၊ လိုတာရှိပြောနော်"

ပြောပြီး မီးဖိုထဲပြန်ဝင်ရန်ပြင်သဖြင့် သီဟဆိုသူက.....

"ဒီမှာ မအတ္တာ.....ဟင်းရည်လေး"

ဖြူ ရယ်ချင်သွားရသည်။ ရယ်ရမှာကလည်း အခက်။ ထို့ကြောင့် ခပ်တည်တည်နှင့်ပင် ဟင်းရည်ခွက်ယူကာ ဖြည့်ပေးလိုက်၏။ ဒီတစ်ခါ တော့ 'လိုတာရှိပြော'ဟုပင် မပြောခဲ့တော့။ ဒီတစ်ခါ အလှည့်ကျသူက 'မော်'။

"ဩော် မအတ္တာ.....သွားကြားထိုးတံလေး"

မိုးဇော်ဆိုသူက ကောင်တာကိုလာကာ သွားကြားထိုးတံ လာယူ၏။ ခဏနေကျတော့.....

သီဟက လှမ်းအော်ပြန်သည်။

"ဟို မ.....မတိုက်ပွဲကျော် စပါကလင်တစ်ပုလင်းလောက် ပေးပါ"

Crystal ရယ်မိလေပြီ။ ဒီလူတွေက ခင်စရာတော့ ကောင်းမည့်ပုံ ပေါက်သည်။ ကြည့်ရတာ ဆိုးဆိုးရွားရွားလည်း ဟုတ်ပုံမပေါ်။

"ရော့"

"ကျေးဇူးပဲ၊ မ.....တိုက်"

"ဒီမှာ"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မနာမည်က 'သလင်းပွင့်'တဲ့၊ Crystal လို့ခေါ်ကြတယ်၊ သူက မော်.....'မြတ်ဆွေမော်'တဲ့၊ ခုနက ဟင်းရည်လာချပေးတာက ဖြူ.....'ယမင်းဖြူ'တဲ့၊ ဒီဆိုင်က သူငယ်ချင်းလေးယောက်နဲ့ အဒေါ် တစ်ယောက် စုဖွင့်တာ....."

"တစ်ယောက်ကကော....."

မိုးဇော်က ဝင်မေး၏။

"ဈေးသွားဝယ်တယ်"

"ဩော်.....အဲဒီ မအတုက ဈေးသွားဝယ်နေတာလား"

"ဟင်းဟင်း.....သူ့နာမည်က 'နွေအေး'တဲ့"

သီဟက အဒေအးသောက်ရင်း ပြော၏။

"ခင်ဗျားတို့ကို သူ ပြောပြထားလို့ သိနေတာ၊ အထူးသဖြင့် တိုက်ပွဲကျော်မလေး ခင်ဗျား....."

"ရှင်တို့လူကရော မတိုက်တတ်လို့လား"

"တူတူပါပဲ၊ သူ ဘာဘူကြီးဆို ခင်ဗျား အရာကြီးပါပဲ"

ဒီလောက်ကြီး ပြောဖြစ်သွားတာတောင် 'လူကြီးမင်း' အသံမပါ။ ကြည့်ရတာ အသက်တောင်ရှိရဲ့လား ထင်ရသည်။

"သူ့ကြည့်ရတာ ကျွန်မထက် ဆိုးမှာပါ"

သီဟက Crystal စကားကြောင့် ရယ်၏။

"ဘာရယ်တာလဲ"

"သူကလည်း ကျွန်တော့်ကို ပြောဖူးတယ်၊ ခင်ဗျားက သူ့ထက်ပို ဆိုးတယ်တဲ့"

Crystal ရယ်၏။

"အင်း.....လောလောဆယ်တော့ ရှင့်လူကို အရင် ဗိုင်းထဲ ပြန်ရောက်အောင် ခေါ်လိုက်ပါဦး"



www.burmeseclassic.com

www.burmeseclassic.com



Crystal စကားဆုံးတော့ 'လူကြီးမင်း' ခေါင်းမော့လာကာ...... Crystal ကို အူကြောင်ကြောင် ရယ်ပြ၏။

သီဟက ခေါင်းတခါခါနှင့် စိတ်ညစ်နေဆဲ မော်က တခွိခွိ ရယ်၏။

"ကြာရင် ဘေးလူတွေ ရှူးမှာစိုးရတယ်"........

"ဗျာ"

မြတ်ဆွေမော်၏စကားကိုတော့ ကြားလိုက်ပုံရသည်။

"ဩော်.....ရှင်တို့ကြည့်နေရင် ဘေးလူပါ စိုးရိမ်ရတယ်လို့ ပြောတာ၊ တစ်ယောက်တည်းနဲ့တောင်. ရှူးချင်ရတဲ့အထဲ အဲလိုနောက် တစ်ယောက်နဲ့ ထပ်သီခွင့်ရတာ ကျွန်မတို့ ကံတရားပါပဲ"

"me two....."

"we three....."

သီဟနှင့် မိုးဇော်က ထောက်ခံ၏။ Crystal ကတော့ သိပ် မထောက်ခံချင်ပါ၊ ဂိုယ့်ဘာသာကိုယ် ရှူးသွပ်တာ အပြစ်တဲ့လား.....ဟု တွေးနေမိလေသည်။

''စိုးရိမ်ရေမှတ်ကိုလည်း ကျော်ခဲ့ပြီးပြီ.....
ကံကြမ္မာတွေကလည်း နိမ့်ဆင်းသွားလိုက်တာ.....
ကောင်းကင်မှာ ကိမ်တွေတောင်မရှိတော့ဘူး.....
ဘာများမွှားနေပါသလဲကွယ်.....''



www.burmeseclassic.com

www.burmeseclassic.com



(၅)

ရုံးမှာ တစ်ခုခုလွတ်ကျလျှင်ပဲဖြစ်ဖြစ်၊ တစ်စုံတစ်ခုနှင့် သတိလက်လွတ်တိုက်မိလျှင်ပဲဖြစ်ဖြစ် တစ်ယောက်တည်းရှက်ကာ.....တိုက်ပွဲကျော်မလေးကို သတိရမိတတ်သည်။ ခဏာပါပဲ.....။ ယုလောက်တော့ ကျွန်တော့်ကို မလွှမ်းမိုးနိုင်.....။

သီဟနှင့်မိုးဇော်ရောက်လာလျှင် ကျွန်တော်တို့ 'ဥယျာဉ်'မှာ သွား ထိုင်တတ်သလို၊ သူတို့လေးယောက်ကလည်း ရက်ခြားလောက် 'သီဟ'မှာ ညဖက် လာလာထိုင်တတ်သည်။

"ဒီနေ့ ဟိုကောင်မလေးတွေ ရောက်မလာသေးပါလား"

မိုးဇော်က သတိတရပြော၏။

"မနေ့ညကပြောတော့ ဒီနေ့လည်း လာမယ်ပြောတာပဲ"

သီဟကလည်း မျှော်လင့်နေတတ်ပြီလား မသိ.....။



www.burmeseclassic.com

www.burmeseclassic.com



ခုမှ ကျွန်တော်တစ်စုံတစ်ခုကို သတိရသွားကာ.....သီဟာကို မေးရ၏။

"သတိရတုန်း မေးရဦးမယ်"

"မေးပါ မေးပါ.....မင်း အသိဝင်တုန်းမေးတာ ဖြေရမှာပေါ့" သီဟာက ခပ်ရွဲ့ရွဲ့ကလေး ဆို၏။

"Crystal က ဘာဖြစ်လို့ အာရုံမကပ်ရတာလဲ သိချင်တာ....."

"ခုမှ မေးရလား"

"ခုမှ အတွေးဝင်လာတာကိုး....."

"သူလည်း မင်းလိုရောဂါပဲ.....အတူတူပဲ"

"ငါ့လိုပဲ ဟုတ်လား"

"ဟုတ်တယ်"

"ဒါဆိုရင် သူ့ကို သူ့ရည်းစားက ထားသွားတာပေါ့"

"ဒါပေါ့"

"ဟာ.....သနားပါတယ်"

"အေး.....ပိုထူးဆန်းတာ ရှိသေးတယ်"

"ဘာလဲ"

"သူ့ရည်းစားနဲ့ သူပြတ်တာကလည်း မင်းနဲ့ယု လမ်းခွဲရတဲ့နေ့ပဲ၊ ကားချင်းတိုက်ကြတဲ့နေ့လေ"

"ဩော်.....ဒါကြောင့် တိုက်မိကြတာကိုး၊ အေးလေ.....ငါတောင် အတော်ထိခိုက်သေးတာပဲ၊ သူက မိန်းကလေးဆိုတော့ ပိုပြီး....."

"မင်းထက် မာတာပေါ့"

ကျွန်တော့်စကားကို မိုးဇော်က ရယ်ကျဲကျဲနှင့် ဆက်မေး၏။

"မမာပါဘူးကွ"

သီဟာက အမြင်ကပ်လာဟန်နှင့် ဝင်ပြော၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ....."

"ဘာလဲ"

"ခုချိန်မှာ မင်းတို့နှစ်ကောင်လုပ်ရမှာက သူသာတယ်၊ ငါသာတယ် ပြိုင်ရမှာမဟုတ်ဘူး၊ နှစ်ယောက်လုံး ကိုယ့်ကိုယ်ကို settle ဖြစ်အောင် လုပ်ရမှာ.....မင်းလည်း ငါတို့လူငယ်ချင်းပဲ၊ Crystal ဆိုလည်း ခု.....ငါတို့ညီမလေးလိုပဲ၊ နှစ်ယောက်လုံးကို စိတ်ဖြေသာမှုရပြီး ကိုယ့်ကိုယ်ကို ဆောက်တည်နိုင်စေချင်တယ်"

"ဘာတွေဆောက်တည်နေတာလဲ"

စကားနှင့်အတူ Crystal တို့အုပ်စု ရောက်လာသည်။

"သတိဆိုတဲ့ နေအိမ်လေးကို တည်ဆောက်ခိုင်းနေတာ....."

"ဘယ်သူ့ကိုလဲ"

"လူကြီးမင်းနဲ့ Crystal ကို"

သူ့နာမည်ကြားမှ Crystal ခေါင်းထောင်လာသည်

"Crystal ကို.....ဘာလို့လဲ"

"ပျော်ပျော်နေစေချင်တာ....."

"ကြိုးစားနေတာပဲ"

"အာရုံကပ်စေချင်တာ....."

"ကြိုးစားနေတာပဲ"

Crystal က သီဟစကားကို ရယ်ကျဲကျဲလေးလုပ်ကာ ဖြေ၏။ ပြီးမှ.....တစ်စုံတစ်ခုကို သတိရသွားဟန်နှင့်.....

"Crystal က ဟုတ်ပါပြီ၊ ကိုလူကြီးမင်းက ဘာဖြစ်နေလို့လဲ"

"ဟော ကြည့်.....တစ်ယောက်ကလည်း ခုမှ အာရုံရတယ်"

"အာ.....ကိုသီဟကလည်း တစ်ခါလာလည်း ဒီအာရုံပဲ"

"မဟုတ်လို့လား"

www.burmeseclassic.com



"ဟုတ်ပါတယ်၊ ကဲ..... Crystal မေးတာ ဖြေပါဦး"

"လူကြီးမင်းမှာလည်း နင့်လိုပဲ ရောဂါရှိတယ်လေ၊ တူတူပဲ၊ ခုပဲ ရှင်းပြနေတာ၊ နင်တို့ ကားတိုက်တဲ့နေ့ကအကြောင်း....."

Crystal ရှက်သွားသလို ငိုချင်သလို ဖြစ်သွားပုံရသည်၊ ကျွန်တော် တောင် ခုထိ 'ယု'နှင့်ပတ်သက်သော အကြောင်းအရာတစ်ခုခု တိုက်ဆိုင် တိုင်း တွေဝေးသွားရသေးတာပဲ.....။

"ကိုလူကြီးမင်းက ယောက်ျားလေးဖြစ်ပြီး ကောင်မလေးက ထား သွားတယ် ဟုတ်လား"

"အလိုလေးလေး.....မရွှေCrystal လောကမှာ ကောင်မလေး တွေကိုပဲ ကောင်လေးတွေက ထားသွားပြီး၊ ကောင်လေးတွေကို ဘယ် ကောင်မလေးကမှ မထားသွားတတ်ဘူးလို့ ခင်ဗျားလေးက ထင်နေလို့ လား"

မိုးဇော်စကားကြောင့် Crystal ဇက်လေးပုသွားရသည်။

"အဲလို မဆိုလိုပါဘူး"

"အဲဒီအတိုင်းပါပဲ"

"ကဲ.....ထားပါ"

"ထားပါတယ်"

"ခု.....Crystal က အလုပ်လုပ်နေတယ်လေ၊ ပြီးတော့. ... ကိုသီဟတို့ဆိုင်ကို နေတိုင်းလောက်လာပြီး ပျော်ပျော်ရွှင်ရွှင် စကားပြော နေကြတာပဲ"

"နင်ပြောတာလား၊ သူများပြောတာလား"

"အာ....."

မော်၊ ဖြူနှင့် နွေတို့က မလှုပ်၊ သူတို့ပြောမရခဲ့တာ ကိုသီဟ ပြောလျှင် ရလောက်မလားဟူသော မျှော်လင့်ချက်နှင့် ငြိမ်နေတာ ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



နိုင်သည်။

"နင်.....အရင်က စကားနည်းလား"

"မနည်းဘူး"

ဖြူက ခပ်မြန်မြန်လေး ဝင်ဖြေ၏။

"ခုလိုပဲ.....စိတ်လွတ်ပြီး ဟိုကျကွဲ, ဒီကျကွဲ၊ ဟိုတိုက်, ဒီတိုက် ဖြစ်လား"

"မဖြစ်ဘူး"

မော်က ဝင်ဖြေပြန်သည်။

"အရင်ကနဲ့ ပြန်တူအောင်နေဖို့ မစဉ်းစားတော့ဘူးလား"

Crystal စဉ်းစားနေဟန်နှင့် ငြိမ်သွားသည်။ ကျွန်တော့်ကို ဒီမေးခွန်းမျိုးလာမေးလျှင် ဘယ်လိုဖြေရပါ့မလဲဟု စဉ်းစားနေမိသည်။ အတန်ကြာမှ Crystal အသံထွက်လာ၏။

"အရင်ကလို ဘာမှမတိုက်မိဘဲ နေလို့ရအောင် နေလို့ရတယ်၊ စကားများများပြန်ပြောတာက ပြောလို့ရတယ်၊ ပျော်တာက ရာနှုန်းပြည့်မဟုတ်တောင် ပျော်ကြည့်လို့ရတယ်၊ ဒါပေမဲ့....."

"ဘာ ဒါပေမဲ့လဲ"

"အဲဒီအဖြစ်အပျက်ကြီးကိုရော သူ့ကိုရော မေ့လို့ရမှာ မဟုတ်ဘူး"

Crystal ၏ရိုးသားပွင့်လင်းမှုကို ကျွန်တော်အံ့သြရသည်။ ကျွန်တော်လည်း ဒီလိုဖြေချင်ပေမယ့် ဖြေမိမည်မထင်။ ယောကျ်ားများသည် မိန်းမများထက် အတ္တကြီးတတ်ကြသလား.....။ Crystal ကိုတော့ ထောက်ခံပေးလိုက်သည်။

"Crystal ပြောတာကို ထောက်ခံတယ်"

"အင်းနော်၊ ဒါမျိုးက ကိုယ်ချင်းစာတတ်မှ လာ....."



www.burmeseclassic.com

www.burmeseclassic.com



ပြောပြောဆိုဆို လက်ဝါးချင်းရိုက်ရန် လက်မြှောက်လာသဖြင့် ကျွန်တော်တို့ လက်ဝါးချင်း 'ဖြောင်း' ခနဲနေအောင် ရိုက်လိုက်ကြသည်။ ကျွန်ငါးယောက်မှာတော့ ဘာပြောရမှန်းမသိတွေ ဖြစ်ကုန်ကြကာ..... စိတ်ပျက်လက်ပျက်ဖြစ်ကုန်ကြတော့သည်။

"အင်း.....ဘုန်းကြီးရှူးနဲ့ လေ့လူးနဲ့ လိုက်ပါ"

သီဟက ငေါ့တော့တော့ မှတ်ချက်ချ၏။

"အင်းလေ.....သူတော်ချင်းချင်း သီတင်းလွေ့လွေ့ဆိုတာ ဒါမျိုးပေါ့"

ဖြူကလည်း မျက်နှာလုလုလေးကို မဲ့ကာရွဲ့ကာ ပြော၏။

"ဒီတစ်သက်တော့ လက်ဖက်ရည်ဆိုင်ဖွင့်ဖို့ မသေချာတော့ပါ"

မိုးဇော်က သီဟကို အဓိပ္ပါယ်ပါပါပြောတာမို့ ကျွန်တော် ရယ်မိသည်။

"သီဟ လက်ဖက်ရည်ကို မမိမှာစိုးလို့ပါ"

အဓိပ္ပါယ်မသိသော နွေအေးတို့ ဖြူတို့ကို ရှင်းပြရသေးသည်။

စကားဝိုင်းထဲသို့ ကျွန်တော်လည်း မသိမသာ ဝင်ရောက်ကြည့်မိ သလို Crystal လည်း သိသိသာသာ ပါဝင်လာတာ၊ ရယ်ရွှင်ဖို့ ကြိုးစားနေတတ်တာကို တွေ့ရသည်။ ဒီကြားထဲကမှ တစ်ခုခုကျကွဲပြီလား၊ ပြုတ်ကျပြီလားဆိုရင်တော့ အားလုံး၏မျက်လုံးများက ကျွန်တော်နှင့် Crystal ထံ စွေစောင်းရောက်လာတတ်ကြမြဲ.....။

"လောကမှာ ကွဲစရာ၊ တိုက်စရာကုန်တဲ့ နေ့တစ်နေ့ကျရင်တော့ ဒီနှစ်ကောင် ပြန်ကောင်းလာလောက်ပါရဲ့"

"မျှော်လင့်ရတာပေါ့လေ"

သီဟနှင့် မိုးဇော်က ထိုသို့ မှတ်ချက်ချကြ၏။

နွေအေးကတော့ ဘာမှမပြော.....။ မြတ်ရွှေမော်ကတော့



www.burmeseclassic.com

www.burmeseclassic.com



ခုတလော ဝင်ရှုလိုက်မှာကြောက်သည်ဟုဆိုကာ တိတ်နေတတ်သဖြင့် ပြော မည့်သူက ယမင်းဖြူသာ ကျန်တော့သည်။

"အရာအားလုံးကို ဖြတ်ကျော်သွားပြီး ပြန်လှည့်ကြည့်ရတဲ့ နေ့တစ်နေ့ဟာ ခုမြင်နေရတဲ့မြင်ကွင်းနဲ့ မတူတော့တာကို သတိထားမိလာကြလိမ့်မယ်၊ အဲဒီအခါကျ ဒီဖြစ်ရပ်တွေကို အထက်စီးကနေကြည့်ပြီး ပြုံးနေနိုင်ကြပါစေလို့ပဲ ဖြူ ဆုတောင်းပါတယ်"

ဖြူ့စကားက အဓိပ္ပါယ်ပြည့်ဝလှသည်။ သို့သော် အချို့သော အနှစ်သာရရှိသည့် အဓိပ္ပါယ်လေးနက်သော စကားများသည် နားဝင်မချိုလှကာ လက်ခံဖို့လည်း ခက်ခဲတတ်ကြသည်လေ.....။

"ဘယ်လိုဝဋ်ဝေဒနာတွေကများ
ငါ့ကိုခေါင်းခါသွားစေခဲ့တာလဲ.....
ခုတော့.....လောလောလတ်လတ်ကြီးကို.....
လက်မခံတတ်ခြင်းတွေနဲ့ ငါ ကျုံ့ဖွဲ့လို့....."



www.burmeseclassic.com

www.burmeseclassic.com



(၅)

Crystal တို့ဆိုင်ကလေးက တနင်္ဂနွေပိတ်သည်။ လူကြီးမင်းတို့ အလုပ်ကလည်း တနင်္ဂနွေတစ်ရက်ပဲ နားသည်။ နားရက်ချင်းတူတော့ သူတို့တွေ Crystal တို့နှင့် ပိုရင်းနှီးလာသည်။

"ဆိုင်က ဘာလို့ Sunday ပိတ်တာလဲ"

"ဒေါ်လေးက ခရစ်ယာန်လေ....."

"ကောင်းပါတယ်၊ အလုပ်လုပ်တယ်ဆိုတာ နားချိန်လည်း ရှိရတယ်"

ခုတလော လူကြီးမင်းနှင့် Crystal က သပ်သပ် စကားပြောဖြစ်တာများသည်။ တခြားတော့ မဟုတ်ပါ။ ခံစားချက်ချင်း ဖလှယ်ကြခြင်းဖြစ်သည်။ လူကြီးမင်းက 'ယု'အကြောင်း ပြောသည်။ Crystal က 'ကိုကိုမောင်'အကြောင်း ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ယုက လှလား"

"အင်း.....ကျွန်တော့်မျက်စိထဲတော့ လှတယ်ဗျ၊ ဒါပေမဲ့ ယုက ကျွန်တော့်အတွက် နတ်သမီးသက်သက် မဟုတ်ဘူး"

"ဘာဖြစ်သေးလဲ"

"နွေးထွေးမှုပေးတဲ့ မီးလင်းဖိုလေးလည်း ဖြစ်တယ်"

"ကိုလှူကြီးတို့က ဘယ်နှနှစ်လောက် တွဲခဲ့တာလဲ"

"ငါးနှစ်ကျော်ပဲ"

"ဟင်.....ဒီလောက်တွဲခဲ့ကြပြီးမှ၊ Crystal တို့က နှစ်နှစ်တောင် မပြည့်သေးဘူးလေ"

"အချိန်က အဓိက မဟုတ်ဘူး"

"ဟုတ်တယ်နော်၊ အချိန်တွေကြာပေမယ့်လည်း ခိုင်မြဲချင်မှ ခိုင်မြဲ တတ်တာ၊ လူဆိုတာက စိတ်အမျိုးမျိုး မဟုတ်လား"

"ကျွန်တော်ကတော့ ယု ကျွန်တော့်ကိုခွဲသွားတာ သူ့ဆန္ဒ မပါ ဘူးလို့ ယုံချင်နေတယ်"

"Crystalတော့ ယုံကြည်ချင်လို့တောင် အခွင့်မရှိပါဘူး ကိုလှူကြီး ရာ၊ ကိုကိုကိုယ်တိုင်က ဖွင့်ဟဝန်ခံသွားတာပဲ၊ စိမ့်က သူ့အချစ်ဦး၊ နှစ်ယောက်ယှဉ်တော့လည်း စိမ့်ဘက်ကပဲ အားသာလို့ စိမ့်ကို ရွေးသွား ခဲ့တာပေါ့၊ ဒါပေမဲ့....."

"ဒါပေမဲ့.....ဘာဖြစ်လဲ"

"ခက်တယ် သိလား၊ Crystal ကိုကိုကို လုံးဝစိတ်မနာဘူး"

"ကျွန်တော် ယုံပါတယ်၊ ကျွန်တော်လည်း ယုကို နာကြည်းကြည့် တယ်၊ ကျွန်တော့်ထက် အဆများစွာချမ်းသာတဲ့သူကို ရွေးသွားတဲ့ မိန်းမ လို့....."

"ဒါပေမဲ့ မရဘူးမဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်"

"ဒါကြောင့်ပြောတာ Love cannot be created nor destroyed လို့"

Crystalစကားကြောင့် လူကြီးမင်း ရယ်သည်။

"ကြံကြံဖန်ဖန် ဒါ Conservation Law တွေကို ပြောတာ မဟုတ်လား"

"အင်းလေ.....ဒါလည်း Conservation Law တွေလိုပဲပေါ့"

"မဟုတ်ဘူး Crystal ရဲ့"

"အချစ်က တကယ်ကျ မတည်မြဲဘူးလို့ ပြောမလို့မဟုတ်လား ဒါက လူတွေနဲ့ဆိုင်တယ် ကိုလူကြီးရဲ့၊ တကယ့်ချစ်ခြင်းမေတ္တာကတော့ ဖန်တီးယူလို့မရသလို ဖျောက်ဖျက်လို့လည်း မရပါဘူး"

လူကြီးမင်း ဘာမှပြန်မပြောတော့.....။

သီဟနှင့် ယမင်းဖြူ နွေအေးတို့က အေးအေးဆေးဆေး စကားပြောနေကြသည်။ သူတို့ကလည်း ပြောလိုက်မှဖြင့် ကြီးကြီးကျယ်ကျယ်တွေချည်း.....။ သူတို့က စာဖတ်အားလည်း ကောင်းကြသည်ကိုး.....။

မိုးဇော်နှင့် မော်က ကျားထိုးဖက်။ ရောက်တာနှင့် ကျားခုံခင်းကာ ထိုးကြတော့သည်။ ပြီးလျှင် နိုင်သူက ကျွေးသော အစားအစာတစ်ခုခုကို အားလုံးက လိုက်စားရုံသာ.....။

"ဖြူ ဟိုမှာကြည့်စမ်း"

သီဟ ညွှန်ရာကြည့်မိတော့ စကားပြောရင်း ရယ်မောနေကြသော.....လူကြီးမင်းနှင့် Crystal ၊ ဖြူက ရယ်သည်။

"သူတို့ချင်းကျ ဟုတ်နေတာပဲ"

"အမလေး.....အဲဒါ ပြောချင်တာပြောလို့ရလို့ပါ"

သီဟက မိန်းမကြီးလို ခပ်ငေါ့ငေါ့ပြော၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါ့၊ ဖြူတို့က ကိုကိုမောင့်အကြောင်း ဆိုစကားတောင် အစခံတော့တာ မဟုတ်ဘူး၊ ဒါက သူ့အတွက်ပါ"

"ကျွန်တော်တို့လည်း ဒီလိုပဲ.....သူ့ကို 'ယု'အကြောင်း ပြောခွင့် မပေးဘူး"

"ဒါကြောင့် သူတို့ချင်း အဆင်ပြေနေတာ"

ဖြူက မှတ်ချက်ချ၏။

နွေအေးကတော့ တွေးတွေးဆဆလေး ပြောရှာသည်။

"သူတို့မှာလည်း တကယ်တော့ ရင်ဖွင့်ဖော်လိုတာပေါ့ ဖြူရယ်၊ နားလည်ပေးလိုက်ပါ"

"နားက လည်ပါတယ်၊ ခဏခဏ ရင်ဖွင့်နေတော့ သူတို့ ပင်ပန်း တာပေါ့"

"ဒါက နင်ထင်တာလေ၊ ခု သူတို့ကြည့်ရတာ ပင်ပန်းလို့လား၊ အချင်းချင်း အားပေးနေကြမှာပေါ့"

"ဒါလည်း ဖြစ်နိုင်တာပဲ"

"OK.....Let's change subject"

ကိုသီဟက စိတ်မရှည်သလို ဝင်ပြောမှပဲ ဖြူနှင့် နွေအေးစကားကို လက်စသပ်လိုက်ရသည်။ စတုန်းက သူပဲစပြီး ခုတော့.....သူ မဟုတ်သလိုနှင့်.....။ ကိုသီဟက ထိုသို့သော အစဖော်သမားဖြစ်သည်။

"ဟေး.....ငါနိုင်ပြီ"

မိုးဇော် လက်သီးလက်မောင်းတန်းကာ အော်၏။ 'မော်'ကတော့ မျက်နှာလေးရှုံ့မဲ့လို့.....။ စောစောကပွဲလည်း 'မော်'ရှုံးသည်။ သုံးပွဲရှုံး၍ကတော့ 'မော်'တော်တောင်မှ ဒီအုပ်စုနှင့်က ဘာမှသိပ်မစားရ.....။ အနားက အသုပ်ဆိုင်မှ ထမင်းဖြူနှင့် အသုပ်စုံလောက်သာ အများဆုံး စားရခြင်းဖြစ်သည်။ ကိုသီဟက တစ်ခါတစ်လေ လက်ဖက်ရည်တိုက်ပါလားဟု ဆွယ်



www.burmeseclassic.com

www.burmeseclassic.com



သော်လည်း မရ။ ကိုယ့်အိတ်ထဲက စိုက်ထုတ်လို့ရလို့က ခုနောက်ပိုင်း သီဟ လက်ဖက်ရည်ကို လှည့်ပင်မကြည့်။ အလကားတိုက်မှ သောက်ကြ သူချည်း ဖြစ်လာသည်။

"မော်.....နင့်ဘက်က ငါကူရမလား"

လူကြီးမင်းက လှမ်းမေးသော်လည်း မော်က အကြောက်အကန် ငြင်း၏။

"အမလေး.....ကျေးဇူးတင်တယ် ကိုလူကြီး၊ ရတယ်၊ ဒါ..... ကျားထိုးတာ 'ယု'ထိုးတာ မဟုတ်ဘူး၊ နားကြားလွဲထားလို့လား"

မော့်စကားကြောင့် အားလုံးက ဝိုင်းရယ်ကြ၏။ ဒါမျိုးကျတော့ လူကြီးမင်းလည်း နာရကောင်းသည်ဟုပင်မထင်။ သူ့ကို ချီးမြှောက်သည် ဟု မှတ်ထင်ကာ.....သွားတဖြီးဖြီးပင် ဖြစ်နေသေး၏။

"ကိုလူကြီးက ကျားထိုးတတ်လို့လား"

"တတ်တာပေါ့၊ ယောကျ်ားလေးပဲ"

"ကိုကိုကတော့ မတတ်ပါဘူး၊ ယောကျ်ားတိုင်း ကျားထိုးတတ်ရ မယ်လို့ ဘယ်သူကပြောလဲ"

"လူကြီးမင်း"

လူကြီးမင်းက ရယ်ကာနောက်၏။

"ဒါဆို မော်ကရော....."

"ကိုယ့်သူငယ်ချင်းကို သေချာစစ်ကြည့်ဦး၊ normal ဟုတ် သေးရဲ့လားလို့"

"အံမယ်.....ဟုတ်ပါတယ်"

"Crystal က ဘယ်လိုသိလဲ"

"သိတာပေါ့၊ ပေါင်းနေတာကြာလှပြီ"

"သူဖြင့် အာရုံမကပ်ဘဲနဲ့"



www.burmeseclassic.com

www.burmeseclassic.com



Crystalက ဘာဆက်ပြောရမှန်း မသိတော့သဖြင့် ရယ်လိုက်မိသည်။

"တော်သေးတယ်နော်၊ ကိုလူကြီးက အသည်းကွဲလို့ဆိုပြီး အရက်တွေ၊ ဘာတွေ မသောက်ဘူး"

"အာ.....ဘာလို့သောက်ရမှာလဲ၊ ယုက အရက်သောက်တာ မကြိုက်ဘူး"

"ကိုကိုကတော့ တစ်ခါတစ်ခါသောက်တယ် သိလား"

"Crystal က ခွင့်ပြုလား"

"ခွင့်ပြုတာပေါ့၊ သူ့ဆန္ဒကို မပိတ်ပင်ချင်ပါဘူး၊ Crystal က ကိုကိုဖြစ်ချင်တာဆို အကုန်ဖြည့်ဆည်းပေးတာ၊ သူ လိုအပ်တာတွေကော ပညာရေးနဲ့ပတ်သက်လို့ လိုအပ်တာက အစပေါ့"

လူကြီးမင်းက Crystal စကားကြောင့် တစ်စုံတစ်ခုကို စဉ်းစားမိသလို ငြိမ်သက်သွားသည်။

"ဘာဖြစ်သွားတာလဲ"

"တစ်ခုတွေးမိလို့"

"ဘာလဲ"

"ဩော်.....ကျွန်တော်တို့က ပေးဆပ်ခဲ့တဲ့ဘက်ကချည်းမို့ သူတို့ တန်ဖိုးမထားတတ်တာလားလို့"

"Crystal မရှင်းဘူး"

"ဒီလိုလေ..... Crystal တစ်ခုခုလိုချင်ရင် မိဘဆီက တောင်းရတယ် မဟုတ်လား"

"ဒါပေါ့ ကိုလူကြီးရဲ့"

"Crystal မတောင်းဘဲ ရတာတွေလည်း ရှိမှာပဲ"

"အင်း.....ရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်လိုချင်လို့ တောင်းရတာနဲ့ မတောင်းဘဲရတဲ့ပစ္စည်း Crystal ဘာကို ပိုပြီး မြတ်နိုးတတ်တယ်ထင်လဲ"

လူကြီးမင်းစကားကြောင့် Crystal တွေသွားသည်။ ပြီးမှ ခေါင်းလေးညိတ်ကာ.....

"အင်း.....ဟုတ်တယ်၊ ကိုယ်လိုချင်လို့ ပူဆာရတဲ့ပစ္စည်းကို ပိုပြီး မြတ်နိုးတတ်တယ်"

"အဲဒါမျိုးပေါ့။ ကျွန်တော်တို့က ပေးဆပ်ခြင်းလို့ ခံယူထားသူတွေ ဆိုတော့ ဘာကိုမှ မမြင်မိဘူး။ ကျွန်တော်တို့ရဲ့ ပေးဆပ်မှုတွေကို တန်ဖိုးထား မခံရတော့မှဘဲ ခုလို တွေးမိတော့တာ....."

"ကံတရားလည်း ပါမှာပေါ့နော်"

Crystal က တွေးတွေးဆဆလေး ထောက်ခံ၏။

"တစ်ခါတစ်ခါတော့လည်း ကံကိုချည်း ပုံချရတာ အားနာပါတယ်"

"ဒါလည်း ဟုတ်တာပဲနော်"

သူတို့စကားဝိုင်းလေးက တိတ်ဆိတ်သွားကြသည်။ တိတ်ဆိတ်ခြင်းသည် တစ်ခါတစ်ရံ မိတ်ဆွေကောင်း ဖြစ်တတ်သော်လည်း တစ်ခါတစ်ခါမှာတော့ တစ္ဆေတစ်ကောင်ပမာ ကြောက်မက်ဖွယ်ရာ ကောင်းလှလေသည်။

"ဘယ်လိုပဲ.....ရှောင်လွှဲရှောင်လွှဲ.....
တိတ်ဆိတ်ခြင်းတွေနဲ့ပဲ ပတ်ဝင်းထိုး.....
ငါ့ရင်ထဲက ကြိုးတွေကတော့ ပိုပြီးခိုင်မာလာခဲ့.....
ဘာတတ်နိုင်ခဲ့ကြလို့လဲကွယ်....."

❖❖❖



www.burmeseclassic.com

www.burmeseclassic.com



(၉)

စောစောစီးစီး အိမ်ကထွက်ရန်ပြင်ဆဲ.....သီဟာရောက်လာသည်။ အပြင်ထွက်ရန် အသင့်ဖြစ်နေသော ကျွန်တော့်ကို မြင်တော့ ပြုံးကာ ပြော၏။

"သြော်.....အဆင်သင့်ပဲကိုး၊ မင်းက message ကြိုရထားပြီး သွားလား"

"ဘာလဲ၊ ဘာ message လဲ၊ ဘာကို အဆင်သင့်ဖြစ်ရမှာလဲ"

"သွားဖို့ အဆင်သင့်လေ"

"သွားဖို့က ဟုတ်ပါတယ်၊ ဘယ်ကိုလို့ ထင်နေလို့လဲ"

"ဟင်.....နွေအေးတို့အိမ်ကို မဟုတ်ဘူးလား"

"ဟာ.....မဟုတ်ပါဘူး၊ ဘာကိစ္စနဲ့ နွေအေးဆီ သွားရမှာတုန်း"

"ဟင်.....မင်းဆီ နွေအေးဆီက phone မဝင်ဘူးပေါ့"

"ဝင်ရအောင် phone ပျက်နေတယ်လေ၊ ဘာဖြစ်လို့တုန်း....."



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့ နွေအေးအေးဖေရဲ့ မွေးနေ့လေ၊ လူအများကြီး မဖိတ်ပါဘူး၊ ငါတို့လောက်ပဲတဲ့"

"ဩော်.....ဟုတ်လား၊ သွားလေ"

"အင်းလေ.....သွားတာပေါ့၊ မင်းကိုလာခေါ်တာ....."

"ဟာ.....ငါမအားဘူး၊ မလိုက်တော့ဘူး"

လူကြီးမင်း၏စကားကြောင့် သီဟ စိတ်တိုသွားရသည်။

"မအားရအောင် မင်းက ဘာအရေးကြီးလို့လဲ၊ အလုပ်ကိစ္စလား"

လူကြီးမင်း ပြုံး၏။

"ညာရမလား၊ အမှန်အတိုင်း ပြောရမလား"

လူကြီးမင်းစကားကြောင့် သီဟ သရော်ပြုံး ပြုံးပြသည်။

"ဒါကတော့ မင်းရဲ့ mentality ပေါ်မှာ တည်တာပေါ့ ကလေကချေကောင်ရယ်"

လူကြီးမင်း ရယ်မိ၏။ ပြီးမှ.....သီဟကို မေးလိုက်၏။

"ဒီနေ့ ဘာနေ့လဲ သိလား"

"တနင်္ဂနွေ"

"မဟုတ်ဘူး၊ အောက်တိုဘာ (၂၄)ရက်"

"ဘာလဲ၊ ကမ္ဘာ့စားနပ်ရိက္ခာနေ့လို့ ပြောမလို့လား"

"မှားပြန်ပြီ၊ ဟိုဟာက (၁၆)ရက်နေ့"

"တော်ကွာ၊ ငါ မင်းဆီ အင်တာဗျူးဝင်နေတာမဟုတ်ဘူး၊ လိုရင်း ပြော....."

"ယု မွေးနေ့"

လိုရင်းကို တကယ်ပြောချလိုက်ပြန်တော့ သီဟ အသံမထွက်နိုင်တော့၊ ကရုဏာသက်သလို အကြည့်လား၊ သနားတယ်ဟူသော အကြည့်



www.burmeseclassic.com

www.burmeseclassic.com



လား၊ စိတ်ပျက်လက်ပျက် ဖြစ်သွားသောအကြည့်လား၊ ဝေခွဲမရနိုင်သည့် အကြည့်တစ်ခုကို တွေ့လိုက်ရသည်။ ထို့ကြောင့် ကျွန်တော်က ပဲ ဆက်ပြောလိုက်ရ၏။

"ငါ ဘုရားသွားမလို့၊ ပြီးမှ လာခဲ့မယ်"

"လာမနေနဲ့တော့၊ မင်း အဆင်ပြေသလိုလုပ်၊ အပင်ပန်းမခံနဲ့ သူငယ်ချင်း"

ဘယ်လိုမှ စေတနာနှင့်ပြောသော စကားမဟုတ်မှန်း သိသိကြီးနှင့် ကျွန်တော် လက်ခံပြလိုက်သည်။

"အေး....ကျေးဇူးပဲ၊ မင်း ခုလိုနားလည်လာတာကို အရမ်းဝမ်းသာတယ် သိလား"

မျက်လုံးနှင့် အသံတိတ်ဆဲရေးကာ....သီဟ ထွက်သွားတော့သည်။ မတတ်နိုင်ပါ။ ကျွန်တော်လည်း ကျွန်တော့်စိတ်ကို စေညွှန်းပိုင်သူ ဖြစ်ချင်သည်ပဲ။ ဒီနေ့ကတော့ ဘုရားကို သိပ်သွားချင်လွန်းနေတာ မဟုတ်မှန်းလည်း ကိုယ့်ဘာသာကိုယ် သိနေသည်။ ယုမွေးနေ့ဆိုတာ သေချာသော်လည်း သိပ်ကြီး ဆန္ဒပါလွန်းနေသည် မဟုတ်။ ထို့ကြောင့်ပင် သွားရန် ဆုံးဖြတ်မိခြင်းဖြစ်သည်။ နောက်ဆုံးဖြစ်သွားနိုင်သည်ကိုး....။

တစ်ယောက်တည်း ဘုရားသို့ ထွက်လာခဲ့သည်။

ဘုရားရောက်တော့ ယု ဝယ်နေကျပန်းသည်ကို စမ်းတဝါးဝါး စဉ်းစားရှာကာ....ပန်းဝယ်ဖြစ်သည်။ ပြီးတော့....ယု နေ့နံထောင့်တွင် ယု အတွက် ကုသိုလ်ကောင်းမှုလုပ်ကာ မေတ္တာပို့ပေးသည်။ သေချာတာကတော့ ထိုမေတ္တာသည် အလွန်အေးမြစင်ကြယ်လိမ့်မည်။

ဘယ်အရာကများ ကျွန်တော့်ကို ငြိမ်သက် အေးခဲသွားစေသော ပါလိမ့်...။

အချိန်ကာလကလား.....။



www.burmeseclassic.com

www.burmeseclassic.com



ဘုရား၏မေတ္တာရိပ်ကလား.....။

ပတ်ဝန်းကျင်မှ အားပေးမှုတွေကလား.....။

ကိုယ့်ကိုယ်ကို ဘာမှန်း သေချာမသိလိုက်ခင်မှာ အေးငြိမ်းသွားသလို ခံစားရသည့်အတွက် အေးမြရမည့်အစား ရင်ထဲတွင် ပူလောင်လာ၏။

ကျွန်တော်.....မှားသွားခဲ့ပြီလား.....။

ဒါမှမဟုတ် ခုမှ မှန်သွားတာလား.....။

ကျွန်တော်.....အပြစ်တစ်ခု ကျူးလွန်မိနေပြီလား.....။

ဒါမှမဟုတ် အပြစ်က ခုမှ လွတ်မြောက်လာတာလား.....။

ဘာမှန်းကို မသိတော့ဘူး။

"ဟူး"

သက်သာမှု ရလိုရငြား သက်ပြင်းပူပူတစ်ချက်ကို မှုတ်ထုတ်ပစ်လိုက်သည်။ ဗုဒ္ဓဟူးထောင့် မလှမ်းမကမ်းက အရိပ်တွင်ခိုရင်း တင်ထားခဲ့သော ယူကြိုက်သည့် အင်္ကြင်းပန်းများကို ငေးကြည့်နေမိသည်။ ကျွန်တော့်စိတ်တွေ ယုထံမှာ တဖြည်းဖြည်း ကျဲပါးသွားခြင်းသည် တကယ်တော့ ယုအတွက်ကော ကျွန်တော့်အတွက်ပါ ကောင်းတာ သေချာပါသည်။ သို့သော် ဘာမှန်းမသိသော စိတ်တွေက ကျွန်တော့်ကို ဖိစီးနှိပ်စက်နေ၏။

နွေအေးဆီရောက်တော့ အားလုံးက စောင့်နေကြသလို ဘာမှမစားရသေး.....။

"ဟော.....ဘုရားဒကာ လာပါပြီ"

မိုးဇော်က ပြုံးစစနှင့် ထောပနာပြု၏။ ကိုယ့်ဘာသာကိုယ်တော့ ယာဂုဒိုးမှောက်မှ ရွေစည်းခံ လှူလိုက်ရသောအဖြစ်ကို သွားသတိရနေမိသည်။

"မနောက်နဲ့၊ ကုသိုလ်ယူလာတဲ့ သူကို အမှုကောင်း....."



www.burmeseclassic.com

www.burmeseclassic.com



ယမင်းဖြူက အမှူဝေခိုင်း၏။ သီဟာကတော့ မျက်နှာကိုမဲ့ကာ ပြော၏။

"သူ ယူလာတာ ကုသိုလ်လို့ နင့်ကို ဘယ်သူက ပြောလို့တုန်း"

"အေးလေ၊ အကုသိုလ်တွေဆိုရင် နင် ဒုက္ခရောက်နေဦးမယ်"

မိုးဇော်ကပါ ထောက်ခံ၏။

မနေသာဟန်နှင့် Crystal စကားဖြတ်ပြော၏။

"ကုသိုလ်ပါဟယ်၊ ချစ်တဲ့သူတွေအတွက် ကုသိုလ်ဒါနပြုပေးတာ ကုသိုလ်ပေါ့"

"ဟုတ်တယ်၊ ဟုတ်တယ်၊ ကုသိုလ်.....ရောမဟုတ်ဘူး"

မြတ်ဆွေမော်ကတော့ အစွမ်းလွတ်စွာ နောက်၏။ အားလုံးက ရယ်ကြသော်လည်း ကျွန်တော် မရယ်မိပါ။

ထို့ကြောင့် အခြေအနေကို ရိပ်မိဟန်တူသော နွေအေးကပင် စကားစကို ဖြတ်ပေး၏။

"ကဲ ကဲ.....လူလည်းစုံပြီ စားကြရအောင်၊ ဆယ့်တစ်နာရီခွဲ ကျော်နေပြီ"

"ဟုတ်တယ်၊ လာ...လာ"

ဖြူကပါ ဝင်ထောက်ခံကာ ထမင်းစားပွဲကို ကူမပေး၏။

"ငါ့ကို စောင့်နေကြတာလား"

ကျွန်တော် နွေအေးကိုမေးတော့ နွေအေးက ခေါင်းညိတ်၏။

"ဒါပေါ့"

"ငါလာမယ်လို့ သီဟာက ပြောလို့လား"

"မပြောပါဘူး၊ မပြောလည်း လာမှာကို သိတယ်"

"ဘာလို့လဲ"

ကိုယ့်ဘာသာကိုယ်ပင် မရေမရာနှင့် နောက်ဆုံး ဘယ်မှသွားစရာ



www.burmeseclassic.com

www.burmeseclassic.com



မရှိ၍ ရောက်လာရသောကြောင့် နွေအေးကို အကြောင်းကြောင်းပင် ပြန်မေးလိုက်၏။ နွေအေးက ရယ်ကာ.....

"ကိုလှကြီး စိတ်ပျော်ချင်ရင် ဒီရောက်လာမှာပဲဆိုတာ သိပါတယ်"

.....ဟုဖြေ၏။

ကျွန်တော် နွေအေးစကားကြောင့် ကိုယ့်ဘာသာကိုယ်ပင် မလုံမလဲ ဖြစ်သွားရသည်။ ထို့ကြောင့်.....

"အေးလေ၊ ဒီသူငယ်ချင်းတွေပဲ ပျော်စရာရှိတာ"

.....ဟု ပြောလိုက်ရ၏။

နွေအေးထံမှ ပြန်လာတော့ သီဟာနှင့်မိုးဇော် အိမ်လိုက်လာကြသည်။ အိမ်ရောက်၍ ခဏတဖြုတ်နား.....အမောပြေလောက်ပြီဆိုမှ မိုးဇော်က ခေါ်၏။

"ကလေကချေကောင်"

"ဘာလဲ"

"မင်း ဒီနေ့ ဘုရားမှန်း တရားမှန်း သိတာလား"

"ကျွတ်"

ကျွန်တော် ဘာမှပြန်မပြောနိုင်၍ စုတ်ပဲသပ်မိ၏။

"ကျွတ်မနေနဲ့၊ တကယ် ကျွတ်ဖို့လိုတာက မင်း"

"ငါ ဘာဖြစ်နေလို့လဲ"

"ဟာ...ဟိုမှာ သူများမိန်းမဖြစ်နေပြီဖြစ်တဲ့ မိန်းမတစ်ယောက်အတွက်....."

"တော်ကွာ"

မိုးဇော်စကားမဆုံးခင် ကျွန်တော် ဝင်တားလိုက်မိ၏။ ထိုအခါကျမှ သီဟက ဆက်၏။

"မတော်ခိုင်းနဲ့ဦး၊ ငါမိန်းမမွေးနေ့မှာ တခြားတစ်ယောက်က



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုလာလုပ်နေလည်း ငါသာဆို သာစုခေါ်မှာ မဟုတ်ဘူး"

"ဘယ်သူမှ မသိဘူး သီဟ၊ သိတာက မင်းတို့ပဲ"

"မင်း လိပ်ပြာလည်း သိတယ်လေ"

အချိန်ကတန့်ပြီ။ ဒီလူတွေကို ဝန်ခံမှ ဖြစ်တော့မည်။

"အိုကေ.....အိုကေ အမှန်အတိုင်း ဝန်ခံတော့မယ်"

အမှန်အတိုင်း ဝန်ခံမည်ဆို၍ သူတို့ ကြောင်,အကာ စကားရပ်သွားကြသည်။ ကျွန်တော်ပဲ ဆက်ပြောရ၏။

"ငါ ဒီနေ့ ဘုရားသွားတာ မှန်တယ်၊ ယုအတွက် ကုသိုလ်လုပ်ပေးတယ်၊ မှန်တယ်"

"မှားနေတာက မင်းလား"

သီဟက ဝင်ငေါ့၏။

"ဟုတ်တယ်၊ ဘာလို့လဲဆိုတော့ ငါ ခုတလော ယုကို အချိန်တော်တော်များများမှာ မေ့ထားလို့ ရနေတယ်"

နှစ်ယောက်သား တအံ့တသြကြည့်၏။

"ဒီတော့ ငါ နောက်ဆုံးအနေနဲ့ ကုသိုလ်ပြုပေးလိုက်တာပါ။ ဒါ နောက်ဆုံးပါ"

ကျွန်တော့်စကားအဆုံးမှာ သူတို့နှစ်ယောက်လည်း တိတ်ဆိတ်သွားကြ၏။ ဒါဟာ တိတ်ဆိတ်ခြင်းရဲ့ အမှန်တရားများလား.....။

"တကယ်တော့ ငါ ဘာကိုမှ သေချာမသိခဲ့ပါဘူး.....
မှားနေတဲ့ အမှန်တရားတွေနဲ့.....
မှန်နေတဲ့ အမှားတွေ.....
အားလုံးကို ငါ အလွှဲပေးခဲ့ပါတယ်....."



www.burmeseclassic.com

www.burmeseclassic.com



(၁၀)

လူ့စိတ်ဆိုတာကလည်း အတော်ခက်သား။ ခုတလော..... ကျွန်တော်က တိတ်တိတ်ကလေး အလုပ်တွေ ဖိလုပ်သည်။ Crystal ကလည်း အလုပ်တစ်ဖက်နှင့် ပြင်သစ်စာကို အချိန်ပိုင်းတက်လိုက်သဖြင့် အသံက တော်တော်လေး တိတ်သွားပုံရသည်။ ဒီလိုကျတော့လည်း သူငယ်ချင်းတွေက တစ်မျှော်.....။

"ကလေကချေကောင်"

"အင်း"

"အလုပ်ရှုပ်ချင်ယောင် ဆောင်နေတာလား"

"မြတ်စွာဘုရား.....ဘာဖြစ်ရပြန်တာလဲ"

ဒီကောင် မိုးဇော် အစက ဒီလိုမဟုတ်ပါ။ ခု သီဟနှင့်ပေါင်းတာကြာတော့ အတော်လေး ရစ်တတ်လာသည်။ ခုလည်း ကြည့်လေ.....



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်ရမှာလဲ၊ ဖြစ်တာကမင်း ငါတို့က ဘာမှမဖြစ်ဘူး"

"ငါက ဘာဖြစ်ရမှာလဲ၊ ငါလည်း ဘာမှမဖြစ်ဘူး"

"ဘာမှမဖြစ်ရင် ဘာလို့ငြိမ်နေတာလဲ"

"ငါ ဘာငြိမ်လို့လဲကွာ"

"ဒါတော့ မင်းဟာမင်း သိမှာပေါ့"

"ခုတလော အလုပ်ကျနေလို့ပါကွာ"

စားပွဲပေါ်က အလုပ်တွေကို တစ်ချက်ကြည့်သည်။ ပြီး.....နေရီကို လှမ်းကြည့်သည်။ နေရီက အလိုက်သိစွာ လှမ်းပြော၏။

"ဟုတ်တယ် ကိုမိုးဇော်ရဲ့၊ အလုပ်တွေ ခုတလော အရမ်းကျနေတာ....."

နေရီကယ်လို့ 'မင်းတော့နေနှင့်ဦး' ဆိုသော မျက်နှာပေးနှင့် ကြည့်ကာ.....

"ထားပါတော့၊ စကားပါ နည်းနေတာကရော"

"အာ.....အလုပ်ထဲ အာရုံရောက်နေလို့ပေါ့"

"အင်းလေ.....အလုပ်ထဲဆိုတော့လည်း အာရုံနှစ်ထားတာ ကောင်းတာပေါ့"

အနှောင့်အသွားမလွတ်သော စကားကို ဆို၏။ ကျွန်တော် ဘာမှ ပြန်မပြောတော့ သူ့စကားသူ ဆက်သည်။

"ဟိုမှာ တစ်ယောက်ကလည်း ပါရီသွားမှာ ကျနေတာပဲ၊ ပြင်သစ် စကား သင်သတဲ့"

"မင်းကျ မတက်တာ ကျနေတာပဲ"

"ငါက အရင်ကတည်းက သွေးရိုးသားရိုးတက်တာ"

"ဟင် ဘယ်သူက မရိုးမသားတက်နေလို့လဲ"

"မီCrystal လေ"



www.burmeseclassic.com

www.burmeseclassic.com



"အာ..... Language သင်တာ ဘာမရိုးမသားဖြစ်စရာရှိလဲ"

"မဟုတ်ပါဘူး၊ Language ကိုပြောတာ မဟုတ်ဘူး"

"ဒါဖြင့် ဘာလဲ"

"အလုပ်ရှုပ်ချင်ယောင်ဆောင်တာကို ပြောတာ"

"အာ.....ဘာဖြစ်လဲကွာ၊ မင်းတို့ဟာက အရင်ကကျတော့လည်း မေ့ကြမေ့ကြနဲ့ အတင်းမေ့ခိုင်း၊ ခုကျတော့ အနည်ထိုင်လို့ ကိုယ့်အလုပ်ကိုယ်လုပ်နေပြန်တော့လည်း ဘာဖြစ်နေကြတာလဲတဲ့၊ ဘယ်လိုနေရမှာလဲကွာ"

မိုးဇော် သူ့စကားနှင့် သူပတ်ကာ ရှေ့ဆက်မရတော့၊ အမှန်တော့ သူတို့ကိုလည်း ကျွန်တော် နားလည်နိုင်ပါသည်။ ကျွန်တော်တို့ အသံတိတ် ဒါဏ်ရာရနေမှာကို စိုးကြခြင်းဖြစ်သည်။ ဖွင့်ပြောပြသော ရောဂါနှင့်ယှဉ် သော် ဖွင့်မပြောပြသော ရောဂါက ပိုဆိုးနိုင်သည် မဟုတ်လား။ သူ့တို့ စိုးရိမ်တာကို အပြစ်မပြောလိုသော်လည်း ကိုယ့်ကို အပြစ်ကြီးလို့ မြင်နေတာကတော့ ဆိုးသည်။ ပြီး.....တစ်ယောက်တည်း မေးတာ မဟုတ်။, လက်လီစိပ်သလို တစ်ယောက်ပြီးတစ်ယောက်က လျှို့ဝှက်ချက်တစ်ခုကို စုံထောက်သလို မေးနေကြခြင်း ဖြစ်သည်။

"ကိုလူကြီး"

"ဟင်"

"ခုတလော ကိုလူကြီး နည်းနည်းငြိမ်နေသလိုပဲ"

စားလက်စ ရှမ်းခေါက်ဆွဲပင် နင်ချင်သွားရသည်။

"ငါက စားရင်း သောက်ရင်း ကပြရဦးမှာလား"

"အာ.....အဲလိုပြောတာ မဟုတ်ဘူး"

"ဘယ်လိုပြောချင်တာလဲ"

"ဟိုလေ.....ဟို"



www.burmeseclassic.com

www.burmeseclassic.com



ဒီလောက် စကားသွက်သော မြတ်ဆွေမော် 'ဟို.....ဟို'ဖြစ်နေကတည်းက ဘာမေးတော့မည်ဆိုတာကို ရိပ်မိသွားခဲ့ပြီ.....။ မမေးနဲ့လို့ ပြောလည်းရမှာ မဟုတ်။ မဖြေရှင်းလို့ကလည်း ပြီးမှာမဟုတ်သည့်အတူတူ ကျွန်တော်ကပဲ လမ်းဖွင့်ပေးလိုက်ရသည်။

"ဘာပြောချင်တာလဲ၊ ပြော.....တည့်တည့်ပြော၊ အားမနာနဲ့၊ ငါ့ကို ရွာသာကြီးနဲ့ နီးနေပြီလို့ တွေးနေလို့လား"

"အဲဒီလို မဟုတ်ပါဘူး"

"ဒါဆို ဘယ်လိုလဲ"

"မဟုတ်ပါဘူး၊ မော်တို့က ကိုယ့်မိတ်ဆွေ သူငယ်ချင်းချင်း စိတ်ပူလို့ မေးချင်တာပါ"

"ဘာမေးချင်တာလဲ"

"ကိုလူကြီး ခု တကယ် settle ဖြစ်နေပြီလား"

ဘာဖြေရမှန်းပင် မသိတော့။ ယူကို မေ့ထားပြီလားဆိုတာလောက်က မေ့နေပြီဟု ပြောလို့ရသေးသည်။ settle ဖြစ်နေပြီလား၊ အနည်ထိုင်နေပြီလား ဆိုတာမျိုးကတော့ ဘယ်လိုဖြေရမှန်းမသိ။ အနည်ကတော့ ထိုင်ပြီးပြီ၊ ပြန်ထချင်နေတယ်လို့ ပြောရမလား။ ဒါမှမဟုတ် ညာ ပြောလိုက်ရမလား။ ဘာမှန်းကို မသိတော့.....။

"ဖြေလေ"

ထပ်မေးလာပြန်သဖြင့် ဖြေလိုက်ရတော့သည်။

"ဖြစ်နေခဲ့ပြီးပါပြီ"

"ဖြစ်နေခဲ့ပြီးပြီ"

"အင်း"

"ခု အိုကေပဲပေါ့"

"ဆိုပါတော့"



www.burmeseclassic.com

www.burmeseclassic.com



"ဆိုပါတော့ဆိုတာက ဘာလဲ.....၊ တကယ်ဆို အင်းဆိုအင်း၊ ဟင့်အင်းဆို ဟင့်အင်းပေါ့၊ ခုဟာက ဆိုပါတော့...တဲ့"

"နင်တို့က ဘယ်လိုမြင်လို့လဲ"

"ခုတလော သိပ်ငြိမ်နေတော့ တစ်ခုခုမှန်သွားတာလား၊ တစ်ခုခု ထပ်မှားသွားတာလားလို့ စဉ်းစားနေမိတာ"

မြတ်စွာဘုရား.....။

တစ်ခုခု ထပ်မှားသွားတာလားလို့တဲ့။ တော်ပါသေး၊ မဟာပညာ ကျော် မြတ်ဆွေမော်ရယ်။ ခက်တာက လူဆိုတာကလည်း ကိုယ်မှားခဲ့ပြီး လျှင်တောင် သိပ်ဝန်ခံချင်ကြတာမဟုတ်။ ခုလို....မှား မမှား မသေချာသေး ပဲ ကိုယ့်ကိုယ်ကိုပင် ဘာမှ စစ်ဆေးမေးမြန်း တီးခေါက်မကြည့်ရသေးဘဲ သူ့ကို အဖြေမပေးနိုင်.....။

"တစ်ခုခုသာ ထပ်မှားရင်တော့ ငါသေမှာပဲ"

"အဲလိုဖြစ်မှာစိုးလို့ မေးတာ"

"မမှားချင်ပါဘူးဟာ"

"မမှားတာကောင်းတာပေါ့ ကိုလူကြီးရဲ့၊ ကိုလူကြီးကိုသာ မေးလို့ ရတာ ဟိုမိန်းမဆို ဘာမှမေးလို့ မရဘူး"

"Crystal လား"

"အင်း"

"Crystal ကရော ဘာဖြစ်နေလို့လဲ"

"သူလည်း ငြိမ်နေတာပဲ"

"အစတည်းက သူက သိပ်ပြီးမလှုပ်ပါဘူး၊ ငြိမ်ပါတယ်၊ ကျွန်တော့်လောက် စိတ်လှုပ်ရှားမှု မများဘူး"

"ဒါကြောင့်လည်း တွေးရပိုခက်တာ"

"သူ အဆင်ပြေပြေ နေနိုင်နေတယ်မဟုတ်လား၊ မေးလိုက်ပါ



www.burmeseclassic.com

www.burmeseclassic.com



မိမော့်ရာ"

"ထားပါတယ်၊ Crystal ငြိမ်တာကမှ တကယ့် ဘာမှမဖြစ်သလို ပုံမှန်မျိုးပြန်ဖြစ်သွားတာ၊ ဟိုလေ ပုံမှန်ဆိုတာက....."

မြတ်ဆွေမော် စကားကို မဆက်ဘဲ ရပ်ထားသေး၏။

"ပြောလေ.....ပုံမှန်ဆိုတာက ဘာလဲ"

ကျွန်တော်လည်း သိချင်လာ၍ ထောက်ပေးလိုက်သည်။

"မော်တို့က ယယ်ယယ်တည်းက တွဲလာတာ"

"အင်းလေ"

"သူ အရင်ကပုံမှန်နဲ့ ကိုကိုမောင်နဲ့ ချစ်သွားပြီးနေတဲ့ ပုံမှန်ကာလ မတူဘူး"

"အဲ"

သူတို့ပဲ ခွဲခွဲတတ်နိုင်လွန်း.....။ အံ့သြစရာ.....။

"အဲဒီထဲကမှ သူ့ပုံစံက ကိုကိုမောင်နဲ့ သူနဲ့ ဘာမှပြဿနာမဖြစ်ခင် ပုံမှန်အခြေအနေမျိုး ဖြစ်နေတာ.....ငယ်ငယ်က ပုံမှန်အခြေအနေမျိုး မဟုတ်တာတော့ သေချာတယ်"

မဟာပညာကျော် ဝင်ရှုပ်မှပဲ အတော်လေးကို ရှုပ်သွားတော့သည်။ ဆိုလိုရင်းကိုတော့ နားလည်ပါသည်။ ခုCrystal ပုံက ကိုကိုမောင်နှင့် ဘာမှ မဖြစ်ခဲ့ကြသလိုမျိုး ပြုမူနေထိုင်နေသည်ဟု သူတို့ သံသယဝင်နေ ခြင်း ဖြစ်သည်။ ဒါက ကာယကံရှင်အတွက်တော့ ကောင်းနိုင်သည်။ စိတ်ချမ်းသာသလို ပျော်တော်နေထိုင်နေသည်ကိုး.....။ ဘေးလူက ကြည့်ရ လျှင်တော့ စိုးရိမ်စရာ.....။ စိတ်အတွင်း ကိုယ့်ကိုယ်ကို လှည့်စားရင်း တစ်စုံတစ်ရာဖြစ်သွားမှာ စိုးပုံရသည်။ ခပ်ရှင်းရှင်းပြောရလျှင် အနည်းဆုံး 'မေတ္တာရွှေရည်'လောက်တော့ ရောက်နိုင်သည်ဟု ထင်ထားကြပုံရသည်။ သူတို့ပြောမှ ကျွန်တော်ကိုယ်တိုင်ပင် ထင်ချင်



www.burmeseclassic.com

www.burmeseclassic.com



သွားရကာ စိတ်ထဲသို့လည်း အပူများ အုံနှင့်ကျင်းနှင့် (ကျွန်တော်မသိလိုက်ခင်မှာဘဲ) ဝင်ရောက်သွားတာကို သတိပြုလိုက်မိသည်။

ကျွန်တော်ငြိမ်နေတော့ မြက်ဆွေမော်က စကားကိုဆက်သည်။

"ခု.....ကိုလူကြီးကော ကိုယ့်ကိုယ်ကို ဘယ် state လောက်မှာ settle ဖြစ်နေတာလဲဆိုတာ သိလား"

ဘုရား ဘုရား.....ဉပမာ ဉပမေယျပြကာ မြားဦးက ကျွန်တော့်ဆီ တည့်တည့်ကြီး ပြန်လာနေခြင်း ဖြစ်သည်။ အိမ်ရောက်လျှင်တော့ ကိုယ့်ကိုယ်ကို စာမေးပွဲစစ်ရတော့မှာ သေချာနေပြီ။ ခုလောလောဆယ်တော့ ကိုယ်ရောက်ရှိနေသော အချိန်ကာလကိုပင် ကိုယ် သိပ်မယုံချင်တော့.....။ ကမ္ဘာကြီးကိုက အမှားမှား အယွင်းယွင်းနှင့် လည်ပတ်နေခဲ့သည်လား မသိ.....။

"မှန်ပြင်တိုင်းဟာ.....
တိကျမှု တစ်ခုမပေးနိုင်ပါဘူး.....
ကြည့်နေရင်း ကြည့်နေရင်းက ဝေဝါးမှုန်ဖျော့.....
ကိုယ့်အနာဂတ် 'သော့' လေးတစ်ချောင်း ပြုတ်ကျလာတယ်.....
အဲဒီ ကြေးဝါသော့ကလေးရဲ့ အရှင်သခင်ဟာ.....
ဘယ်သူများလဲ....."

❋❋❋


www.burmeseclassic.com

www.burmeseclassic.com



(၁၁)

Crystal ကို ခုတလော သူတို့က သံသယတွေနှင့် ကြည့်နေကြသလို Crystalကလည်း သူတို့၏အကြည့်တွေကို အတတ်နိုင်ဆုံး လစ်လျူရှုကာ နေသည်။ အရင် ကိုကိုရှိစဉ်တည်းက လုပ်ဆောင်နေကျ အရာများကို ကိုယ့်ဘာသာကိုယ် လုပ်သည်။ သူငယ်ချင်းတွေနှင့်လည်း နေသည်။ အလုပ်လည်း လုပ်သည်။ ကျောင်းလည်း တက်နိုင်သည်။ ဒီနေ့တော့ Crystal ကောင်တာထိုင်နေရာသို့ ဈေးဝယ်ပြီးသော ဖြူက လာထိုင်ကာ စကားပြောသည်။

"Crystal"

"ဟင်"

"နင် အရင်ကလိုပဲ Internet cafe'မှာ စနေနေ့တိုင်း သွားထိုင်တယ်ဆို"



www.burmeseclassic.com

www.burmeseclassic.com



"အင်းလေ"

"နင် တစ်ယောက်တည်းလား"

"အင်း"

Crystal စိတ်မပါ လက်မပါ ဖြေ၏။ Crystal နှင့် ကိုကိုက အရင်တည်းက စနေ့ဇနေ့တိုင်း Internet cafe' တွေမှာထိုင်ကာ Internet ထဲ ဝင်နေတတ်သည်။ ကြည့်ချင်တာကြည့်၊ ရှာချင်တာရှာ၊ လုပ်ချင်တာ လုပ် တစ်မနက်တော့ အသာလေး အချိန်ဖြုန်းတတ်မြဲ.....။ ခု ကိုယ့် ဘာသာကိုယ် ပုံမှန်ပြန်သွားသည်။ ဒါကို တခုတ်တရ လုပ်နေတာကို Crystal မကြိုက်။ Internet ကြည့်တာပဲ၊ ကိုယ့်စိတ်နှင့်ကိုယ် မကြည့်ရ တော့ဘူးတဲ့လား.....။

"BC ကိုလည်း စာသွားသွားဖတ်တယ်ဆို"

"အင်း"

ဒါလည်း ကိုကိုနှင့်လုပ်နေကျ.....။ Crystal နှင့်ကိုကိုက သူများ သမီးရည်းစားတွေလို လျှောက်ပြီးအချိန်ဖြုန်း လည်ပတ်မနေတတ်။ တစ်ခုခု အကျိုးရှိတာလုပ်မြဲ.....။ Crystal တို့လုပ်နေကျက Internet ထဲဝင်၊ BC သွားစာဖတ်၊ စာအုပ်ဆိုင်တွေလှည့်ကြည့်.....စသဖြင့်။ ခု Crystal က ဒါတွေကို တစ်ယောက်တည်းလည်း လုပ်သည်။ ဒါကို သူတို့က စိုးရိမ်စိတ်နှင့် ပြောခြင်းဖြစ်မှာကို Crystal နားလည်ပါသည်။ သို့သော် Crystalအနေနှင့်ကျတော့လည်း အနေကြပ်သည်။ ဒါတွေလုပ်ပြီး ပုံမှန် လေး သူတို့ စိတ်ချမ်းသာအောင် နေပေးပြန်တော့လည်း တမျိုး.....။ ပြီး သူတို့က ပြောသေးသည်။

"ဒီ collision partner တွေငြိမ်တော့လည်း အတူတူ....." ခြို။

"နင် ငါတို့ကိုလည်း အဖော်ခေါ်လေ"

ဖြူ့စကားကြောင့် Crystal ရယ်ချင်သွားရသည်။

www.burmeseclassic.com

www.burmeseclassic.com



"နင်တို့မှ ဝါသနာမပါတာ"

"ငါတို့လည်း စာဖတ်ပါတယ်ဟ"

"အင်းလေ.....နင်တို့လည်း ဖတ်ပါတယ်၊ နင်တို့က အေးအေး ဆေးဆေး စာဖတ်ရင် အိမ်မှာပဲဖတ်တာ ကောင်းတယ်လို့ ခံယူထားတာ၊ ငါတို့နဲ့မှ မတူတာ"

"မဟုတ်ဘူး၊ စာအုပ်ဝယ်ရင် ခေါ်လေ"

"အင်းလေ၊ လိုက်ချင်ရင် ခေါ်မှာပေါ့"

Crystal က စကားကို ဒီလောက်နှင့် ဖြတ်ရန်ပြင်သော်လည်း မရ။

" Internet cafe' သွားရင်လည်း ခေါ်"

"ဟင်.....နင်က ဒါလည်း စိတ်ဝင်စားသွားပြီလား"

"မဟုတ်ပါဘူးဟာ၊ လေ့လာကြည့်ချင်လို့"

လေ့လာကြည့်ချင်ပါတယ် ဆိုတော့လည်း မခေါ်လို့မှ မရတော့ တာ.....။ လိုက်ပေါ့.....။ အမှန်က သူတို့က ကိုယ့်ကိုစိုးရိမ်စိတ်နှင့် အဖော်လိုက်ပေးချင်တာမှန်း Crystal သိသည်။ ကိုယ်က.....မခေါ်လို့လည်း မဖြစ်။ ခေါ်လို့လည်း ဖြစ်တာပဲ။ ကိုယ်လိုချင်တာက ဘေးကအဖော် မဟုတ်သလို အဖော်မပါခြင်းလည်း မဟုတ်။ Crystal လိုချင်တာက ယခင်က ပြုခဲ့ဖူးကြသော rotation လေးတစ်ခုသာ ဖြစ်သည်။ ဒါကို ဘယ်သူမှ နားလည်နိုင်စရာမလိုဟု Crystal က ခံယူသည်။

ညနေကျတော့ နွေအေးက ပြောပြန်သည်။

"Crystal"

"ပြောလေ"

"ငါ့မောင်လေးက BCမှာ card လုပ်ချင်လို့တဲ့၊ နင်သွားရင် ခေါ်ပါဦး"



www.burmeseclassic.com

www.burmeseclassic.com



"နင့်မောင်....."

"အေးလေ...ဝမ်းကွဲပါ"

"အေး...အေး၊ သွားတဲ့နေ့ ခေါ်မယ်လေ"

"စိတ်ချမယ်နော်"

"စိတ်ချ"

BC ကိုလိုက်ရန် လွတ်နေသောအကွက်ထဲသို့ နွေအေးက သူ့မောင်ကို ငွေကုန်ကြေးကျခံကာ ရင်းနှီးထည့်ပေးဦးမည်။ တကယ်..... ဝင်ချင်တာလည်း ဖြစ်တော့ဖြစ်နိုင်သလို တကယ် ဝင်ချင်နေသော သူ တစ်ယောက်ကို မရမကစုံစမ်းကာ အတင်းကာရော ဆွဲမျိုးစပ်ပစ်လိုက် တာလည်း ဖြစ်နိုင်သည်ပဲ။ သူနဲ့ကိုယ်က ခုမှပေါင်းလာတာမှ မဟုတ်တာ။

မြတ်ဆွေမော်ကလည်း သူ့အကြောင်းပြချက်နှင့် သူ။

"Crystal"

"ဟေ"

"နင် Internet သွားကြည့်ရင် ခေါ်ပါဦး"

"ဟင် နင်ဝါသနာပါသွားပြီလား"

Crystal ၏ တအံ့တသြဟန်နှင့် တမင်မေးလိုက်သော မေးခွန်း ကြောင့် မြတ်ဆွေမော် စကားရှိန်သပ်သွားသည်။

"မဟုတ်ပါဘူးဟာ၊ ငါက Shopping လိုက်မှာ"

"ဩော်.....ဒီလိုလား၊ ငါ့အတွက် body guard ပေါ့ ဟုတ်လား"

"အေး.....ဒီလိုပေါ့ဟာ"

ရွဲ့ပြောလို့ ပြောမှန်း မသိတာလား၊ သိသိကြီးနှင့် ကိုယ့်တာဝန် ပြီးရင်ပြီးရောဟု ခံယူကာ လက်ခံသွားသည်လား မသိ။ မြတ်ဆွေမော် ထွက်သွားသည်။

"ဟူး"



www.burmeseclassic.com

www.burmeseclassic.com



သက်ပြင်းကို တော်တော်ကြီးကြာအောင် မှုတ်ထုတ်လိုက်ရသည်။

"အင်း.....လူတော့ကုန်ပြီ၊ အကွက်လည်းစေ့နေပြီ"ဟု တွေးနေဆဲ မျက်လုံးပြူးသွားရသည်။ အမလေး.....ကိုသီဟနှင့် ကိုမိုးဇော် ကျန်သေးတာပဲ။ ဒီတစ်ခါတော့ သူတို့မရစ်ခင် ကိုယ်ကဦးအောင် ရစ်ထားမှ တော်ကာကျတော့မည်ဟု တွေးကာ ဖုန်းကို ကောက်နှိပ်ရတော့သည်။

"ကိုသီဟလား"

"အင်း"

"Crystal ပါ"

"ဟင်.....ကြားသားမိုးကြိုး"

တကယ့်ကို အံ့သြသွားရသော လေသံကို ကြားလိုက်ရသည်။ ဒါပမာဏပဲ ရှိသေးသည်။

"အင်း.....ကိုသီဟကို မေးစရာရှိလို့"

"အင်း.....မေးလေ"

"ကိုသီဟ BC မှာ စာအုပ်ငှားချင်သေးလား"

"မငှား၊ အဲ.....မငှားချင်ပါဘူး။ ဘာလို့လဲ"

"ငှားချင်ရင် Crystal နဲ့ လိုက်ခဲ့လို့ခေါ်မလို့"

"ဩော်.....ရတယ်၊ နေတော့"

"ဒါဆို Internet ကြည့်ဖို့ကော စိတ်ဝင်စားလား"

"စိတ်တော့ဝင်စားပါတယ်၊ ဒါပေမဲ့ ကိုယ့်ဘာသာကိုယ် တပ်နိုင်မှပဲ စိတ်တိုင်းကျ ကြည့်တော့မယ်၊ အဲ.....ဘာလို့လဲ Crystal"

"Crystal က စနေနေ့တိုင်း Internet cafe' ထိုင်နေကျလေ၊ အဲဒါ လိုက်ချင်မလားလို့ မေးတာ"

"လိုက်.....မလိုက်.....အာ Crystal၊ နင် ဘာတွေလာမေးနေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



Crystal ကိုယ့်ဘာသာကိုယ် ကျေကျေနပ်နပ်ကြီး ပြုံးလိုက်သည်။ ဘယ်ရမလဲ.....။ သူတို့မေးတာချည်း ခံနေရမှာကျလို့.....။

"ဘာမှမဖြစ်ပါဘူး၊ မေးကြည့်တာပါ"

"နင်တစ်ခုခုမှားနေသလိုပဲ"

"မကပါဘူး၊ သုံးလေးခုလောက် မှားနေတာ၊ ကျန်သေးတယ်၊ ပန်းဆိုးတန်းစာအုပ်တန်း သွားရင်ကော လိုက်ဦးမလား"

"လာပြန်ပြီ"

ဘာကိုမှ သိပ်မညှိတတ်သော ကိုသီဟ Crystal တစ်ခုခုကို ပြဿနာရှာနေမှန်းသိမှာ သေချာပါသည်။ သို့သော်.....ဘာမှလည်း မတုံ့ပြန်.....။ Crystal ပြဿနာရှာတာကို ငုံခံရင်း Crystal ဘာဖြစ်နေသည် ဆိုတာကိုပင် ပြန်လေ့လာသွားနိုင်သည်။ ကိုသီဟက ဒီလိုလူပါ။ သို့သော် Crystal ကလည်း Crystal ပဲ။

"ဘယ်သူလာတာလဲ"

ကိုသီဟ စိတ်ပျက်လက်ပျက် စုတ်သပ်၏။

"ကျွတ်.....Crystal နင်ဘာဖြစ်နေတာလဲ"

"ဘာဖြစ်နေတယ် ထင်လို့လဲ"

"နင် တစ်ယောက်ယောက်နဲ့များ ရန်ဖြစ်ထားလား"

"ကြံကြီးစည်ရာ.....ရောမငြိမ်းချမ်းရေးကြီးကို ရနေတာ၊ ကိုယ့်မှာ ခုမှ အဖော်တွေရ၊ body guard တွေတိုးနဲ့....."

Crystal ရွဲ့ပြောတာကို ကိုသီဟ ရိပ်မိလောက်ရဲ့လား၊ တကြိတ်တည်း တစ်ဉာဏ်တည်းတွေမို့ တန်းသိ၍လားသော မပြောတတ်။ ကိုသီဟ အသံပျောက်သွားသည်။

"ဘာဖြစ်သွားရပြန်တာလဲ"

"ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"တိတ်သွားတယ်လေ"

"မတိတ်ပါဘူး၊ ဒီမှာ....."

"မြွေတွေ့လို့လား"

"အေး.....ဖုန်းထဲက မြွေထွက်လာလို့"

ကိုသီဟ စိတ်မရှည်စွာ ရေရွတ်တော့သည်။ ထိုအခါမှ Crystal လည်း မိန်းမမဆန်စွာ တဟားဟားထရယ်ရင်း ကျေနပ်သွားရသည်။

"အဲဒီမြွေက အဆိပ်ပြင်းတယ်၊ သတိတော့ထားပေါ့"

ကိုသီဟ ဘာမှပြန်မပြောနိုင်ခင်မှာပဲ Crystal ဖုန်းချလိုက်သည်။

သူတို့ကတော့ ဒါကို ကျေနပ်နေကြလိမ့်မည် မဟုတ်မှာ သေချာပါသည်။ ဘာမှ မတတ်နိုင်ပါ။ Crystal လည်း လူသားပဲ။ တင်းကြပ်လာလျှင်တော့ ထွက်ပေါက်ကောရှာမှာပေါ့။ ထွက်ပေါက်ဆိုတာ တကယ်ကော ရှိပါသလား။ Crystal မသိပါ။

"လေညင်းတစ်စလို ပဲ.....

ငါလည်း ထွက်ပေါက်တစ်ခုတော့ ရှာခဲ့တာပေါ့။

ဒါပေမဲ့ ခု ငါ.....

မုန်တိုင်းတစ်ခုလို ရိုင်းစိုင်း.....

တဝုန်းဝုန်း၊ တဒိုင်းဒိုင်း ထွက်ပေါက်ရှာနေခဲ့ရတယ်"

✱✱✱



www.burmeseclassic.com

www.burmeseclassic.com



## (၁၁)

ဖြစ်ချင်တော့ ကျွန်တော်က အပြင်းဖျားကာ အိပ်ယာထဲလဲတော့သည်။ စစ်ဆေးတော့ တိုက်ဖွိုက်တဲ့။ ကျွန်တော့်ကို နဂိုကမှ စိတ်မချချင်ဖြစ်နေသော သူငယ်ချင်းတွေ.....သူနာပြုတွေ ဖြစ်ကုန်တော့သည်။ တစ်ယောက်တစ်လှည့် အနားမှာစောင့်ပေးကြသည်။ ကျွန်တော်က နဂိုတည်းက တစ်ယောက်တည်း သီးသန့်နေသူဆိုတော့ ဘေးမှာ ကူဖော်လောင်ဖက်မရှိ.....။ သူငယ်ချင်းတွေကို အားနာလျက်က လက်ခံရသည်။

ထိုနေ့နံနက်ပိုင်းက Crystal နှင့် နွေအေး ရောက်လာကာ..... ခွပ်ပြုတ်တစ်ချိုင့်လာပို့၏။ ပြီး..... Crystalက ပြန်သွားကာ နွေအေးက ကျန်ခဲ့၏။

"ခဏနေရင် ကိုမိုးဇော် လာလိမ့်မယ်"

"ရပါတယ်၊ နင်လည်း မအားရင်နေပါ"

"ရတယ်၊ အားတယ်၊ Crystal ပဲ ကိစ္စရှိလို့"

"သူက ဘယ်သွားတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် မေးလိုက်တော့ နွေအေးက မျက်လုံးပြူးကာ ပြန်ပြော၏။

"မသိဘူးလား၊ ဒီနေ့ စနေနေ့ Internet Cafe'ကို သွားမှာ"

"ဪ.....ကောင်းသားပဲ၊ သွားပါစေ"

"ကောင်းပါတယ်၊ ဘယ်သူကမှလည်း မတားပါဘူး၊ မတားလို့ပဲ လွှတ်လိုက်ပြီလေ၊ တစ်ယောက်တည်းတော့ မဟုတ်ဘူး"

"ဟင်.....ဘယ်သူနဲ့လဲ"

"ဒီနေ့ Shopping ထွက်မယ့် မြတ်ဆွေမော်ကော Internet လေ့လာချင်တဲ့ ဒေါ်ယမင်းဖြူပါ ပါသွားမှာ"

ကျွန်တော် ဘာပြောရမှန်းပင် မသိတော့။ ကျနို့နှစ်ယောက် ဘာ လို့ပါသွားတာလဲဆိုတာ ကျွန်တော်နားလည်သည်လေ.....။ ကျွန်တော် ပင် နားလည်လျှင် Crystal မသိမှာမဟုတ်.....။ Crystal လည်း ကျွန်တော့်လို ဒုက္ခကို ခံစားနေရသည်ပဲ.....။

နွေအေးက ခဏကြာတော့ ပျင်းလာသည်။

"ကိုလူကြီး"

"ဟေ"

"ဘာဖတ်စရာ စာအုပ်ရှိလဲ"

"စာအုပ်၊ နင်စိတ်ဝင်စားမယ့် စာအုပ်တော့ မရှိဘူး"

"ဘာစာအုပ်ဖြစ်ဖြစ်ကွာ"

"ဒါဆိုလည်း သွားယူ၊ ဟိုဘက်က အပေါ်ဘီရိုလေးထဲမှာ National Geographic တွေ ရှိတယ်"

"ဒါလည်း ကောင်းတာပဲ"

ပြောပြောဆိုဆို နွေအေးက ထသွားကာ စာအုပ်သွားရှာ၏။ စာအုပ်ဘီရိုကို ဖွင့်ဖွင့်လိုက်ခြင်း မြင်လိုက်ရသည်က အဝါရောင်



www.burmeseclassic.com

www.burmeseclassic.com



Tweety ရုပ်ကလေး.....။

"ဟာ.....လှလိုက်တာ"

နွေအေးက စာအုပ်ကိုမေ့ကာ အရုပ်ကို လှည့်ပတ်ကြည့်၏။

"ဟင်.....'ရှင်ပြန်ထမြောက်ရာနေ့ အမှတ်တရ'တဲ့ ကိုလူကြီး၊ ဒါ ဘာလဲ"

ကျွန်တော် မဖြေမိ။ ဦးနှောက်ထဲတွင် လက်ာပါသော မှသားများ အသင့် ရှိမနေ။ ရက်စွဲကို ကြည့်လျှင်လည်း သိပ်မဝေးလှသော နေ့တစ်နေ့ ဖြစ်တာတွေ့ရမှာမို့ ပိုဒုက္ခရောက်ရသည်။

"ဟင် မေးနေတယ်လေ"

နွေအေးက ရှေ့တည့်တည့် ပြန်လာထိုင်ကာ မေး၏။ လက်ထဲမှာက Tweety ရုပ်နှင့်....။ သနားစရာကောင်းလှသော National Geographic များက တစ်အုပ်မှပါမလာ.....။

"ဟိုလေ.....ရှင်ပြန်ထမြောက်ရာနေ့ဆိုတာ"

"အင်း.....ပြောပါဦး"

"ဘယ်လိုပြောရမလဲ၊ ယုကြောင့် ငါ့ကိုယ်ငါ သေဆုံးသွားသလို ခံစားခဲ့ရဖူးတယ်"

"အင်း"

"ဒီတော့ ခု ငါ အဲဒီဘဝကလွတ်လာပြီဆိုတာ ကိုယ့်ကိုယ်ကို ခံစားတဲ့နေ့က အမှတ်တရ အဲဒီအရုပ်လေး ဝယ်ထားတာ"

"ဘာလို့လဲ၊ ကိုလူကြီးက Tweety ရုပ် ကြိုက်လို့လား"

"မဟုတ်ပါဘူး၊ ဘာရယ်မဟုတ်ဘူး၊ အမှတ်တရ တစ်ခုခုဝယ်ပြီး စာကပ်ထားဖြစ်တာပါပဲ"

နွေအေးက သက်ပြင်းကို ခပ်ပြင်းပြင်းလေးချကာ ပြုံး၏။ ပြီးမှ.....



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုလည်း ကောင်းတာပေါ့ ကိုလူကြီးရယ်...ကိုလူကြီး၏ အားလုံးက စိတ်ပူနေကြတာ.....ခုလို တကယ်မေ့ပျောက်နိုင်ပြီဆိုတော့ ကောင်းတာပေါ့၊ ဆေးနည်းလေးများရှိရင် ပြောပါဦး"

"ဆေးနည်း ဟုတ်လား၊ ကြံကြံဖန်ဖန် နွေအေးရယ်"

"ကြံကြံဖန်ဖန်မဟုတ်ဘူး ကြံဖန်ပေးချင်တာ"

"ဘာကိုလဲ၊ ဘာအတွက်လဲ"

"အဲဒါမျိုး မေ့ဆေးများရှိရင် လိုချင်တာ Crystalကို ပေးချင်လို့"

"အဲ....."

ကျွန်တော် စကားစ ရှာမရချင် ဖြစ်သွားရသည်။ ခု ဖြစ်ပုံက သူတို့က ကျွန်တော့်ကို အံ့သြပြီး Crystal ကို ကျွန်တော့်လို ဖြစ်စေချင်တာလား။ Crystal ကတော့ ကိုလူကြီးလိုမဟုတ်ဘူး၊ အပြောင်းအလဲမမြန်ဘူးလို့ သွယ်ဝိုက်ဆိုတာချင်လား။ တစ်ခုခုတော့ တစ်ခုခုပါဘဲ။

"ဒါမျိုးက ကုရာနတ္တိ ဆေးမရှိပါ နွေအေးရာ"

"ကိုလူကြီးကျတော့ကော....."

"ငါက..."

ငါကဆိုပြီး ရှေ့မဆက်နိုင်တော့.....။ ပြောလို့လည်း မသင့်တော်ဟု ထင်သည်လေ။ စကားဆက်ရခက်နေဆဲ..... မိုးဇော် ရောက်လာ၏။

"ကြာပြီလား နွေအေး"

"အင်း.....ကြာပြီ၊ စောစောက Crystal ပါ ပါတယ်"

"ခု ကော်ဖီဆိုင် သွားပြီမဟုတ်လား"

"အင်း"

"ဒါကလည်း တစ်မျောင့် ၊ လူကြီးလူကောင်းကတစ်မျောင့်"

အလိုလိုနေရင်း မြားက ကျွန်တော့်ဘက် ရောက်လာရသည်။

"မင်းဟာကလဲ အလကားနေရင်း ငါ့ကိုပဲ လာခလုတ်တိုက်တော့



www.burmeseclassic.com

www.burmeseclassic.com



တာပဲ"

"ဟာ မတိုက်လို့ရမလား၊ ရောဂါက တစ်ခုပြီးတစ်ခု ဖြစ်နေပြီး"

"ခုဟာက ရိုးရိုးသားသား ဖျားတာလေ"

"အင်းလေ.....အခုရင်က လွမ်းဖျား မဖျားခဲ့ရတော့ အစားပေါ့"

မိုးဇော်စကားကိုကြားသော နွေအေးက မနေနိုင်မထိုင်နိုင် ဝင်ပြော ရှာ၏။

"ခု အဲလိုမဟုတ်တော့ပါဘူး ကိုမိုးဇော်ရဲ့"

"ဘယ်လိုဖြစ်နေလို့တုန်း"

"ဒီမှာလေ...ဒီအရုပ်ကြည့်ပြီး ခုပဲ နွေအေးတို့ ဆွေးနွေးနေတာ"

မိုးဇော်က အရုပ်ကို ယူကြည့်၏။ ပြီး.....ကျွန်တော့်ကို မသင်္ကာ သလိုကြည့်၏။ သင်္ကာချင်စရာကလည်း တစ်စက်မှမှ မကောင်းတာဘဲ။ ကျွန်တော့်ကို သူတို့က သံသယနှင့် စိုးရိမ်နေတာ ကြာပြီ။ ခုတော့ ပိုပြီး စိုးရိမ်ဖွယ်ရာကောင်းသော သံသယများကို တွေ့လိုက်ရသလို မိုးဇော် ကျွန်တော့်ကို ကြည့်ခြင်းဖြစ်သည်။

အကြည့်တွေနှင့် စကားအများကြီးပြောပြီးမှ တိုတောင်းသော မှတ်ချက်ကို ချ၏။

"တကယ်.....ရှင်ပြန်ထမြောက်ပြီဆိုရင်တော့ ကောင်းတာပေါ့။ ခရစ်တော်ကို ယုံကြည်ဖို့တောင် သူ့လူတွေ အချိန်ယူခဲ့ရသေးတာပဲ"

ကျွန်တော်က သူ့မှတ်ချက်ကို နားလည်သည်။ နားမလည်သော နွေအေးကသာ စကားကိုဆက်၏။

"ကိုမိုးဇော်.....တစ်ယောက်ကတော့ အိုကေသွားပြီ၊ Crystal ပဲ ကျန်တယ်"

မိုးဇော်က ညင်ညင်သာသာပြုံး၏။ ဘာဖြစ်ချင်လဲ ဟူသော အမူအရာနှင့် နွေအေးကိုလည်း မေးဆတ်ပြ၏။ နွေအေးက သူ့စကားသူ



www.burmeseclassic.com

www.burmeseclassic.com



ဆက်ပြောသည်။

"ဩော်.....ဆေးနည်းရှိရင် Crystal ပါပေးချင်လို့၊ ကိုလူကြီး ဆီက နည်းတောင်းနေတာ"

မိုးဇော်က ဒီတစ်ခါတော့ ရယ်၏။ ပြီးမှ.....နွေအေးကို သေသေ ချာချာကြည့်ကာ ပြောသည်။

"နွေအေး"

"ဟင်"

"နင် ကြားဖူးလား"

"ဘာကိုလဲ"

"စကားပုံတစ်ခု"

"ဘာစကားပုံလဲ"

"ပေါ့စေလို၍ ကြောင်ရုပ်ထိုးတာ ဆေးကြောင့်လေးတဲ့"

စကားပုံကို ဝင်ဖြေလိုက်တာက ကျွန်တော်မို့ ကျွန်တော့်ကို နွေအေး က တအံ့အသြနှင့် ကြည့်၏။ မိုးဇော်ကတော့ တရားခံကိုမိသွားသော စုံထောက်နှယ် ကြည့်သည်။ ပြီး.....

"နေစမ်းပါဦး၊ လူကြီးမင်းရယ်"

ကျွန်တော် ဘယ်မှမသွားပါ။ ခပ်စူးစူးလေး ပြန်ကြည့်ပေးလိုက်၏။

"မင်းက ဒီစကားပုံကြီးကို ဘာကိစ္စ ဝင်သိနေရတာလဲ"

"ကလေးတောင် သိတဲ့ဟာ၊ ကိုမိုးဇော်က ရစ်ပြန်ပြီ"

ရိုးအသော နွေအေးက မိုးဇော်ကို ရစ်စရာမရှိ ကြံဖန်ရစ်သည်ဟု မြင်ပုံရသည်။

"နင်ဝင်မပါနဲ့ နွေအေး၊ ဒီကောင့်မှာ ၆.၀၁အာရုံလည်း မရှိဘူး။ ဒီကောင် ရှေ့ဖြစ်လည်း မဟောတတ်ဘူး"

"ဘာဆိုင်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဆိုင်တယ်၊ ငါပြောမှာကို သူ ကြိုသိနေရတာ သူ့မှာ အဲဒီ ဆေးကြောင့်လေးထားတဲ့ အကြောင်းတစ်ခုရှိရမယ်"

ထိုအခါကျမှ ခပ်ရေးရေး သဘောပေါက်သွားဟန်ရှိသော နွေအေး အသံတိတ်သွားရသည်။ နွေအေးအတွက်ကတော့ ရုပ်ရှင်ပြကွက်တွေက သိပ်မြန်လွန်းနေသလို ဖြစ်နေပေလိမ့်မည်။ ကျွန်တော့်အတွက်ကတော့ စက်ချို့ယွင်းသွားသလို ပုံရိပ်များက ရပ်တန့်လို့.....။

"မရှိပါဘူးကွာ".....ဟူသော စကားကို အားမပါဘဲ ငြင်းလိုက်ရသည်။

"ငါတို့ကလည်း မရှိစေချင်ပါဘူး"ဟူသော မိုးဇော်၏စကားကိုလည်း အောင့်သက်သက် လက်ခံလိုက်ရသေးသည်။

ကံကြမ္မာ၏ Timing ကို ကျွန်တော်မသိပါ။ သူ့ကို ထိန်းချုပ်နိုင်သော အရည်အချင်းလည်း ကျွန်တော့်မှာ မရှိပါ။ ရှိဦးတော့၊ ထိုTiming ကို ဝေးသွားလုလု ဖြစ်စေနိုင်မည့် အရည်အချင်း ကျွန်တော့်မှာ ပါလာသလား သိပ်မသေချာချင်.....။ သေချာတာကတော့ လေလောဆယ်ကြားနေရသော ဝေးသွားသည့် အရသာမဲ့လှု၏။

"သတင်းကတော့ ပြီးသွားခဲ့ပြီ.....
ငါ့.....နာရေးကြော်ငြာကတော့ ခုထိပါမလာသေးဘူး။
တစ်ခုပါပဲ.....
ငါ.....ဘဝတူးတော့ ကောင်းချင်သေးတယ်"

✸✸✸



www.burmeseclassic.com

www.burmeseclassic.com



(၁၂)

နွေအေး၏စကားဆုံးတော့ ယမင်းဖြူက Crystal ကိုကြည့်၏။ အကြည့်၏ အဓိပ္ပါယ်က "နင်လည်း ပြောင်းလဲချိန်တန်ပြီ" လို့ပြောနေမှန်း Crystal သိသည်။ မသိကျိုးကျွံပြုကာ ငြိမ်နေပစ်လိုက်သော်လည်း မရ။ မြတ်ဆွေမော် အသံက နားထဲဝင်လာ၏။

"Crystal နင့်အခြေအနေကရော"

Crystal အူကြောင်ကြောင်လေး ပြန်ကြည့်ပေးလိုက်သည်။

"ဘာကို ပြောတာလဲ"

"ဘာကိုပြောရမှာလဲ၊ ဟိုမှာ ကိုလူကြီးက အတိတ်ကို အတိတ်မှာထားခဲ့ပြီ၊ နင်ကရောလို့ မေးတာ"

"ဘာဆိုင်လို့လဲ"

"ရော်.....အဲဒီတစ်နှစ်ခွဲဆိုတဲ့အချိန်ဟာ ကိုလူကြီးအတွက်



www.burmeseclassic.com

www.burmeseclassic.com



လုံလောက်ရင် နင့်အတွက်လည်း လုံလောက်သင့်တယ်လေ"

Crystal ခုံကို မှီလျှော့ထိုင်နေရာမှ မတ်မတ်ကလေး ပြန်ထိုင်လိုက်သည်။ ပြီးမှ.....

"မော်"

"ဘာလဲ"

"နင် တစ်လကို shopping ထွက်တာချည်း ဘယ်လောက်ကုန်လဲ"

မော်...Crystal ကို အူကြောင်ကြောင်ပြန်ကြည့်၏။

"ဘာဆိုင်လဲ"

"ဆိုင်တာကို ပြောမှာပါ၊ ခုတော့ ငါမေးတာ အရင်ဖြေပါဦး"

"အဲလိုတော့ မသိဘူး၊ ဒါပေမဲ့ ဆိုင်က ငါရတဲ့ share ရော၊ ငါ့အစ်ကိုတွေ ပေးတာရော၊ မေမေတို့ ပေးတာရော အကုန် ကုန်တာပဲ"

"ဖြူကရော....."

"ဖြူက စုတယ်၊ share ထဲက တစ်ဝက်စုတယ်၊ ကျန်တာနဲ့ လောက်အောင်သုံးတာ၊ ဖြူ့မှာက မော့်လို မုန့်ဘိုးပေးမယ့် သူလည်း မရှိဘူး"

သက်ပြင်းခိုး တစ်ချက်ကို မသိမသာ မှုတ်ထုတ်လိုက်သည်။

"ဒါပဲ၊ ငွေအေးကိုတော့ မမေးတော့ပါဘူး၊ ငွေအေးက သိပ်သုံးတတ်တဲ့သူမှ မဟုတ်တာ"

"နင်ဆိုလိုချင်တာက....."

မော်က ခပ်ရေးရေး သဘောပေါက်နေသည့်တိုင် အရှုံးမပေးနိုင်သေးဟူသော မျက်နှာနှင့် Crystal ကို တည့်တည့်ကြည့်ကာ မေး၏။

"ဒါပဲလေ၊ ငါတို့ ဝင်ငွေတူတယ် ထားဦး၊ သုံးတဲ့အတိုင်းအတာ မတူဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အင်းလေ…"

"ဒီတော့.....ကိုလှူကြီးအတွက် တစ်နှစ်ခွဲဆိုတာ လုံလောက်ချင် လုံလောက်မယ်၊ ငါ့အတွက်တော့ တအားနည်းချင်နည်းနေမှာပေါ့၊ ဖြူ့အတွက် လုံလောက်တဲ့ share တစ်ဝက်ဟာ မြတ်ဆွေမော်အတွက်တော့ တအားနည်းချင်နည်းနေမှာလေ၊ ဒါကိုဆိုလိုချင်တာ....."

နွေအေးက Crystal စကားကြောင့် စိတ်မသက်မသာလေး ဖြစ်သွားပုံရသည်။ Crystal ကို ကရုဏာသက်သလို ကြည့်ကာပြော၏။

"ဒါဆို နင့်စိတ်ထဲမှာ ကိုကိုမောင်က ရှိနေတုန်းပေါ့"

Crystal စကားလုံးရွေးနေဟန်နှင့် ခဏငြိမ်သွားသည်။ ပြီးမှ.....

"မရှိဘူးလို့ မညာချင်ဘူး၊ ရှိတယ်လို့လည်း မညာချင်ဘူး"

"ဘယ်လို ဘယ်လို....."

"ရှုပ်ကုန်ပြီ"

တစ်ယောက်တစ်ပေါက်သံများ ထွက်လာ၏။

"ငါရှင်းအောင် ပြောမှာပါ၊ ကိုကို ငါ့စိတ်ထဲမှာ ရှိနေတာတော့ အမှန်ပဲ"

နွေအေး သက်ပြင်းလေးကို မသိမသာချကာ ခေါင်းခါတာကို Crystal မမြင်ချင်ယောင်ဆောင်ကာ ဆက်ပြော၏။

"ဒါပေမဲ့ သတိမရတဲ့အခါလည်း မရှိဘူး"

"ဘယ်လိုလဲ".....ဟု အဓိပ္ပါယ်ရသော အကြည့်များ လွှင့်ပျံလာပြန်သည်။

"ကိုကို ငါ့ရင်ထဲမှာရှိနေပုံက ငြိမ်းအေးသွားပြီ 'ကိုကိုမောင်' ဆိုတဲ့ လူကို ရင်ထဲထည့်ထားတာ မဟုတ်ဘူး၊ ငါ့ကို ထားသွားတဲ့၊ စိမ့်ကို လက်တွဲသွားတဲ့ 'ကိုကိုမောင်' ကို ငါ သိမ်းဆည်းထားတာ မဟုတ်ဘူး၊ ငါ သိမ်းဆည်းထားတာက ငါ့ကို တစ်ချိန်က ချစ်ခဲ့တဲ့၊ ငါ့ကလည်း



www.burmeseclassic.com

www.burmeseclassic.com



ချစ်တဲ့ 'ကိုကို'ပဲ၊ film တစ်ခုကိုကြည့်ပြီး လိုတဲ့နေရာပဲ ဖြတ်သိမ်းထားလိုက်တာမျိုးပေါ့၊ ကျန်တဲ့အပိုင်းက ငါနဲ့မဆိုင်ဘူး၊ ငါ့ရင်ထဲမှာ မထားတော့ဘူး၊ မရှိတော့ဘူး၊ အဲဒီအတွက် အရင်ကလို စိတ်နဲ့ကိုယ်နဲ့ လွတ်သွားတာမျိုး ငါ့ဆီမှာမရှိဘူး၊ ငါ့ရင်ထဲမှာ ငြိမ်းအေးနေတယ်၊ အဲဒီအရာဟာလည်း ဘယ်အချိန် အတိုင်းအတာကမှ တိုက်စားသွားနိုင်မှာ မဟုတ်ဘူးလို့ ငါ ထင်တယ်၊ ထင်တယ်ဆိုတာက ကံကြမ္မာကို မယုံလို့ သုံးလိုက်ရတဲ့ စကားလုံးပါ၊ ကိုယ့်ကိုယ်ကိုကတော့ သေကိုသေချာနေတာ၊ ကိုလူကြီး ပြောင်းလဲသွားတယ်၊ မေ့လို့ရပြီဆိုတာကိုလည်း ငါက ဝမ်းသာပါတယ်၊ ဘယ်လိုအခြေအနေမျိုးမှာပဲဖြစ်ဖြစ် ကိုယ့်ကိုယ်ကို အကောင်းဆုံး ပြုပြင်ယူနိုင်တာ အောင်မြင်မှုပဲလေ၊ ငါလည်း ငါ့ကိုယ်ငါတော့ အောင်နိုင်သူလို့ ထင်တယ်၊ တစ်ခုပဲ....."

"ဘာတစ်ခုပဲလဲ"

"ကိုလူကြီးရဲ့ပြောင်းလဲမှုဟာ သူ့အတွက် တကယ်စစ်မှန်မမှန် ဆိုတာပဲ"

"ဘယ်လို...ငါနားမလည်ဘူး"

ဖြူက ဝင်မေးသော စကားကို မော်ကလည်း ထောက်ခံ၏။

"ဒီလိုလေ...ငါ့ကို နင်တို့က မပြောင်းလဲဘူးလို့ ထင်တယ်၊ ဒါပေမဲ့ ငါ.....ငါ့ကိုယ်ငါ ပြောင်းလဲသွားပြီလို့ ယူဆတယ်"

"ဟုတ်ပါပြီ၊ ကိုလူကြီးကရော..."

"ကိုလူကြီးက သေဆုံးရာက တိတိကျကျပြောရရင် ယုအတွက်နဲ့ သူ သေဆုံးနေရာက ရှင်ပြန်ထမြောက်လာပြီလို့ ဆိုတယ်မဟုတ်လား"

"ဟုတ်တယ်လေ"

"ပြန်ရှင်သန်လာတာဟာ အကြောင်းတစ်ခုရှိရင် နောက် အကြောင်းတစ်ခုကြောင့် ပြန်သေဆုံးသွားနိုင်တယ်"



www.burmeseclassic.com

www.burmeseclassic.com


"မြတ်စွာဘုရား"

နွေအေးက ဘုရားတ၏။ အာရုံမှာလည်း ကိုမိုးဇော်ပြောသွားသော စကားများကို ပြန်ကြားယောင်မိသည်။ သို့သော်.....Crystal စကားက မဆုံးသေးသဖြင့် နွေအေး နားထောင်နေလိုက်သည်။

"ငါကကျတော့ ကိုကိုကြောင့် ငါ သေဆုံးသွားခဲ့ရတယ်လို့ ငါ့ကိုယ်ငါ မထင်ဘူး။ ခံစားရတာတစ်ခုပဲ၊ ခံစားချက်ကို ပြောင်းလဲပစ်နိုင်ခဲ့တယ်၊ သေဆုံးမသွားခဲ့တဲ့အတွက် သူ့လို ရှင်ပြန်ထမြောက်စရာမရှိသလို နောက်တစ်ကြိမ် ပြန်သေဆုံးသွားမှာကိုလည်း မပူရဘူး၊ ငါ့နောင်ရေးက စိတ်ချရတယ်"

"ဒါဆို ကိုလူကြီးနောင်ရေးက စိတ်မချရဘူးပေါ့"

ဖြူက ဝင်မေးပြန်၏။

"မဆိုလိုပါဘူး။ ငါဆိုလိုချင်တာက သူ ရှင်ပြန်ထမြောက်တာဟာ သူ့ရဲ့ တကယ့်ရင်ထဲက အစစ်အမှန်ပြောင်းလဲမှု မဟုတ်ဘဲ တစ်စုံတစ်ရာကြောင့် ပြန်ရှင်သန်လာခဲ့တာဆိုရင် အဲဒီတစ်စုံတစ်ရာ ထပ်မှားယွင်းသွားခဲ့ရင် သူ့အတွက် မကောင်းဘူးလို့ ဆိုလိုချင်တာ"

"အေးပါ၊ ရေးတေးတေးတော့ နားလည်စပြုပါပြီ"

Crystal က အတော်မောနေပြီ၊ ဒါကို သူက ခုမှ ရေးတေးတေး နားလည်စတဲ့။ စကားဝိုင်းက ပြန်တိတ်သွားသဖြင့် နွေအေးက သူ ပြောချင်တာကို ဝင်ပြော၏။

"ဒါကြောင့် ကိုမိုးဇော်က မနေ့က ပြောတာကိုး"

"ဘာပြောတာလဲ"

"ငါက သူ့အတွက်ဝမ်းသာပြီး Crystal ကိုပါ သတိရလို့ ဆေးနည်းရှိရင်ကောင်းမှာလို့ ပြောမိတာ"

"အဲဒါဘာဖြစ်လဲ"


www.burmeseclassic.com

www.burmeseclassic.com



"ဆေးရှိရင်.....ဆေးကြောင့်ဆိုရင် ဆေးကြောင့်လေးဆိုတာမျိုး ဖြစ်နေနိုင်တယ်လို့ ပြောတာ"

"ဟုတ်လား၊ ကိုမိုးဇော်က အဲလိုပြောလား"

Crystalက သူ့အတွေးနှင့်တူနေသည်မို့ တအံ့တသြမေးလိုက်မိသည်။

"အေး.....ပြောတော့ပြောတာပေါ့နော်"

"ဟင် ဘာလဲဟ၊ ပြောတော့ပြောတာပေါ့နော်ဆိုတာ....."

"မဟုတ်ဘူး၊ ကိုမိုးဇော်က အဲလိုဆိုလိုချင်တာ၊ ဒါပေမဲ့ ကိုမိုးဇော် မပြောလိုက်ရဘူး၊ ကိုလှကြီးက သူ့ဘာသာသူ ပိတ်ပြောသွားတာ"

အားလုံး တအံ့တသြဖြစ်သွားကြရသည်။

"ဒါဆို သေချာပါတယ်"

Crystal က လေးလေးနက်နက်ဟန်ဖြင့် မှတ်ချက်ချ၏။

"ဘာသေချာတာလဲ"

"ကိုလှကြီး ဆေးတစ်ခု တွေ့ထားတယ်"

"အဲဒါကောင်းလား၊ မကောင်းဘူးလား"

"ဒါကလည်း ကိုလှကြီးပေါ်မှာပဲ မူတည်တယ်"

"ဘာလို့လဲ"

"အဲဒီဆေးက ဘာဆေးလဲ၊ ဘာတွေပါလဲ၊ dosage က ဘယ်လိုလဲ၊ expire date က ဘယ်လောက်လဲ၊ သူ့ရောဂါနဲ့တည့်လား၊ ဒါတွေ သူကြည့်ရမှာလေ၊ မကြည့်ပဲသောက်မိလို့ကတော့ ရောဂါက သက်သာသလိုနဲ့ ဆိုးလာမှာ"

"ဒါလည်း ဟုတ်တာပဲ"

Crystal စကားကို အားလုံးက ထောက်ခံကာ ငြိမ်သက်သွားကြသည်။ ကြည့်စမ်းပါဦး၊ မျက်စိတမှိတ်အတွင်းမှာပင် ပြောင်းလဲသွားလိုက်



www.burmeseclassic.com

www.burmeseclassic.com



တာ.....။ သူတို့ပူပင်နေရသူအတွက်က ရင်အေးသွားပြီး သူတို့ ရင်အေးသွားခဲ့ရသူအတွက် ပြန်ပူပင်နေကြရပြီ.....။ ခုလို ပြောင်းလဲမှုကရော ဘယ်လောက်ထိ တည်မြဲမှာတဲ့လဲ.....။ ထပ်မပြောင်းလဲတော့ဘူးလို့ကော ဘယ်သူက အာမခံနိုင်မှာတဲ့လဲ.....။ ကိုယ့်ကိုယ်ကို သေချာဖို့ဆိုတာက လည်း တကယ်လေးနက်တတ်သူအတွက်က အတော်အချိန်ယူရပေလိမ့်မည်။

"ဆေးတိုးမလား၊ ဆေးမှားမလားဆိုတာကတော့ စောင့်ကြည့်ရမှာပဲ"

နွေအေးက ညင်သာသော်လည်း လေးနက်သော မှတ်ချက်ကိုချ၏။ အားလုံးက ထောက်ခံသလို ခေါင်းညိတ်ကြသည်။ တစ်ခါတစ်ရံတော့ တိတ်ဆိတ်ခြင်းသည် အဖိုးတန်ပါသည်။ တစ်ခါတစ်ခါတွင်တော့.....

''တေးသံတွေ ပြီးဆုံးဝေးလွင့်သွားခဲ့သော်လည်း.....
ရင်ထဲမှာ ကျန်နေခဲ့တတ်ခဲ့သလိုပေါ့။
ဖျောက်ဖျက်မရတဲ့ သံစဉ်တွေကို ကြားယောင်.....
ဝစ္စူဠာန်မှာ ငါ တန်ဆောင်တောင်းချင်တယ်''

✱✱✱



www.burmeseclassic.com

www.burmeseclassic.com



(၁၃)

ထင်ထားသည့်အတိုင်း လူမမာစောင့်မှု အကြောင်းပြကာ နလံထစ ပြုနေသော ကျွန်တော်သံ သီဟနှင့် မိုးဇော် ဒီည လာအိပ်ကြသည်။

"မင်းဆိုင် အခြေအနေကောင်းလား"

"မင်း လက်ဖက်ရည်ဆိုင်အသစ်ကို စိတ်ဝင်စားနေပြန်ပြီထင်တယ်"

ကိုယ့်ဘာသာကိုယ် စကားမရှိစကားရှာ မေးမိသော စကားလုံးက ကိုယ့်ကို ချောက်ထဲပြန်ဆွဲချသွားသလို ခံစားလိုက်ရသည်။

"မင်းပဲ ငါ့ကို လက်ဖက်ရည်ဆိုင် ဖွင့်ဆို....."

"မပြောပါဘူး၊ ငါ့လိုနေလို့ ပြောတာ"

"အေးလေ...ခု ငါနေ နေတာပဲ"

"သေချာလား"



www.burmeseclassic.com

www.burmeseclassic.com



"သေချာတယ်၊ နေမကောင်းတာကလွဲရင် အားလုံးပုံမှန်ပဲ"

"အိုကေ၊ ဒါဆို စလိုက်ရအောင်....."

သီဟက တကယ့် interview တစ်ခုကို စတော့မည့်နှယ် ကက်ဆက်ကို ကောက်ကိုင်ဟန်ပြ၏။

"ဘာစမှာလဲ"

"မေးခွန်းတွေလေ..."

"ငါ့ကိုမေးမှာ....."

"မတရားမလုပ်ပါဘူး၊ မင်း သိချင်တာလည်း ပြန်မေးလို့ ရပါတယ်"

ကျွန်တော် ပါးစပ်ပိတ်ထားလိုက်သည်။ နဂိုတည်းက ကျွန်တော် 'သီဟ'ကို မနိုင်။ အရင်ကနိုင်ခဲ့သော 'မိုးဖော်'ပင် ခုတလော.....အတော်ကလေး လက်စောင်းထက်လာသည်။ ဒီတော့ ကျွန်တော် စိတ်ပဲလျှော့ထားလိုက်သည်။ အမေမွေးကတည်းက ပါလာသော ဦးနှောက်က မတ်မတ်ထိုင်နေချိန်မှာတော့ အပေါ်စီးကပဲ မဟုတ်လား.....။

"မင်း တော်တော်လေး သက်သာနေပြီဆို"

"ဘာကိုမေးတာလဲ"

စကတည်းက အဓိပ္ပါယ်နှစ်ခွပါသော မေးခွန်းနှင့်စသဖြင့် ပြန်မေးရသည်။

"လူရောဂါရော.....စိတ်ရောဂါရော"

"အိုကေပါတယ်"

"ဆရာဝန်ပေးတဲ့ ဆေးတွေနဲ့ အဆင်ပြေတယ်ပေါ့"

"ပြေလို့ ခုထိထောင်လာတာလေ"

"ဆရာဝန် မပေးဘဲ ကိုယ့်ဘာသာကိုယ်သောက်တဲ့ ဆေးကရော အဆင်ပြေလား"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကိုဆိုလိုတာလဲ"

"မင်း ရှင်ပြန်ထမြောက်အောင် သောက်ပစ်လိုက်တဲ့ ဆယ်လူ ကော့တက်လေးကို ပြောတာပါ"

"အဆင်ပြေပါတယ်"

"အသက်မသေတော့ဘူးပေါ့"

"ဆိုပါတော့"

"အဲဒီဆေးမှာ side effect ကော မရှိဘူးလား"

"ဘယ်သိမလဲ"

"ဆေးတိုင်းမှာ side effect ရှိတယ်ဆိုတာ မင်းလက်ခံလား"

"အင်း.....လက်ခံပါတယ်"

"လက်ခံရင် ဆက်ပြောမယ်၊ လူဆိုတာ ရောဂါရှိရင် ဆေးတော့ သောက်ရမှာပဲ"

"အင်းလေ"

"ဒါပေမဲ့ ဆေးတွေအများကြီးရှိတဲ့အနက်က ကိုယ့်အတွက် side effect နည်းမယ့်ဆေးရှိတောင် အဲဒီဒါဏ်ကို ခံနိုင်လောက်တဲ့ ဆေးမျိုးကို ရွေးရတာပါတယ်"

"အင်းလေ..."

"မင်း ရွေးခဲ့တာလား"

"ဘာကိုပြောတာလဲ"

"မင်း ဆေးကိုရွေးခဲ့တာလား။ ဆေးက မင်းကို လာရွေးသွားတာ လားလို့မေးတာ"

"မဟုတ်ဘူး။ တစ်ခုမှ မဟုတ်ဘူး။ ကံတရားက ငါ့ရှေ့လာချသွား တာ"

မိုးဇော်က ကျွန်တော့် စကားကြောင့် တဟားဟားဆရယ်ကာ



www.burmeseclassic.com

www.burmeseclassic.com



ပြောဏ်။

"နောက်ဆုံးကျတော့ ငမိုက်သားကံတရား.....သံင်ချည်းသာ သေရော့ဖြစ်နေပါဦးမယ်၊ လူကြီးလူကောင်းလေးရယ်"

ကျွန်တော် ဘာပြန်ပြောရမှန်း မသိ.....။ ပြောစရာလည်းမရှိ ၁ဖြင့် မပြောမိ.,....။

"အဲဒီကံတရားကို ခဏ အနားပေးထားလိုက်ပါ၊ လူတွေ စိတ် အဆာပြေဖို့ ပစ်ပေါက်ခံထားရတဲ့ ဒါဏ်ရာဒါဏ်ချက်တွေ သူ့ရှေ့မှာ သိပ် များနေပြီ"

"သီဟ.....မင်း စာရေးစားပါလား"

"အေးအေးဆေးဆေး လက်ဖက်ရည်ရောင်းနေတာ မင်း ကြည့် မရဘူးလား"

"ထားပါတော့ကွာ"

"ထားပါတယ်၊ ခု ငါ မင်းကိုမေးမှာက 'ဆေးစားမှားတယ်' ဆိုတဲ့ စကားကို ကြားဖူးလား"

"ကြားဖူးတယ်၊ ငါ ကလေးမဟုတ်ဘူး"

"မဟုတ်လို့ ပြောနေရတာ၊ နားမလည်တဲ့ ကလေးကို လူကြီးက တိုက်မှာ၊ လူကြီးတိုက်မှ သူသောက်ရမှာ၊ လူကြီးကျ ကိုယ့်ဟာ ယူသောက်တာလေ"

"သမားတော်တွေ မှားတာလည်း ရှိနိုင်တာပဲ"

"ဟုတ်ပါတယ်၊ ငါက ဆေးစားမှားတဲ့အကြောင်းကိုပဲ ပြောမှာပါ၊ တရားခံမရှာဘူး"

"ပြော"

"တစ်ချို့ဆေးတွေက မှားစားမိရင် ဘာမှမဖြစ်ဘူး၊ ဒီလိုပဲ မသိလိုက်မသိဘာသာဘဲ တချို့ဆေးတွေက မှားစားမိရင် အလာဂျီ



www.burmeseclassic.com

www.burmeseclassic.com



ရတတ်တယ်၊ အပေါ်ယံပေါ့လေ၊ အရည်ပြားပေါ်မှာ မီးလောင်ဖုတွေလို ဖြစ်လာတဲ့ထိပေါ့၊ ဒါက အရည်ပြားပေါ်မှာ ဖြစ်တာ၊ တချို့ဆေးတွေကျ မှားမိရင် ဒါဏ်ပြင်းတယ်၊ shock ရပြီး ကိုယ်အင်္ဂါချို့ယွင်းသွားတတ်တာမျိုး.....''

''ဥပမာ.....အသည်း၊ နှလုံး၊ ကျောက်ကပ်''

မိုးဇော်က ခပ်တည်တည်ဝင်နှောက်၏။ သီဟာက အသာနေပါဟူသော အကြည့်နှင့်ကြည့်လိုက်မှ ရပ်သွား၏။ ထိုအခါကျမှ သီဟာက စကားကို ဆက်သည်။

''တစ်ချို့ဆေးတွေကတော့ အသက်ကယ်ဖို့ သောက်ပြီး၊ ထိုးပြီးကာမှ မှားလို့ အသက်ပါ ပြန်ပါသွားတတ်တယ်''

''အဲဒါ ဘာဖြစ်လဲ''

''သိအောင် ပြောပြတာပါ၊ ဗဟုသုတပေါ့၊ ဒါပေမဲ့ မှားမှ အမှားကို အပျော့အပြင်းချိန်ဆနေမှာထက်စာရင် မမှားတာက ကောင်းတာပေါ့ကွာ''

ကျွန်တော် မျက်မှောင်ကြုတ်လိုက်သည်။

''မင်း ဆိုလိုချင်တာက ငါက ဆေးမှားနေတယ်ပေါ့''

''မဆိုလိုပါဘူး၊ မှားရင် လေးတတ်တာကို ပြောပြတာ''

''ဒါဆို အဲဒီဆေးသောက်မိတာ ငါမှားတယ်ပေါ့''

''မပြောပါဘူး၊ မင်း ရေရှည်ကျန်းမာရေးအတွက် သတိပေးရုံ သက်သက်ပါ''

ကျွန်တော့်ကို စေတနာနှင့်ပြောမှန်း ကျွန်တော် နားလည်ပါသည်၊ သူတို့က ကျွန်တော့်ကို ဒုတိယအကြိမ် မနာစေချင်တာ ဖြစ်ပါလိမ့်မည်။ မိုးဇော်ကတော့ တစ်ခွန်းဝင်ပြော၏။

''မင်း မှားတာ၊ မမှားတာထက် မင်း အမှားခံလိုက်ရတယ်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ် မှာစိုးလို့ပါ''

''ဘယ်လို''

''လောကမှာ လူတွေက ကိုယ့်ကြောင့်မှားရင် ကိုယ့်ကိုယ်ကို ခွင့်လွှတ်တတ်တယ်၊ ဖြေတတ်တယ်၊ သူများကြောင့်မှားရင်တော့ တစ်သက် ဖြေဆည်မရတော့ဘူး''

''မှားလည်း ငါ့ဟာငါ မှားတာပဲဖြစ်မှာပါ။ အဲဒီအတွက် ကိုယ့်ကိုယ်ကို ခွင့်မလွှတ်တတ်တောင် ဖြေနိုင်မယ်လို့ ငါထင်ပါတယ်''

အဖြေ၏အဓိပ္ပါယ်ကို ကျွန်တော်ပဲ သိသည်။ သူတို့ကသိတောင် ဂဃနဏ သိနိုင်ကြလိမ့်မည် မဟုတ်။ ခုချိန်မှာတော့ သူတို့က ကျွန်တော့်ကို Crystal နှင့် နှိုင်းယှဉ်ပြောကြသည်။ Crystal တရားရတိုင်း ကျွန်တော်သာ တရားရရမည်ဆိုလျှင် ကျွန်တော် တော်တော်ခရီးရောက်နေလောက်ပြီ။

''လူဆိုတာ တစ်ယောက်နဲ့တစ်ယောက် မတူဘူးကွ''

''ဘာကို ဆိုလိုတာလဲ''

''ငါနဲ့ Crystal ဘဝတူဆိုပေမယ့် ခံယူချက်တွေ၊ အတွေးအခေါ်တွေ၊ လိုက်ခံစားတတ်တာတွေ၊ ထိန်းချုပ်နိုင်မှုတွေ တူချင်မှ တူလိမ့်မယ်''

''ဒါ ငါတို့သိပါတယ်၊ မင်း ဆိုလိုချင်တာက''

''Crystal ငြိမ်းအေးသလို ငါ မငြိမ်းအေးနိုင်သေးတဲ့အတွက် ငါညံ့တယ်ဆိုလည်း ငါ ခံရမှာပဲ၊ ဟုတ်တယ်၊ ငါ့စိတ်အားတွေ တအားကို လျော့ကျသွားခဲ့ဖူးလို့လား မသိဘူး ငါ့ကိုယ်ငါ လိုတာထက် ပိုထိန်းချင်ပေမယ့် လိုတာထက်ပဲ ပိုပိုလျှော့နေမိတော့တယ်''

''မင်းက ယောကျ်ားပဲ လူကြီးမင်း''

မိုးဇော်က မာနကို ထိခတ်ကာ မြှောက်တင်ပေးသော တစ်ခွန်းကို ဆို၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ဒါပေမဲ့ ခုချိန်မှာ ယောက်ျား မိန်းမက အဓိက မဟုတ်ဘူး။ ယောက်ျားဆန်တဲ့ မိန်းမတွေ အများကြီးရှိသလို မိန်းမဆန်တဲ့ ယောက်ျားတွေလည်း အများကြီးရှိတာပဲ၊ အဲဒီလိုပဲ စိတ်ထဲက မာကျောမှု၊ ပြောင်းလဲနိုင်မှု၊ စိတ်ထားတတ်မှုတွေကလည်း ယောက်ျား မိန်းမဆိုတဲ့ သတ်မှတ်ချက်ကြီးထဲမှာ ရှိမနေပါဘူး၊ လူပေါ်ပဲ မူတည်တာပါ"

"ဟုတ်ပါပြီ လူကြီးလူကောင်းရယ်၊ ငါတို့က မင်းကို ဝေဖန်ပြစ်တင်ရှုံ့ချပြီး စွပ်စွဲနေတာမဟုတ်ဘူး၊ မင်းကို တကယ်ငြိမ်းချမ်း စေချင်တာပါ"

"ငါလည်း တကယ်ငြိမ်းချမ်းချင်တာပဲလေ"

"ခု.....မင်းအခြေအနေက"

"အများအမှန်ကို ဆွေးနွေးတာ စောသွားတယ်၊ တကယ်က ငါက ဆေးကိုရထားပြီး ဆေးဘူးနဲ့တင် ရောဂါသက်သာနေတယ် ထင်တာ"

"မသောက်သင့်ရင် မသောက်တော့ဘူးပေါ့"

"တတ်နိုင်သလောက် ကြိုးစားကြည့်မှာပေါ့"

"မရရင်....."

"ငါ ကျေကျေနပ်နပ်ကြီး ဖြေတတ်ဖို့ ကြိုးစားရမှာပေါ့"

သီဟ လေမှုတ်ရပ် လေလျော့သွားသလို ပျော့ခွေသွားသည်။ ဘာမှတ်ချက်ကိုမှ မပေးတော့။ သေချာတာကတော့ လူတွေအားလုံးသည် အရူးများဖြစ်ကြသည်။ ကိုယ့်နည်းကိုယ့်ဟန်နှင့် ရူးနေကြသည်ချည်း။ လူကြီးမင်းနှင့် Crystal မှ မဟုတ်ပါဘူး၊ အားလုံးပါပဲဟု တွေးနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"မိုးတိတ်သွားခဲ့တာ သေချာသလားချစ်သူ.....
ငါ.....အသက်ရှူကြပ်နေခဲ့တာ ငါပဲ သိပါတယ်၊
အသက်ဝဝရှူဖို့ ပြတင်းတံခါးဖွင့်လိုက်တာမှ.....
ငါကောင်းကင်မှာ.....
မသေချာသော နက္ခတ်တွေက ကြိုးစိုးလို့....."



www.burmeseclassic.com

www.burmeseclassic.com



## (၁၄)

'တိတ်ဆိတ်ခြင်း'ကို တစ်စုံတစ်ရာ အပြစ်ရှိသည့်အလား ဝင်ခွင့်မပေးဘဲ သူတို့ စကားကောင်းနေကြသည်။ သူငယ်ချင်းအားလုံးကတော့ ပျော်ပျော်နေတတ်ကြသူများချည်းသာ.....။ ဒါမှမဟုတ် ပျော်ပျော်နေခွင့်ရကြသူများလား.....။ ကျွန်တော် ထိုင်စဉ်းစားနေမိသည်။ စဉ်းစားမှန်းမသိသာအောင် ရှေ့မှာ စာအုပ်တစ်အုပ်ကို ချထားရသည်။ ကျွန်တော် စာဖတ်နေသည်။ ကျွန်တော့်ကိုယ် ကျွန်တော် စာဖတ်နေကြောင်း မိနစ်အနည်းငယ်စီခြား၍ သတိပေးနေရသည်။ အချိန်တစ်ခုစီခြား၍ လှန်သွားသော စာမျက်နှာများသည်လည်း ဘာမှန်းပင် မသိ။ တော်တော်တောင် ခရီးရောက်နေပြီ.....။ ဘယ်ရောက်နေမှန်း မသိတာတစ်ခုဘဲ ရှိသည်။

ခဏနေကျတော့ ကျွန်တော့်ရှေ့ကို 'ဖြူ'က သစ်သားပြားလေး တစ်ခု လာချသည်။ သစ်သားပြားပေါ်တွင် permenent ink နှင့်

www.burmeseclassic.com



စာရေးထား ၏။

လှကြီးမင်း စာဖတ်နေသည်။

မှ
(သူငယ်ချင်းများ)

ကျွန်တော်ပြုံးမိ၏။

"ဘာလဲဟ"

ကျွန်တော် ရယ်ဟဟနှင့်မေးတော့ မိုးဇော်က ခပ်တည်တည်နှင့် ဖြေသည်။

"ဘာမှမဟုတ်ပါဘူး၊ မင်းကို ငါတို့က grantee ပေးထားတာပါ"

မိုးဇော်စကားကို အားလုံးက ဝိုင်းရယ်ကြ၏။

"ငါ.....ဒိုက်နေတာ မဟုတ်ပါဘူး၊ တကယ်ဖတ်နေတာပါ"

စကားကို လမ်းကြောင်းလွှဲရန် ခပ်တည်တည်နှင့် ငြင်းလိုက်သည်။ သီဟက ပြုံး၏။

"ဒိုက်တယ်လို့ ပြောမိလို့လား"

"အေးလေ..."

မော်က ထောက်ခံ၏။

"သူက ဒိုက်တာမှ မဟုတ်တာ"

"ဘာဖြစ်နေတယ် ထင်လို့လဲ"

သီဟကို တမင်ပြန်မေးလိုက်၏။

"day dream ရနေတာလေ၊ အိပ်မက် မက်တဲ့အဆင့်ကို ငါက ဒိုက်တယ် ပြောပါ့မလား"

ကိုယ့်ဘာသာကိုယ် ငြိမ်ခံနေလိုက်တာမှ ကောင်းဦးမည်။ ရှောင်လွှဲထွက်ရန် ကြိုးစားကာမှ တည့်တည့်ကြီးခံလိုက်ရသည်။ ဘာမှဆက် မပြောတော့။ ခဏနေတော့ Crystal က အနားလာထိုင်၏။ ခပ်သိသာသာ



www.burmeseclassic.com

www.burmeseclassic.com



ကြီးမော့မကြည့်ဘဲ စာအုပ်ကို ငုံ့ဖတ်နေလိုက်သည်။ National Geographic သည် ကျွန်တော့်ကို မဆွဲဆောင်နိုင်လောက်အောင် ညံ့စပြုနေပြီလား မသိ။ ဘာတွေရေးထားမှန်းကို မသိ။

"ကိုလူကြီး"

"အင်း.....Crystal ဘာလဲ"

"စကားပြောရအောင် လာလေ"

"ဒီမှာ ဒီစာအုပ်လေး အပြီးဖတ်ချင်လို့"

Crystal က ဆွဲယူကာပိတ်လိုက်၏။ ကျွန်တော် မော့ကြည့်လိုက်တော့ ကျွန်တော့်ကို နားလည်စွာ မသက်မသာပြုံးနေသော Crystal ကို တွေ့လိုက်ရသည်။

"Crystal က ဟန်လုပ်နေတာကို မကြိုက်ဘူး"

"ကျွန်တော် ဘာလုပ်လို့လဲ"

"စာဖတ်ချင်ယောင်ဆောင်နေတာလေ"

"မဟုတ်ပါဘူး"

"မညာနဲ့၊ Crystal က ညာတာမကြိုက်ဘူး၊ Crystal ဆို အာရုံမရတဲ့အလုပ်ကို ဘာမှ ဟန်ဆောင်မလုပ်ဘူး၊ စိတ်ကို သူ့အတိုင်းထားကြည့်နိုင်အောင် ကြိုးစားတယ်၊ ဒီလောက်ပဲ လုပ်ကြည့်ပါ၊ အေးချမ်းပါတယ်"

"ကျွန်တော် ဘာဖြစ်နေလို့လဲ"

"ဒါက ကိုလူကြီးမှ အတိအကျသိမှာလေ၊ ဘေးလူက ဖြစ်နေမှန်း ရိပ်မိရုံပဲ ရှိမှာပါ"

"ကျွန်တော် ဘာမှ မဖြစ်တော့ဘူးလို့ ပြောပြီးပြီလေ"

"ဟုတ်တယ်၊ အရင်က ဖြစ်ခဲ့တာတွေ ဘာမှမဖြစ်တော့ဘူးလို့ ဆိုလိုတာမဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



မြတ်စွာဘုရား.....။ ပညာရှိ ပီသပါပေ့.....။ အရင်က ဖြစ်ခဲ့တာတွေ ဘာမှမဖြစ်တော့ဘူးဆိုတော့ ခုဖြစ်နေတာက အသစ်လို့ ဆိုလိုက်တာပေါ့။ အဲဒီအသစ်က ဘာလဲဆိုတာ သူတို့ သိနိုင်မှာမှ မဟုတ်တာ။ ကိုယ့်ကိုယ်ကိုတောင် အလန့်တကြား shock ရလုနီးနီး ဖြစ်ခဲ့ရသေးတာပဲ.....။

"ခုဖြစ်နေတာကလည်း ဖြစ်သင့်လို့ ဖြစ်တာပဲ၊ ဖန်တီးယူတာမှ မဟုတ်တာ၊ ဒီတော့ ဖြစ်သင့်တာကို ဖြစ်ခွင့်ပေးလိုက်ပါ"

ကျွန်တော် စကားမဆက်တော့ Crystal က ဆက်ပြောခြင်းဖြစ်သည်။ ကျွန်တော် ခေါင်းကိုသာ အသာခါရ၏။ မဖြစ်ဘူး။ မဖြစ်သေးဘူး။ မဖြစ်နိုင်သေးဘူး။ ဖြစ်ကို မဖြစ်နိုင်တော့ဘူး။ ဒီ အငြင်းဝါကျတွေထဲက ဘယ်ဝါကျကို ယူသုံးရမလဲပင် ကျွန်တော် မသိသေး။

"ဖြစ်ခွင့်မပေးနိုင်လို့ မဖြစ်နိုင်သေးဘူးဆိုရင်လည်း ကိုယ့်ဘဝကိုယ် ပိုင်းဖြတ်လိုက်ပါ၊ ငါ ဘယ်အချိန်မှာ ပျော်ခဲ့ဖူးသလဲလို့ သိပြီဆိုရင် အဲဒီအချိန်အတိုင်း ကျင့်ကြံနေထိုင်နေအောင် ကြိုးစားပေါ့၊ ခု Crystal ဆို အဲဒီလိုပဲနေတာ"

"ဒါလည်း မဖြစ်သေးပါဘူးဟာ"

"ဘာလို့လဲ ကိုလူကြီးရဲ့"

"ငါက ငါ့ကိုယ်ငါ ဘယ်အချိန်အတိုင်း ကျင့်ကြံနေထိုင်ရမယ်ဆိုတာ သိဖို့ အတော်ကြိုးစားရဦးမှာမို့ပါ"

ဒီတစ်ခါတော့ Crystal က ခေါင်းခါ၏။ ကျွန်တော့်ကို မနိုင်တော့ဘူးဆိုသော ခေါင်းခါခြင်းမျိုး ဖြစ်သည်။ အတော်လေးမိုးချုပ်တော့ မီးကလေးတွေ ထပြန်သွားသည်။ ဆိုင်ထဲမှာ ကျွန်တော်တို့သုံးယောက်နှင့် အခြားညဥ့်နက်ထိထိုင်တတ်သော သူတစ်ချို့သာ ကျန်တော့၏။ ဆိုင်နှင့် အိမ်ကတွဲရက်မို့ သီဟက သူ့အခန်းမှာ သွားလှဲဖို့



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ကို အကြဲပေးသည်။ သူတို့လည်း တစ်နေကုန် ပျော်ပျော်နေပြီ မဟုတ်လား။

"သွားလေ"

ကျွန်တော် သူတို့ကို ကြောက်ကြောက်နှင့်ပင် လိုက်သွားရသည်။ အတော်ကြာသည်အထိ တိတ်တိတ်ဆိတ်ဆိတ် လှဲလျောင်းနေကြသည်။ ခုတင်က နှစ်လုံးရှိရာ ကျွန်တော်ကတစ်လုံး၊ သီဟနှင့် မိုးဇော်ကတစ်လုံး။ ပြီး.....အသားမထိကြေးဟုဆိုကာ ရန်ထဖြစ်နေကြသည်။

"ငါ့အသား လာမထိနဲ့၊ ခွာနေ"

"ငါကရော ထိချင်ပါ့မလား၊ မင်းခုတင်က ကျဉ်းတာကိုး"

"အေး.....ကျယ်တဲ့ခုတင်ကို ကလေကချေကောင်က အပိုင်စီးထားတယ်လေ၊ ခု အရေးကြီးတာက မင်း ငါနဲ့ ခပ်ခွာခွာလေးနေဖို့....."

"နေတယ်၊ ငါကလည်း 'ကျား'ဆို အိမ်မှာ 'Tigger'တောင် သိပ်ကြည့်တာ မဟုတ်ဘူး"

အရေးထဲ Tiggerတောင် ကန့်လန့်ကန့်လန့် ပါရသေးသည်။ အင်းလေ သူက pooh လို ဝဝဆိုတော့ Tigger ဆို ဘယ်ကြည့်လို့ရပါ့မလဲဟု တွေးကာ ပြုံးမိသေး၏။

"ဟိုကောင်.....ဝမ်းတွင်းရှူး ဘာပြုံးတာလဲ"

"ခြေဘ်.....ကျားဆို Tigger တောင် မကြည့်ဘူးဆိုလို့ပါ"

"ဒါ ရယ်စရာလား"

"ပြုံးတာပါ"

"မပြုံးနဲ့"

မိုးဇော်က အလကားနေရင်း ဘုလိုင်းကြီး ဟောက်၏။

"ခွင့်လွှတ်ပါကွာ၊ ဒီကောင် ဒီရောဂါရနေတာ ကြာပြီ"

သီဟက ခပ်တည်တည်နှင့် ဝင်ပြော၏။


www.burmeseclassic.com

www.burmeseclassic.com



"ဘာရောဂါလဲ"

"ကျားကြောက်တဲ့ရောဂါလေ၊ ဘာဖြစ်ထားဖူးလဲမှ မသိတာ"

"ဟော့ကောင် ဘာမှမဖြစ်ဘူး"

"တောထဲသွားရင်း ကျားတွေ ဘာတွေနဲ့ တွေ့....."

"တော်.....တွေ့စရာမရှိဘူး၊ မင်းတို့တောင် မလွဲသာလို့ ပေါင်းတာ"

"ကွာချင်ပြီလား"

သီဟာစကားကြောင့် မိုးဇော် ပယ်ပယ်နှယ်နှယ် ဆဲတော့သည်။

"တော်ပါတော့ကွာ၊ မင်းတို့ဟာကလည်း ရန်ဖြစ်စရာမရှိ ရှာကြံဖြစ်နေတယ်"

"အင်းလေ၊ မင်းလိုမှ တစ်ယောက်တည်း ရန်မဖြစ်တတ်တာ"

မြားဦးက ကျွန်တော့်ဘက် ပြန်လှည့်လာသည်။ တကိုယ်တည်း ပဋိပက္ခဖြစ်နေတတ်တာကို သိ၍ပြောခြင်းဖြစ်သည်။ သီဟာက သူ့ခုတင်ပေါ်မှ ခုန်ဆင်းကာ ကျွန်တော့်ခုတင်ဘက် ကူးလာ၏။

"နေပါဦး၊ အခန့်သင့်တုန်း မေးချင်လို့"

'ဟင်...မေးဦးမယ်၊ အခန့်ကလည်း သင့်သင့်နိုင်လွန်းတယ်၊ မေးခွန်းက မကုန်သေးဘူးလား"

"မကုန်တာက ငါတို့တော်လို့ မဟုတ်ဘူး၊ မင်းရှော်လွန်းလို့"

"ထားပါကွာ၊ လိုရင်းပြော"

"လိုရင်းကို ဒီတစ်ခါ တည့်တည့်ပြောမှာပါ"

"ပြော"

"မင်း ဘယ်ကောင်မလေးကို ထပ်စိတ်ဝင်စားနေတာလဲ"

စိတ်ဝင်စားနေတာလဲဟု မေးရမည့်အစား 'ထပ်စိတ်ဝင်စားနေတာလဲ' တဲ့။ ဒီကတည်းက အမေးက ရှင်းနေသည်။ မင်း တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



တော့ ပြီးပြီဆိုသော သဘောက သက်ဝင်နေသည်။ ခပ်ရှင်းရှင်းပြောရလျှင် တော့ မင်း ဘယ်သူ့ကို ထပ်ချိန်နေပြန်လဲ ဆိုတာမျိုး.....။

"မင်းတို့ သိမှာမဟုတ်ပါဘူး"

"ငါတို့ မသိလို့ မေးတာပေါ့"

"ပြောလည်း သိမှာမဟုတ်လို့ ပြောတာ"

"အရေးမကြီးပါဘူး၊ ဘယ်သူလဲ၊ ဘယ်ကလဲပဲပြောပါ၊ မသိတာ က ငါတို့ညံ့ဖျင်းမှုနဲ့ ဆိုင်ပါလိမ့်မယ်၊ မပြောရဲတာက မင်းတာဝန်လေ"

အရေးထဲ စေတနာမရှိအောင် လျှာရှည်နေသေးသည်။

"ပြောလေ"

မိုးဇော်ကပါ ဝင်ထောက်၏။ သိတော့ရော သူတို့ ဘာတတ်နိုင်မှာ ကျလို့.....။ ကျွန်တော် ဆုံးဖြတ်ချက်ချလိုက်သည်။ လိမ်ညာပြီး မဖြေတောင် အမှန်အတိုင်း ဖြေစရာတော့ လိုလိမ့်မည်မထင်။ ထို့ကြောင့်.....

"ကောင်မလေးကို ငါက မြတ်နိုးလို့ ခေါ်တယ်"

ကျွန်တော့်ဟန်ပန်နှင့် လေးနက်မှုကြောင့် သီဟနှင့် မိုးဇော် ငြိမ်သက်သွားရသည်။ သေချာပါသည်။ 'မြတ်နိုး'ဟု ရင်ထဲက ခေါ်လိုက် သောအသံက 'ယု'ဟု ခေါ်ခဲ့ဖူးသော အသံထက် လေးနက်သေချာနေ သည်ဆိုတာ.....။

"တကယ်မှားခဲ့တာ.....

ငါလား.....လောကလား.....

မမှားခဲ့ဘူးဆိုရင်တောင်မှ.....

သေချာမှုက ခုမှလာတာ....."



www.burmeseclassic.com

www.burmeseclassic.com



(၁၅)

'မသိလို့ မေးပါဦးမယ်'ဟု အစချီကာ မေးလိုက်သော မေးခွန်းများကို ကျွန်တော် ဒိုင်ခံဖြေရတော့သည်။ 'မျက်နှာမြင်မေးချင်ပါစေ' ဟူ သော ဆုတောင်းနှင့်များ မွေးလာလေရော့သလား မသိ။ မိုးဇော်ကမေး၏။

"မင်း ယုနဲ့ အဲဒီ မြတ်နိုး ဘယ်သူ့ကိုပိုချစ်လဲ"

"တူတူပဲလို့ ထင်တာပဲ"

"နေပါဦး၊ မင်းဟာက step ကျော်သွားပြီ၊ မင်း တကယ်မေးရမှာက ယုကို ချစ်တယ်ဆိုတာရော.....တကယ်လားလို့ အရင်မေးရမှာ....."

သီဟက မိုးဇော်မေးခွန်းကို ဝင်ဖျက်ကာ မေး၏။

"ယုကိုလည်း ငါ တကယ်ချစ်ခဲ့တာ သေချာပါတယ်"

"ဒီလိုပဲ လောကကြီးမှာ တစ်ယောက်ပြီးတစ်ယောက် ပြောင်း



www.burmeseclassic.com

www.burmeseclassic.com



ချစ်လို့ရလား''

''ဒါကတော့ မင်းဘာသာမင်း အရင်ပြန်မေးကြည့်ပေါ့ မိုးဇော်ရာ''

ဒါမျိုးကျ မိုးဇော်မှာက အဆင်သင့်.....။

''ငါက အားလုံးကို တကယ်ချစ်ခဲ့တာမဟုတ်ဘူး၊ အကြောင်းအရာ တိုက်ဆိုင်သွားတာလောက်ပဲ''

''တိုက်ပဲ တိုက်ဆိုင်နိုင်လွန်း အံ့ရော''

ဒါမျိုးကိစ္စကင်းသော သီဟက မိုးဇော်ကို ဝင်ပြော၏။ မိုးဇော်က မဖြုပါ။ ဒီပွဲမှာ သူက တရားခံအဆင့်မှ မဟုတ်တာ။ ခက်တာက မိုးဇော်လိုကောင်မျိုးကျ ရည်းစားများတာ၊ အီစီကလီများကာကို ဘယ်သူကမှ ရေးကြီးခွင်ကျယ်မလုပ်ကြ။ ဘဝမှာ ရည်းစားတစ်ယောက်ထားမိပြီး ဒုက္ခတွေရောက်၊ ခုမှ တစ်ယောက်ထပ်တွေ့နေသော ကျွန်တော့်ကျ သူတို့က စစ်လားဆေးလားနှင့်.....။

''တစ်ယောက်ပြီးတစ်ယောက် ပြောင်းချစ်တာမဟုတ်ဘူး တစ်ယောက်ကို မေ့ဖို့ကြိုးစားရင်းက သူ့ကြောင့် မေ့ဖြစ်သွားရင်း သူ့ကို ချစ်နေတာကို ကိုယ့်ကိုယ်ကို သတိထားမိသွားတာ.....''

''လက်ခံပါတယ်''

သီဟက ခပ်တည်တည်နှင့် နားလည်သလိုလို လက်ခံလိုက်သဖြင့် မိုးဇော်က မကျေမနပ်ကြည့်သည်။

''တော်သေးတာပေါ့၊ မင်းကမှ တစ်ယောက်ပြီးမှတစ်ယောက် တချို့ကျ တစ်ပြိုင်တည်းကို လေးငါးယောက် အီစီကလီရိုက်နေတာ ကျည်ဆံထိတဲ့ကောင် အသေဆိုပြီး ပစ်တာလေ.....''

မိုးဇော်က သီဟ သူ့ကို စောင်းပြောနေမှန်းသိသိကြီးနှင့် သိသလိုလုပ်ကာ ကျွန်တော့်ကိုပဲ မေးခွန်းတွေ ဆက်မေးဖို့ ကြိုးစားနေသည်။

''ဒီနောက်မှာရော 'တကယ်ချစ်သွားတာပါ' ဆိုတဲ့ သူတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ထပ်မတွေ့ဘူးလို့ မင်း ပြောနိုင်မလား''

''ဒါကတော့ ဒီအချိန်မှာ ငါကတိပေးလိုက်ရင် ယုံချင်မှယုံကြမှာပေါ့၊ အချိန်က အဆုံးအဖြတ်ပေးသွားပါလိမ့်မယ်''

''ဟုတ်ပြီ၊ ဒါဆို တစ်ခုထပ်မေးမယ်''

''တစ်ခုပဲလား''

''ဒါက မင်းအဖြေအပေါ် မူတည်တယ်''

'ဝင်္ကရိုသရွေ့တော့ခံလိုက်ဦးပေါ့'ဟူသော အတွေးနှင့် ကျွန်တော်အသင့်ပြင်ထားလိုက်သည်။

''ယုန့် ဘာမှ မဖြစ်ခဲ့ကြဘူး ဆိုပါစို့''

''အင်း...ဘာဖြစ်လဲ''

''အဲဒီအခြေအနေနဲ့ မင်း 'မြတ်နိုး'ဆိုတဲ့ ကောင်မလေးကိုတွေ့ပါ ပြီတဲ့''

သူ ဘာကိုဆက်မေးမည်ဆိုတာ ကျွန်တော် မှန်းမိသည်။ သေချာတာက ကျွန်တော့်မှာ လုံလောက်သောအဖြေ မရှိနိုင် ဆိုတာပင်။ သူက စကားကိုဆက်၏။

''မင်း မြတ်နိုးကို ချစ်မိနိုင်ဦးမလား။ စိတ်မဝင်စားဘဲနဲ့ နေနိုင်မှာလား''

လူဆိုတာ မေးခွန်းထုတ်တတ်သော သတ္တဝါများ ဖြစ်ကြသည်။ ကိုယ်က ဖြေရမည်ဆိုလျှင်တော့ ဝန်လေးသူချည်းသာ.....။ 'မဖြစ်မနေ' ဟူသော အနေအထားများတွင်သာ ကိုယ့်အား အကုန်ထုတ်သုံးကာ ဖြေဆို တတ်ကြသည်။ ထိုအနေအထားများတွင် 'စာမေးပွဲ'လည်း ပါသည်။ 'စာမေးပွဲ'ဟူသည် ကိုယ့်ကို တစ်ဆင့်မြှင့်တင်ပေးလို၍ အရည်အချင်းကို စစ်သော ပွဲများဖြစ်သည်။ကျွန်တော် ခု မိုးဇော်စစ်သော စာ မေးပွဲကို အောင်ချင်ပါသည်။ သို့သော် ကျွန်တော် ပြည့်စုံလုံလောက်သော အဖြေ



www.burmeseclassic.com

www.burmeseclassic.com



ပေးနိုင် မပေးနိုင် ကိုယ့်ဘာသာကိုယ် မသေချာပါ။

ကျွန်တော် ငြိမ်သက်နေတော့ သူတို့က ကျွန်တော့်ကို စောင့်နေကြသည်။ စဉ်းစားချိန်ပေးခြင်း တစ်မျိုးများလား။ အချိန်စေ့လို့မှ အဖြေမထွက်လျှင် ကျွန်တော် ဒီစာမေးပွဲကို အရည်အချင်းမဲ့စွာ ဆုံးရှုံးသွားနိုင်သလား။ ဘာမှမသေချာပါ။

"မင်းမေးခွန်းကို ငါရှင်းတယ်၊ နားလည်းလည်တယ်၊ ဘာလို့မေးတယ်ဆိုတာလဲ သိတယ်"

"ဟုတ်ပြီ"

မိုးဇော်က စကားစကို ဆက်မျှော်ဟန်ရှိသော စကားနှင့် ထောက်ပေးသည်။

"ငါ ဖြေတတ်သလို ရိုးရိုးလေးဖြေမယ်နော်"

"ဖြေပါ"

"ဘုရားသခင်က လူတွေကိုသနားလို့တဲ့၊ နေ့ရက်တွေကို တစ်နေ့ပြီးမှတစ်နေ့ ဖွင့်ခွင့်ပေးခဲ့တာ....."

"ဘာဆိုင်လဲ"

သီဟ မျက်မှောင်ကြုတ်ကာဝင်ပြော၏။

"ဆိုင်တာကိုပြောမယ်လေ၊ ငါနဲ့ ယုနဲ့ ဘာမှမဖြစ်ခဲ့ကြဘူးဆိုရင် ငါက ယုအပေါ် သစ္စာရှိနေမှာပဲ၊ အဲဒီကြားထဲကမှ မြတ်နိုးကိုတွေ့ခဲ့ရင် ငါ ဘာဖြစ်မလဲ၊ ငါ့ဟာငါ မသေချာဘူး၊ သေချာတာက....."

"သေချာတာက ဘာလဲ"

"ငါ ယောက်ျား၊ ငါ ယုကို သစ္စာရှိမှာပေါ့၊ မြတ်နိုးကို ရင်ထဲလှုပ်ခတ်မိတဲ့တိုင်.....ငါ ယုအပေါ်မှာပဲ သစ္စာရှိမှာပေါ့"

"အင်း"

"ကျန်သေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကျန်သေးလဲ၊ အခုအခြေအနေကလည်း ယု မရှိတော့လို့ အစားထိုးဖြေသိမ့်လိုက်တာမျိုး မဟုတ်ဘူး"

"ဘယ်လိုမျိုးလဲ"

"စတွေ့တည်းက လှုပ်ခတ်မိသွားတာ မဟုတ်ဘူးလေ၊ အချိန် အတော်ကြာလာမှ မြတ်နိုးကို ငါ ချစ်နေမိတာ ငါ့ကိုယ်ငါ အထိတ်တလန့် သတိပြုမိလိုက်တာ....."

"ဒီတော့....."

မိုးဇော်က စကားကျန်ဦးမည်ထင်ကာ စကားကို ထောက်ပေး၏။

"ဒီတော့ ငါ့ကိုယ်ငါ ခု မင်းတို့စစ်ဆေးတာထက် ကြိမ်ဖန်များစွာ စစ်ဆေးခဲ့ပါတယ်"

"ဘာအဖြေရလဲ"

"ငါ မြတ်နိုးကို ချစ်တယ်"

"ယုကိုရော....."

"ယုကိုချစ်တဲ့ အချစ်မျိုးနဲ့ မြတ်နိုးကို အစားထိုးချစ်တာ မဟုတ်ဘူး၊ ယုထက် ပိုတယ်လို့ ငါ မပြောချင်ပေမယ့် ယုထက် မလျော့တာတော့ သေချာတယ်၊ ပြီးတော့....."

"ပြီးတော့.....ဘာဖြစ်လဲ"

"ခုနက မိုးဇော် မေးသွားခဲ့တဲ့စကား....."

"ဘာလဲ၊ အများကြီးကို"

"မြတ်နိုးနောက်မှာ ထပ်တွေ့ခဲ့ရင်ဆိုတာ....."

"အင်း"

"ငါ အချိန်က အဆုံးအဖြတ်ပေးသွားလိမ့်မယ်လို့ ပြောခဲ့တာ လေ"

"အင်း"



www.burmeseclassic.com

www.burmeseclassic.com



"ခုချိန်မှာတည်းက သေချာနေတာပါ၊ ဒါပေမဲ့ ငါ စကားကို ကုန်အောင်မပြောချင်ဘူး၊ ကုန်အောင်ပြောခဲ့ရင် အချိန်က ငါ့စကားကို လေးနက်ခွင့်ပေးတော့မှာ မဟုတ်ဘူး၊ ဒါကြောင့် ငါ အချိန်က စကားပြော လိမ့်မယ်လို့ ဖြေခဲ့တာ....."

"ကောင်းပါပြီ၊ မိုးဇော်ပြီးရင် ငါ မေးစရာရှိတယ်"

သီဟာက တကယ်မေးချင်တာလား၊ အားမနာ လျှာမကျိုး မေးနေသော မိုးဇော်၏မေးခွန်းများကို ဖြတ်ချင်တာလား မသိ။

"မေးလေ"

"မင်း ခု အဲဒီ မြတ်နိုးဆိုတာကို ဖွင့်ပြောပြီးပြီလား"

"ဟင့်အင်း"

"ဘယ်တော့ပြောမှာလဲ"

"မသေချာဘူး"

ကျွန်တော့်အဖြေကြောင့် သီဟ မျက်မှောင်ကြုတ်၏။

"မသေချာဘူးဆိုတာက ဘာကိုပြောတာလဲ"

"ဖွင့်ပြောဖြစ် မပြောဖြစ် မသေချာဘူးဆိုတာပါ"

"ဘာလို့လဲ၊ ဟိုက မင်းနဲ့ ယုအကြောင်း သိလို့လား"

"သိလည်း ဘာဖြစ်လဲ၊ နှစ်ယောက် တစ်ပြိုင်တည်းထားတာမှ မဟုတ်တာ"

"မဟုတ်ဘူး၊ ငါကိုယ်တိုင်က သူ့ကို တန်ဖိုးထားချင့်ချိန်နေတာ"

"ချင့်ချိန်ပြီး ဖွင့်မပြောတာဟာ တန်ဖိုးထားလို့လား"

"တစ်ခုအပါအဝင်ပဲ ဆိုပါတော့"

"ဘာမှမဆိုင်ဘူး"

မိုးဇော်က ခပ်တည်တည်နှင့် ခုကာမှ.....'ဘာမှမဆိုင်ဘူး'ဟု ဝင်ပြော၏။ စောစောက မေးခဲ့တာ သူမဟုတ်သလို။



www.burmeseclassic.com

www.burmeseclassic.com



"ဒါက ခံယူတဲ့သူနဲ့ ဆိုင်တယ်၊ မင်း ဝင်မပါနဲ့"

သီဟ ဝင်ပောက်လိုက်မှ မိုးဇော် အသံတိတ်သွား၏။

"ဒီတော့....."

"ဘာ ဒီတော့လဲ"

"မင်း ဘာလုပ်မှာလဲ မေးတာ....."

"ငါလည်း ငါ့ကိုယ်ငါ အဲဒီမေးခွန်းကို နေ့တိုင်းမေးနေတာပါ"

သီဟ နားလည်စွာ သက်ပြင်းချလိုက်မိသည်။ တစ်ခါတစ်ခါတွင်တော့ လောကတွင် အချို့သောပုစ္ဆာများ၊ မေးခွန်းများသည် အဖြေမရှိပါ။ အဖြေရှိသယောင်နှင့် အဖြေပျောက်နေတတ်ပြီး၊ မရှိသယောင်နှင့် အဖြေထွက်လာတတ်သည်လည်း ရှိသည်။ ခု.....လူကြီးမင်းက ဘယ်လိုဖြစ်နိုင်သည်လဲ သူလည်း မတွေးတတ်ပါ။

"ကိုယ့်ကိုယ်ကို ပြန်စစ်တဲ့ စာမေးပွဲမှာဝဲ.....
ကိုယ်က အကြိမ်ကြိမ် Postpondလုပ်ခဲ့ရ.....
ကိုယ့်အဖြေကတော့ ထွက်မလာခဲ့.....
အချိန်စေ့ပြီလား ချစ်သူ.....
ဗလာစာရွက်များပေါ်က မမြင်ရတဲ့ စာလုံးများ.....
မင်းအတွက် ဖြစ်စေသားကွယ်"

❋❋❋



www.burmeseclassic.com

www.burmeseclassic.com



## (၁၆)

"အံ့သြစရာ"

မြတ်ဆွေမော်၏ တအံ့တသြရေရွတ်သံလေးကြောင့် သုံးခေါင်းလုံး ချာခနဲ သူ့ဆီ လှည့်သွားကြသည်။ Crystal ကမေး၏။

"ဘာဖြစ်တာလဲ"

"ဪ.....တွေးမိလို့ပါ"

"ဘာတွေးမိတာလဲ၊ Ripley ရဲ့ Believe it or not လား"

ဖြူက ခပ်ရွတ်ရွတ်ဝင်မေး၏။ မော်က ခေါင်းခါကာ.....

"ကိုလူကြီးအကြောင်း တွေးမိလို့ပါ"

"ဪ.....နင်က သူ့အကြောင်းတွေးတဲ့အဆင့် ရောက်နေပြီလား"

နွေအေးက ရယ်ဟဟာနှင့် စတော့ 'မော်'က မခံပါ။



www.burmeseclassic.com

www.burmeseclassic.com



"အေး.....အိမ်ကခွေးကြီးနှစ်ကောင် အစာသိပ်မစားတဲ့အကြောင်း လည်း တွေးတာပဲ၊ နွေအေး အတဲ့အကြောင်းလည်း တွေးတာပဲ၊ ငါက မျှတပါတယ်"

နွေအေး ပွစိစိနှင့် မျက်စောင်းထိုး၏။ ဖြူက စိတ်မရှည်သလို ဝင်မေးသည်။

"ကဲ...ပြောပါ၊ ကိုလူကြီးက ဘာအံ့သြစရာရှိလဲ"

"ဩော်.....သူ့မှာ ယုကို မေ့ဖျောက်နိုင်လောက်တဲ့ နောက်ထပ် သံယောဇဉ်အသစ် တွေ့ထားတာတောင် အဆင်မပြေဘူးလို့ တွေးမိလို့"

"အဆင်မပြေဘူး ဟုတ်လား၊ ဘယ်လို မပြေတာလဲ"

"မပြေပုံက ကောင်မလေး အဲ.....ကိုမိုးဇော်ပြောပုံအရတော့ မြတ်နိုးဆိုလား၊ အဲ.....အဲဒီ မြတ်နိုးကို ခုထိ propose လုပ်သင့်မလုပ်သင့် စဉ်းစားရင်း ဒုက္ခရောက်နေတယ်ဆိုပဲ"

"ဟင် propose လုပ်ရမှာက သူ့တာဝန်၊ စဉ်းစားရမှာက တခြား သူ့တာဝန်လေ"

နွေအေးက ဝင်ပြောပြန်သည်။

"နင်တွေးသလို သူ မတွေးလို့ပေါ့ဟာ"

Crystal ကတော့ တွေးတွေးဆဆနှင့်.....

"ဒါ သူ့ဘက်က လေးနက်မှုကို ပြတာလည်း ဖြစ်နိုင်တာပဲ"

"လေးနက်မှုကို ပြတာ...ဟုတ်လား"

မော်က တအံ့တသြမေး၏။

"ဟုတ်တယ်၊ အလေးအနက် သိပ်မထားရင် လက်လွှတ်စယယ် အပေါ်ယံလေး ဖွင့်ပြောလိုက်လို့ ရတာပဲ"

Crystal အဖြေကို ဖြူက ထောက်ခံ၏။ ပြီးမှ.....

"ဒါနဲ့ ငါလည်း မေးရဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူ့ကိုလဲ"

မော်က သူ့ကို မေးမည့်အထင်နှင့် မေး၏။

"Crystal ကို"

"မေးလေ"

Crystal က အေးအေးဆေးဆေးပင် လမ်းဖွင့်ပေးလိုက်၏။

"ကိုလူကြီးကကျတော့ ချစ်ရမယ့်သူ အသစ်တစ်ယောက်တွေ့တယ်"

"အင်း.....ဘာဖြစ်လဲ"

"နင်ကကျတော့ နင့်ချစ်သူကိုပဲ ဒီအတိုင်းလေး သိမ်းထားတယ်"

"အင်း"

"ဘယ်သူမှန်လဲ"

မျှော်လင့်မထားသော အမေးကြောင့် Crystal ငြိမ်သက်သွားရသည်။ ဖြူ့ကိုလည်း ဒီလိုမေးတတ်လိမ့်မည်ဟု သူ တစ်ခါမှ ထင်မထားခဲ့.....။

အတန်ကြာမှ.....

"နှစ်ယောက်လုံး သူ့အတွေးနဲ့သူ၊ သူ့ခံစားချက်နဲ့ သူမှန်ပါတယ်၊ ဒါ ငါ.....ငါ့ကိုယ်ငါ ဖြေပြီးတွေးပေးတာ မဟုတ်သလို၊ ကိုလူကြီးကို အားနာလို့ ဖြေတဲ့အဖြေမျိုးလည်း မဟုတ်ဘူး၊ လူတွေဟာ တစ်ယောက်နဲ့တစ်ယောက် မတူကြဘူးလေ၊ ခံယူချက်တွေ၊ ခံစားချက်တွေ မတူမှတော့ သူမှန်တယ်၊ ငါများတယ်လည်း ငြင်းနေလို့ မရတော့ဘူး၊ လူတိုင်းဟာ အမှန်တစ်ခုစီလောက်တော့ ပိုင်ဆိုင်ကြပါတယ်"

"တဖြည်းဖြည်း မြင့်သွားပြီ၊ နည်းနည်း tone ပြန်လျှော့"

မော်က ပြုံးစစနှင့် နောက်သည်။ Crystal ရယ်သာနေလိုက်သည်။

နွေအေးကတော့ စဉ်းစားဟန်နှင့် မေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"Crystal"

"ပြောလေ....."

"နင့်အတွက်ကတော့ ကိုလူကြီးလို ချစ်တဲ့သူ ထပ်မတွေ့နိုင်တော့တာ သေချာသွားပြီပေါ့"

"သေချာတယ်"

"အဲဒီသေချာမှုကို ဘာနဲ့ သက်သေပြမလဲ"

"အချိန်နဲ့"

စကားဝိုင်းက ခဏတိတ်သွားပြန်သည်။ အတန်ကြာမှ 'မော်'ကပင် စကားပြန်စ၏။

"အဲဒီ မြတ်နိုးဆိုတာကို မြင်ဖူးချင်လိုက်တာ"

"အေးနော်"

မော်၏စကားကို နွေအေးကလည်း ထောက်ခံ၏။ ဖြူကတော့.....

"အဲဒါ နာမည်အရင်း မဟုတ်ဘူးဆို" ဟု ဝင်မေးသည်။ မော်က ဖြေ၏။

"ဟုတ်တယ်၊ နာမည်အရင်းမဟုတ်ဘူးတဲ့၊ ကိုလူကြီးက အဲဒီလို ခေါ်တာတဲ့"

"အဲဒီလိုခေါ်တာကို တစ်ဖက်က လက်ခံလား"

ဖြူက အရေးထဲ စပ်စပ်ပေါက်ပေါက် မေးနေသေးသည်။

"ဘယ်သိပါ့မလဲ၊ လက်ခံလို့ ခေါ်တာနေမှာပေါ့"

"အင်း.....အဲလို လက်ခံတယ်ဆိုရင်တော့ ကိုလူကြီး အခြေအနေ ကောင်းမှာပါ"

Crystalက ထိုသို့မှတ်ချက်ကို ဝင်ချ၏။ မော်ကတော့ ခေါင်းကလေးခါကာ ပြောသည်။

"အခြေအနေက ကောင်းမကောင်းတော့ မသိဘူး၊ ကိုလူကြီး



www.burmeseclassic.com

www.burmeseclassic.com



အခြေအနေက သိပ်မကောင်းတာကတော့ သေချာတယ်''

''ဒါက နှင်ထင်တာကိုး''

နွေအေးက ဝင်ပြော၏။

''ထင်တာမဟုတ်ဘူး၊ မြင်တာ''

''ဒါပေမဲ့ဟာ တစ်ချိန်ကျ ငြိမ်သက်သွားမှာပါ''

Crystal က ထိုသို့ ဝင်ပြော၏။ ဒါကို မော်က လက်မခံ.....။

''နှင်က ဘာလို့ ပြောနိုင်ရတာလဲ''

''ဩော် သိပ်တော့ ထူးထူးခြားခြားကြီးတော့ မဟုတ်ဘူး၊ သူ ဒီလောက် တကယ်လေးနက်နေတယ်ဆိုရင် ငါ့လိုပဲ သူလည်း ငြိမ်းအေး သွားတဲ့ အဆင့်တစ်ဆင့်ကို ရောက်သွားမှာပါ''

''သူ့ချစ်သူကို နှင့်လိုပဲ ရင်ထဲသိမ်းထားလိုက်တာမျိုးကို ဆိုလိုတာ လား''

''ဒါပေါ့''

''မျှော်လင့်ရတာပေါ့လေ''

ကိုယ်နှင့်မဆိုင်ပါပဲ စစ်စစ်ပေါက်ပေါက် ဆွေးနွေးမိကြသည်။ သံယောဇဉ်ဆိုသည်ကလည်း မထားတာက ကောင်းသည်။ ထားမိလျှင် ဘယ်လို သံယောဇဉ်မျိုးပဲဖြစ်ဖြစ် ပူလောင်တတ်သည်ပဲ။ ခုပဲကြည့်လေ.....သံယောဇဉ်ထားမိသော သူငယ်ချင်း၊ မိတ်ဆွေအတွက် စိတ်ချမ်းသာစေချင်သော စေတနာနှင့် သူတို့ ပူပင်နေကြရသည် မဟုတ် လား.....။

''နေပါဦး၊ ငါတစ်ခု သတိရလို့ မေးဦးမယ်''

မေးခွန်းတွေ ထွက်မလာတတ်သော နွေအေးပါးစပ်က မေးခွန်း အားလုံးက စိတ်ဝင်တစား ဖြစ်သွားရသည်။

''ဒီတစ်ယောက်ကို တကယ်လေးနက်စွာ ချစ်သွားလို့ ငြိမ်းအေး



www.burmeseclassic.com

www.burmeseclassic.com



သွားမယ်လို့ မျှော်လင့်ရင် ယုကို သူချစ်ခဲ့တာကရော မလေးနက်လို့လား"

အစကတော့ မေးခွန်းကို အားလုံးက ငံ့လင့်နေပြီးမှ..... ခက်ခဲသော မေးခွန်းဖြစ်နေတော့ ဖြူနဲ့မော်၏ အကြည့်များက Crystal ထံ ရောက်လာသည်။ 'နှင်ဖြေ' ဆိုသော အကြည့်များဖြစ်သည်ကို Crystal နားလည်၏။ မတတ်နိုင်ပါ။ ဖြေရတော့မည်ပေါ့။ ကိုယ်က စထားမိပြီးပြီကိုး.....။

"သူ ယုကို ချစ်တာလည်း လေးနက်မှာပါ၊ ဒါကြောင့်လည်း သူ ခံစားခဲ့ရတာပေါ့"

"ဒါဆိုရင်"

"အချစ်ခြင်း မတူဘူး"

"ဘယ်လို မတူတာလဲ"

"ငါ့အမြင်ကို ပြောရမှာနော်"

"ပြောပါ"

"ယုကိုက သူပိုင်ဆိုင်ရမယ်လို့ မျှော်လင့်ထားပြီးမှ မပိုင်ဆိုင်ရတော့ ခံစားရတာပေါ့၊ ခု ဒီမြတ်နိုးဆိုတာကိုကျတော့ ဒီလောက် သူ စဉ်းစားတွေးတောနေရင် မပိုင်ဆိုင်ရလည်း ဖြေသာမယ့်ပုံပဲ"

"ဒါက နင့်အထင်လေ"

"အေးလေ...၊ အစတည်းက ငါ့အမြင်ကို ပြောမယ်လို့ပဲ ပြောခဲ့တာပါ၊ ထပ်တူကျချင်မှတော့ ကျမှာပေါ့၊ 'ခံစားချက်' ဆိုတာကိုက နားလည် ရခက်လောက်အောင် သိပ်သည်း အနုစိပ်တတ်တာမျိုးကိုး။ ငါ့အနေနဲ့က တော့ သူ့ခံစားချက်ကို မြင်ယောင်နားလည်ပေးနိုင်တာပဲ ရှိမယ်၊ ဟုတ်ချင်မှ ဟုတ်မှာပေါ့၊ နီးစပ်ချင် နီးစပ်မှာပေါ့၊ ထပ်တူကျရမယ်လို့ မဆိုလိုဘူးလေ"

"ဟုတ်ပါတယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



နွေအေးက တကယ်နားလည်သည်လား၊ နားရှုပ်သွား၍လား မသိ ထောက်ခံချက်ကို ခပ်သွက်သွက်ပေးသည်။ Crystal ကတော့ စဉ်းစားနေမိသည်။ အရေးအကြီးဆုံးက အပြင်းအထန် ခံစားနေရသည်ဟု ထင်သောအခဆင့်တစ်ဆင့်ကို ပုံမှန်လေး ဖြတ်ကျော်သွားနိုင်အောင် ကြိုးစားဖို့ပဲ ဖြစ်သည်။ ထိုအဆင့် ပြီးသွားလျှင်တော့ အရာရာသည် အပြောရောင် အတိ.....။ ဖြတ်ကျော်ဖို့ဆိုတာကလည်း ပြော၍သာလွယ်သည်။ လူက တော့ လိုက်ရန်မလွယ်တာ Crystalလည်း သိသည်ပဲ။ ကိုလူကြီး တစ်ယောက် ထိုအဆင့်ကို ဖြတ်ကျော်သွားနိုင်ပါစေဟုသာ အားလုံး ဝိုင်းဆုတောင်းကြရုံရှိတော့သည်။

တကယ်တော့လည်း ဆုတောင်းတိုင်းပြည့်ဖို့ဆိုတာကလည်း မလွယ်ကူနိုင်ပြန်.....။ လူ့ဘဝသည် ခက်ခဲနက်နဲ ရှုပ်ထွေး သိမ်သည်းလွန်း လှလေသည်။

''နှင်းငွေ့ပါတဲ့ လေပြည်တစ်စ
ဖြတ်သန်းတိုက်ခတ်လာခဲ့ကြရင်.....
ငါ့ရင် အေးချမ်းသွားခဲ့မှာပေါ့တွယ်။
အဲဒီလေပြည်ကို
ငါ ဘယ်လို စောင့်ခဲ့ရတယ်ဆိုတာကိုတော့.....
ဘယ်သူ့မှသိဖို့ လိုမယ်မထင်ပါဘူး''

❖❖❖



www.burmeseclassic.com

www.burmeseclassic.com



## (၁၅)

ဒီနေ့ တနင်္ဂနွေမို့ Crystal အိမ်တွင် လူစုံတက်စုံ ရောက်နေကြသည်။ ထုံးစံအတိုင်း တစ်ခုခုလုပ်စားရင်း နားကြ၊ အပမ်းဖြေကြဖို့သက်သက်ဖြစ်သည်။

"ဒီနေ့ ဘာစားရမှာလဲ"

ဖြူက Crystal ရှိရာ အိမ်နောက်ဖေးသို့ အော်ဟစ်ရင်းဝင်လာ၏။ Crystal ဘာမှမဖြေလိုက်ရ၊ သူ့ဘာသာသူ ပြင်ဆင်ထားသော အရာများကို ကြည့်ကာ ထခုန်၏။

"ဟာ.....ကောင်းတယ်၊ ဟော့ပေါ့စားရမှာ"

ဖြူ့အသံကြောင့် အိမ်ရှေ့မှာလည်း ဆူညံသွားရသည်။

အားလုံးအဆင်သင့်ဖြစ်တော့မှ ကိုရွှေလူကြီးမင်းက တစ်စေ့နိုးထတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"Crystal"

"ဟင်"

"ထမင်းချက်လား"

"အင်း.....ချက်ပါတယ်"

"ငါ ထမင်းစားမယ်"

"အာ.....ဟော့ပေါ့မကြိုက်ဘူးလား"

"အင်း...မကြိုက်ဘူးလား"

"ဒါဆိုလာ Crystal ထမင်းကြော်ပေးမယ်၊ ဟင်းတော့ မရှိဘူး"

"ရတယ်၊ အဆင်ပြေသလိုလုပ်"

အိမ်ရှေ့တွင် ဝိုင်းထိုင်နေသောသူများကို စားနှင့်ရန် ပြောပြီး Crystal အိမ်နောက်ဖက် ဝင်ခဲ့ရသည်။ လူကြီးမင်းက လိုက်လာပြီး.....

"ကျွန်တော် ဘာလုပ်ပေးရမလဲ"

"ရတယ်၊ ကြက်အူချောင်းနဲ့ ကြော်ပေးမယ်၊ ကြိုက်လား"

"ကြိုက်ပါတယ်"

Crystal ကပြင်ဆင်နေစဉ်မှာပဲ လူကြီးမင်းက စကားတစ်ခွန်းကို ပြော၏။

"Crystal"

"ရှင် ကိုလူကြီး၊ ဘာလိုလဲ"

"ဘာမှမလိုဘူး၊ မေးစရာရှိတာ"

"မေးလေ"

"Crystal ကိုကိုမောင့်ကို ခုထိချစ်တုန်းပဲလား"

Crystal ရုတ်တရက် လှည့်ကြည့်၏။

"ဘာလို့မေးတာလဲဟင်"

"သိချင်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း.....ဟုတ်တယ်၊ ခုထိချစ်တုန်းပဲ"

"ဘယ်တော့မှ မပြောင်းလဲတော့ဘူးပေါ့နော်"

"မပြောင်းလဲပါဘူး"

"ဒါဆိုရင် ကျွန်တော့်ပြောင်းလဲမှုကိုရော ဘယ်လိုမြင်လဲ"

Crystal တအံ့တဩ လှည့်ကြည့်ပြန်သည်။

"ဘယ်လိုမြင်ရမှာလဲ ကိုလူကြီးရဲ့ ပြောခဲ့ဖူးတယ်လေ၊ ကိုယ်က တမင်ပြောင်းလဲပစ်လိုက်တာမှ မဟုတ်တာ၊ သူ့ဘာသာသူ ပြောင်းလဲသွားတာပဲ၊ Crystal နားလည်ပါတယ်၊ ကိုယ်နဲ့ အယူအဆမတူတိုင်း Crystal မရှုံ့ချတတ်ပါဘူး"

"ဒါပေမဲ့ ကျွန်တော့်ပြောင်းလဲမှုက transformation သက်သက်ပဲသိလား၊ ပြောင်းလဲသွားတာပဲ ရှိတယ်၊ ဘာမှ ဖြစ်လာနိုင်မှာ မဟုတ်ဘူးဆိုတာ ကျွန်တော် သိနေတယ်"

"သိနေတယ်...ဟုတ်လား၊ ဘာလို့သိနေတာလဲ"

"အလိုလိုသိနေတာ"

Crystal က သက်ပြင်းလေးကို အသာချကာ လှည့်လာပြန်၏။

"သိနေရင်လည်း ကိုလူကြီး ဘာလုပ်ရမယ်၊ ဘယ်လိုနေရမယ်ဆိုတာ စဉ်းစားတော့လေ....."

"ကျွန်တော် စဉ်းစားနေပါတယ်"

"အဖြေရပြီလား"

"ဒါကြောင့် Crystal ကို ကျွန်တော်သိချင်တာတွေ မေးနေတာ"

"အထောက်အကူဖြစ်လို့လား"

"အင်း.....ဖြစ်တယ်"

"ဒါဆို"

Crystal က မျက်လုံးလေးထောင့်ကပ်ကာ မေး၏။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် Crystal လိုပဲ ကျွန်တော့်ချစ်သူကို ရင်ထဲမှာပဲ သိမ်းထားဖြစ်လိမ့်မယ် ထင်ပါတယ်"

"ဟင်...စစ်မျက်နှာပြင် မဖွင့်ရသေးဘူး၊ မြားကုန်နေပြီလား"

"ဖွင့်ဖို့မလိုတာ ကျွန်တော် သိနေပြီလေ"

"ဟုတ်လား၊ ဘာလို့လဲ"

"ကျွန်တော် စစ်မျက်နှာဖွင့်ဖို့ထိ မတွေးရက်တဲ့ မြို့တော်ကလေး ဖြစ်နေလို့ပေါ့"

Crystal လူကြီးမင်းကို ကရုဏာသက်စွာ ကြည့်လိုက်သည်။ လူကြီးမင်းကတော့ Crystal ချပေးသော အငွေ့တထောင်းထောင်း ထနေသည့် ထမင်းကြော်ပန်းကန်ကို ငေးကြည့်နေသည်။

"ခဏနေကျရင်တော့ သူလည်း အေးသွားမှာပဲ"

ထမင်းကြော်ပန်းကန်ကို မေ့ဆတ်ပြကာ အဓိပ္ပါယ်ပါသော စကားကို ဆို၏။

"ကောင်းပါတယ်၊ Crystal ကလည်း ကိုလူကြီးကို အေးချမ်းစေချင်တာပါပဲ"

"ကျွန်တော် Crystal လိုဖြစ်အောင် ကြိုးစားကြည့်နေပါတယ်"

"အောင်မြင်ပါစေ"

ကျွန်တော်တို့ အိမ်ရှေ့ပြန်ရောက်တော့ အိမ်ရှေ့မှာက တော်တော် လေး အဆင်ပြေနေကြပြီ။ အငွေ့တစ်ထောင်းထောင်း ထနေခဲ့သော ဟော့ပေါ့အိုးပင် အငွေ့သေစပြုနေပြီ.....။ အရာရာသည် အချိန်တန်လျှင် ထိုသို့ အေးခဲငြိမ်သက်သွားတတ်မြဲလား။ မီးတောင်များပင် နှစ်ပရိစ္ဆေဒ ကြာလျှင် သေဆုံးသွားနိုင်သည်ပဲကွယ်.....။ ထိုညက ကျွန်တော် တအင် သက်သက်ပင် သီဟအိမ် လိုက်အိပ်လိုက်သည်။

"သီဟ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ"

"ပြောစရာရှိတယ်၊ သီလား"

"ပြော...ဘာလဲ၊ သတင်းထူးလား"

"ထူးတာထက် မင်းတို့ စိတ်ချမ်းသာမယ့် သတင်းမျိုးဆိုပါတော့"

"ဟုတ်လား၊ ကောင်းလိုက်တာ၊ ပြောစမ်းပါဦး၊ လက်ဖက်ရည်ဆိုင် ဖွင့်တော့မှာလား"

ခုထိ မမေ့သေး၍ ကျွန်တော် ပြုံးလိုက်မိသည်။

"လက်ဖက်ရည်ဆိုင်ဖွင့်တာထက်ကို ကောင်းတဲ့သတင်းပါ"

မိုဇော်ကလည်း အနားသို့ စွေ့ခနဲရောက်လာ၏။

"ပြောလေ"

"ငါ Crystal လိုပဲ ငြိမ်းအေးအောင်နေတော့မယ်လို့ ဆုံးဖြတ်လိုက်ပြီ"

"ဘယ်လို ဘယ်လို....."

သီဟာက မယုံသလို ပြန်မေး၏။

မိုးဇော်ကတော့ ခေါင်းခါကာ ပြောသည်။

"ဆုံးဖြတ်လိုက်ရုံနဲ့ နေလို့ရရောလား"

"ရအောင် ကြိုးစားကြည့်လိုက်တာပါ"

"ဘာလို့လဲ"

"မဖြစ်နိုင်ဘူးလေ"

"မဖြစ်နိုင်ဘူးဆိုတာ သေချာလို့ ကြိုးစားလိုက်တာလား"

"ဒါလည်းပါတယ်၊ ဖြစ်နိုင်တောင် ငါ့အများကြီး စဉ်းစားရဦးမှာလေ၊ ခုတော့ စဉ်းစားစရာ မလိုတော့ဘူး"

"မင်း ကောင်မလေးဘက်က သဘောထားကိုရော မစဉ်းစားခေါက် တော့ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



သီဟက မျှော်လင့်ချက်နှင့် မေးပြန်သည်။ ဖြစ်စေချင်တုန်းက လည်း သူတို့.....။ ဖြစ်အောင်နေတော့မယ်ဆိုတော့လည်း မဟုတ်ပြန်.....။ သူတို့ပဲ အမျိုးမျိုးဟု ကျွန်တော် မဆိုချင်ပါ။ သူတို့သည် ကျွန်တော့်အတွက် ကျွန်တော့်ကို ချစ်သည့်စိတ်နှင့် ပြောနေခြင်းဖြစ်သည်ကို ကျွန်တော် သိပါသည်။ ကျွန်တော်က နိုင်မှာ သေချာလျှင်တောင် မသိမ်းပိုက်ချင်သည့် မြို့တော်ကလေးအကြောင်း သူတို့ကို တဖွဲ့တနွဲ့ ပြောပြမနေချင်ပါ။ ကျွန်တော့် မြို့တော်ကလေး အေးချမ်းမှုသည် ကျွန်တော့် အေးချမ်းမှု ပင်ဖြစ်သည်ဟု ကျွန်တော် ခံယူလိုသည်။ သီဟ၏ အမေးကို ခေါင်းသာ ခါပြလိုက်မိသည်။

"ဘာလို့လဲ"

"တစ်ချို့အရာတွေက ပြောမှသိရတာ မကောင်းဘူး၊ မပြောဘဲ သိမ်းထားတာက ပိုတန်ဖိုးရှိတယ်၊ ဒါကြောင့် Crystal လိုပဲ အဲဒီအပိုင်းလေး ကိုပဲ ဖြတ်တောက် သိမ်းဆည်းထားလိုက်တာ"

"အောင်မြင်မယ် ထင်တယ်ပေါ့"

"အောင်မြင်အောင် ကြိုးစားမှာပါ"

နှစ်ယောက်လုံး နားလည်မှုနှင့်လား၊ နားမလည်မှုနှင့်လား မသိ။ အသံတိတ်သွားကြသည်။ ကျွန်တော်အာရုံတွင်တော့ ကျွန်တော်ချစ်သော မြို့တော်ကလေး ငြိမ်းအေးရှင်သန်လို့၊ ကျွန်တော်က သူ့ကို ငုံ့မိုးပေးထား သော ကောင်းကင်ကြီးပဲ ဖြစ်ချင်တော့သည်လေ.....။မြို့ကလေးကို အုပ်စိုး သူ မဖြစ်ချင်ပါ။ မြို့ကလေးက မိုးရေမိုးစက်တွေကိုလိုလျှင် ကျွန်တော် ငိုပေးမည်။ နေရောင်ခြည်ကိုလိုလျှင် ကျွန်တော် အရောက်ဆောင်ကျဉ်း ပေးမည်။ နှင်းစက်တွေကို မက်မောလျှင် ဖြန်းပက်ကြဲချပေးမည်။ သူ ဘာကိုမှ အလိုမရှိတော့လျှင်တော့ ကျွန်တော် တိတ်ဆိတ်ငြိမ်သက် နေရုံ.....။



www.burmeseclassic.com

www.burmeseclassic.com



မေတ္တာ၏အေးမြခြင်းကို သင်ကြားပေးခဲ့သောသူအား ကျွန်တော် ကျေးဇူးတင်ပါသည်။ ကံကြမ္မာသည် ကျွန်တော့်ကို လှည့်ပတ် ဆောင်ကျဉ်းသွားခဲ့သော်လည်း ကျွန်တော့် ခရီးလမ်းဆုံးက အေးမြသည့်အတွက် ကျွန်တော် ကျေနပ်ပါသည်။ အားလုံးလည်း ကျွန်တော့်အတွက် အေးမြကြပါလိမ့်မည်ဟု ကျွန်တော် ယုံသည်။

''မြို့တော်ကလေးရေ.....
မင်းကိုင့်မှိုးပေးနေတဲ့ မျက်ရည်စက်တွေကို
မင်း လိုသလိုသုံးပါ.....
ငါနှလုံးသားက ဖြာကျလာမယ့်နေရောင်ခြည်နဲ့.....
မင်း နွေးထွေးနေခဲ့ပါစေ.....
ဖြူလင်းဖွင့်ဝေနေတဲ့ နှင်းစက်နဲ့အတူ
မင်း အေးမြနေခဲ့ပါစေ.....
မင်းနဲ့ တိုက်ဆိုင်ခွင့် ဝေးကွာသွားတဲ့နေ့ရက်တွေမှာ
ငါ အေးချမ်းနေခဲ့ချင်လို့ပါ.....''



www.burmeseclassic.com

www.burmeseclassic.com



# Diary

# 2003

Lu Gyi Min

www.burmeseclassic.com

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com



နောက်ဆုံးစာမျက်နှာ.....

ငါဖြတ်နိုးတဲ့ မြို့တော်လေးရေ့.....

ဘုရားပေးတဲ့ နည်းလမ်းတစ်ချို့နဲ့ ငါ

ငြိမ်းအေးဖို့ ကြိုးစားနေခဲ့ပါတယ်.....

လောကမှာ.....

နာကျင်မှုကို 'ဆေး' ဖြစ်စေတဲ့နည်းနဲ့ ငါ့ကို

ပြောင်းလဲပေးနိုင်ခဲ့တဲ့အတွက်.....

ငါ့နေ့ရက်တွေ.....

လင်းဝေလာခဲ့ပြီး.....

ဘဝရဲ့ နောက်ဆုံးစာမျက်နှာတွေထိ.....

မင်း အေးမြနေပါစေ.....။



www.burmeseclassic.com

www.burmeseclassic.com



စာမျက်နှာ (၁၁).....

မြတ်နိုးရတဲ့မြို့တော်တလေးရေ.....

တကယ်တော့.....

လောကမှာ ကိုယ့်ကိုယ်ကို စစ်ဆေးရတာ အခက်ခဲဆုံးပါပဲ.....။

ကိုယ့်အသာကိုယ် မေးခွန်းထုတ်.....

ကိုယ့်အသာကိုယ် ဖြေဆို.....

ကိုယ့်ကိုယ်ကို အမှတ်ပေးခဲ့ရတဲ့ စာမေးပွဲမှာတောင်

ငါ မအောင်မြင်ခဲ့ရင်.....

ငါ့လောက် ညံ့ဖျင်းတဲ့သူရှိတော့မှာ မဟုတ်ဘူး.....။

ငါ့အတွက် အချိန်တွေ ရေသွားခဲ့ပြီ.....

ငါ့စာမျက်နှာပေါ်က မဖြင်ရတဲ့စာလုံးတွေ.....

မင်းအတွက် သက်သေပါပဲ.....။

သေချာတယ်.....

မင်း သိရုံသက်သက်လောက်လေး.....

ကိုယ်ချစ်တာမဟုတ်ဘူးဆိုတာ.....။



www.burmeseclassic.com

www.burmeseclassic.com



စာမျက်နှာ(၁၀).....

ကိုယ့်ရဲ့ မြို့တော်ကလေးရေ.....
ကိုယ်မှားခဲ့တာသေချာလား.....
ကိုယ်မှန်ခဲ့တာရော သေချာသလား.....
ခု လက်ရှိ ကိုယ်ရောက်နေတဲ့နေရာဟာ.....
အမှားတွေနဲ့ အမှန်တရားလား
အမှန်ထင်ရတဲ့ အမှားတွေလား.....
သိပ်တော့ဖြင့် မသေချာသေးပါဘူး.....။
သေချာတာတစ်ခုက.....
ကိုယ့်ဆီ ခုမှရောက်လာတဲ့ မေတ္တာတရားပါ.....။



www.burmeseclassic.com

www.burmeseclassic.com



စာမျက်နှာ(၉).....

ကိုယ်မြတ်နိုးရတဲ့ မြို့တော်ကလေးရေ.....
ဖြစ်နေတာတွေကို ဖြစ်သင့်လို့ ဖြစ်ခွင့်ပေးလို့ရစတမ်းဆိုရင်လေ.....
ကိုယ့်တောင်းကင်မှာ နက္ခတ်လှလှတွေလင်းဖြာနေခဲ့မှာပေါ့.....။
ခုတော့.....
ကိုယ့်မှာ အသက်ရှူတွေကြပ်.....
နှလုံးသားတွေ တဆတ်ဆတ်နဲ့.....
မတ်မတ်ရပ်ဖို့တောင် ခက်ခဲလို့.....။
ငါ့အပေါ် သည်းသည်းမည်းမည်း ရွာချနေခဲ့ဖူးတဲ့ မိုးရယ်
ငါ ကံဆိုးခဲ့တာ သေချာသလား.....။



www.burmeseclassic.com

www.burmeseclassic.com



စာမျက်နှာ(၈).....

တန်ဆောင်ရတယ်ဆိုကတည်းက.....
တကယ်ဖြစ်တည်နေခဲ့တာမှ မဟုတ်တာ.....
နာရီမှားနေတဲ့ သံစဉ်တွေနဲ့.....
ကယောင်ခြောက်ခြား ရေးဖွဲ့ထားခဲ့တဲ့သီချင်းဟာ.....
ငါ ကိုယ်တိုင်ပဲလား.....
မြတ်နိုးရတဲ့ မြို့တော်ကလေးရေ.....
သံစဉ်တေးသွားတွေ ဝေးလွင့်သွားတဲ့အခါ.....
ရင်ထဲမှာ ဘာကျန်ခဲ့မလဲ.....॥



www.burmeseclassic.com

www.burmeseclassic.com



စာမျက်နှာ(၇).....

မြို့တော်ကလေး 'မြတ်နိုး' ရေ.....
ငါဟာ ရှင်ပြန်ထမြောက်ခဲ့တယ်လို့.....
ကိုယ့်ကိုယ်ကို ထင်ခဲ့သူပါ.....
ဘဝတူးကောင်း၊ မကောင်း မသေချာတာတစ်ခုပါပဲ.....။
မင်းရဲ့သစ္စာတရားနဲ့ ထူးခတ်.....
မတ်မတ်ရပ်နိုင်ခွင့် ရခဲ့ချင်ပါတယ်.....
ဒါပေမဲ့ကွယ်.....
တိမ်တိုက်တွေရဲ့ ရာသီဥတုကို.....
ငါ ဘယ်လိုမှ မခန့်မှန်းတတ်ခဲ့ဘူး.....။



www.burmeseclassic.com

www.burmeseclassic.com



စာမျက်နှာ(၆).....

မြတ်နိုးရတဲ့ မြို့တော်မလေးရေ.....
ကိုယ့်ရှင်ပြန်ထမြောက်ရာနေ့ ဆိုတာကို.....
သူတို့ တွေ့ရှိသွားခဲ့ကြပြီ.....။
ကိုယ် ဘာကြောင့် ရှင်ပြန်ထမြောက်ခဲ့ရလဲ.....
ကိုယ်ပဲသိပါတယ်.....
အဲဒီလို သိဖို့ကိုပဲ.....
ကိုယ့်ကိုယ်ကို ခုံရုံးတင်ခဲ့ရတာ.....
တရားခံဟာ ကိုယ်ကိုယ်တိုင်ပါပဲကွယ်.....။
မုန်တိုင်းလည်း မုန်တိုင်းအလျောက်
ထွက်ပေါက်တစ်ခုတော့ ရှိသင့်ပါတယ်လေ.....။



www.burmeseclassic.com

www.burmeseclassic.com



ဆုချက်နှာ(၅).....

မြတ်နိုးရတဲ့ မြို့တော်ကလေးရေ.....
ကိုယ့်အပေါ်ဖြူတ်ကျလာတဲ့
ကြေးဝါသောကလေးရဲ့အရှင်သခင်ဟာ မင်းပါပဲ.....
မင်းရဲ့ လျှို့ဝှက်လမ်းတွေကိုကွေ့ပတ်.....
မင်းမြို့တော်ကို ငါ ဖြတ်သန်းခွင့်ရခဲ့ချင်ပါရဲ့.....။
ဒါပေမဲ့တွယ်.....
ကြည့်နေရင်းက.....
အနာဂါတ်တွေဟာ ဝေဝါးမှုန်ဖျော့လာတယ်.....
မှုန်ပြင်တွေဟာ.....
နာကျင်မှုတွေကိုလည်းဝေးတတ်သတဲ့
ကေးဝဠ်ပုဏ္ဏားလို အမှာ့ရှုတ်ကိုမြင်မိတဲ့အခါမျိုးမှာပေါ့.....။



www.burmeseclassic.com

www.burmeseclassic.com



စာမျက်နှာ(၄).....

မြို့တော်ကလေးရေ.....

တကယ်ဆို

ကိုယ်က မင်းကလွဲရင်.....

ဘာကိုမှ မသိချင်တော့တာအမှန်ပါ.....။

သေချာမှုဆိုတာတွေကို.....

ကိုယ်မယုံဘူး.....

မသေချာမှုဆိုတာတွေကို.....

ကိုယ်မုန်းတယ်.....

အားလုံးကို.....

ကိုယ် အပ္ပေးလိုက်ပါတယ်.....။



www.burmeseclassic.com

www.burmeseclassic.com



စာမျက်နှာ(၃).....

မြတ်နိုးရတဲ့ မြို့တော်လေးရေ.....
ကိုယ်တာ မှားယွင်းမှုရဲ့အစကို စတွေ့ခဲ့တာလား.....
စစ်မှန်မှုရဲ့ရသကို ခံစားလိုက်မိတာလား.....
သေချာတာကတော့ ကိုယ်လမ်းမှားလျှောက်ခဲ့တာ
.....မဟုတ်ဘူး ဆိုတာပါပဲ.....။
ကိုယ့်ကို ငြိမ်းအေးအောင် ကုစားနိုင်ခဲ့တဲ့သူဟာ.....
မင်းပါပဲ.....။
ကိုယ့်ရဲ့ နေ့ရက်တွေကို ပြောင်းပြန်လှန်ပစ်လိုက်နိုင်သူဟာ
မင်းပါပဲ.....။
ဒါတွေကို ရင်ထဲကသိရက်နဲ့
သေချာမှုကို အရှုံးအမှုံးလိုက်ရှာနေမိတာ.....
ကိုယ့်အမှားလား.....။



www.burmeseclassic.com

www.burmeseclassic.com



စာမျက်နှာ(၂).....

ရင်ထဲက မြို့တော်ကလေးရေ.....
ကိုယ် အတန်တန် ကြိုးစားစစ်ဆေးခဲ့တာပါ.....
အဖြေကိုသိရက်နဲ့ တွက်ချက်မရခဲ့ဘူး.....။



www.burmeseclassic.com

www.burmeseclassic.com



စာချက်နှာ(၁).....

**Crystal.....**

မင်းဟာ ငါ့ကိုပြန်တည်ဆောက်ပေးတဲ့
ငါ မြတ်နိုးရတဲ့.....
မြို့တော်ကလေးဖြစ်တယ်.....
ငါ ပြန်ရှင်သန်ခွင့်ရတဲ့အတွက်.....
ကျေးဇူးပါပဲ မြတ်နိုးရတဲ့ ကောင်မလေးရေ.....။
ငါ့ရဲ့ ရှင်ပြန်ထမြောက်ရာနေ့မှာ.....
ဒီ ဒိုင်ယာရီကို ငါ စရေးခဲ့တယ်.....။

BURMESE CLASSIC

(လူကြီးမင်း)



www.burmeseclassic.com

www.burmeseclassic.com



ချိတ်ပိတ်သိမ်းဆည်းထားသော
ဒိုင်ယာရီစာအုပ်တစ်အုပ်......
ကမ္ဘာမြေကြီး၏တစ်နေရာတွင် တကယ်ရှိနေခဲ့ဖူးသည်။
အချို့သောအရာများသည်......
ဖွင့်ဟမပြသောအခါ
ပိုမိုနိုင်မာတန်ဖိုးရှိလာကြသည်......။
သက္ကရာဇ်များသည်လည်း
တန်ဖိုးများ၏ ပြယုဂ်များဖြစ်ပေတော့သည်။

မနော်ဟရီ

2nd, Sept' 2004



www.burmeseclassic.com